# ကြေးမုံ

The Mirror Daily

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၂ ရက်၊ စနေနေ့။ Saturday, 20 December 2025 ၁၂၀၃၇


**ကောင်းမှုကို ပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။




# ဘက်ထရီလျှပ်စစ်စက်ခေါင်းအသုံးပြုပြီး မန္တလေး-လားရှိုးလမ်းပိုင်းရှိ ပြင်ဦးလွင်-ဇီးပင်ကြီး-ပြင်ဦးလွင် ရထားခရီးစဉ်နှင့် RBE ရထားဖြင့် ပြင်ဦးလွင်-ဂုတ်ထိပ်-ပြင်ဦးလွင် ခရီးစဉ် စတင်ပြေးဆွဲ

**နေပြည်တော် ဒီဇင်ဘာ ၁၉**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် အများပြည်သူလူထု ရထားဖြင့်ခရီးသွားလာမှု အဆင်ပြေချောမွေ့စေရေးအတွက် ရထားလမ်းပိုင်းအသီးသီးတွင် လူစီးရထားခရီးစဉ်များကို စီစဉ်ပြေးဆွဲပေးလျက်ရှိရာ မန္တလေး-လားရှိုး လမ်းပိုင်းရှိဇီးပင်ကြီး-ပြင်ဦးလွင်-ဂုတ်ထိပ် လမ်းပိုင်းတွင်ဘက်ထရီလျှပ်စစ်စက်ခေါင်း(BEL)အသုံးပြုပြီး အမှတ်(၁၃၁)အဆန် ဇီးပင်ကြီး-ပြင်ဦးလွင်၊ အမှတ်(၁၃၂)အစုန် ပြင်ဦးလွင်-ဇီးပင်ကြီး ရထားခရီးစဉ်နှင့် RBE ရထားဖြင့် ဂုတ်ထိပ်(၁) ပြင်ဦးလွင်-ဂုတ်ထိပ်၊ ဂုတ်ထိပ်(၂) ဂုတ်ထိပ်-ပြင်ဦးလွင် ရထားခရီးစဉ်များကို ယနေ့မှစ၍ ပြေးဆွဲပေးခဲ့ပြီး အပတ်စဉ် စနေ၊ တနင်္ဂနွေ ရက်များတွင် ပုံမှန်ပြေးဆွဲပေးသွားမည်ဖြစ်သည်။ **စာမျက်နှာ ၅ ကော်လံ ၁ သို့ ❍**

## ယနေ့ ဖတ်စရာ


**စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲ မတ်လတွင် ကျင်းပစစ်ဆေးသွားမည်** စာမျက်နှာ » ၂

**ရုရှား - မြန်မာ သဘာဝ ရှက်ဖျန်းမြေဩဇာစက်ရုံ ပန္နက်တင် မင်္ဂလာအခမ်းအနား ကျင်းပ** စာမျက်နှာ » ၄

**ဒစ်ဂျစ်တယ်ခေတ်မှာ မြန်မာ့ MSMEs တို့ ကမ္ဘာနဲ့ ရင်ပေါင်တန်းစေဖို့** ဆောင်းပါး စာမျက်နှာ » ၆

**မန္တလေးတိုင်းဒေသကြီးအတွင်း ကြိုတင်ဆန္ဒမဲပေးခြင်း လုပ်ငန်းစဉ်များ စတင်ဆောင်ရွက်** စာမျက်နှာ » ၇

**ဘားအံမြို့၌ ကရင်သက္ကရာဇ် ၂၇၆၅ ခုနှစ် ကရင်အမျိုးသား နှစ်သစ်ကူးနေ့ အခမ်းအနားကျင်းပ** စာမျက်နှာ » ၁၃





ကြေးမုံ

# နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုသာ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မည်

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးနောက် ကိုလိုနီနယ်ချဲ့တို့၏ သွေးခွဲခဲ့သည့် အမွေဆိုးကြောင့် တိုင်းရင်းသားညီအစ်ကိုအချင်းချင်း အထင်အမြင်လွဲမှားကာ ပြည်ထောင်စုကြီး၏ နယ်မြေဒေသအချို့တွင် လက်နက်ကိုင်ပဋိပက္ခများဖြစ်ပွားပြီး ယနေ့ထက်တိုင် တည်ငြိမ်အေးချမ်းမှုပျက်ပြားလျက်ရှိသည်။ အစိုးရအဆက်ဆက် အနေဖြင့် နိုင်ငံ့ထာဝရငြိမ်းချမ်းရေးအတွက် အလေးထားဆောင်ရွက်ခဲ့သော်လည်း ယနေ့ထက်တိုင်အောင် ထာဝရငြိမ်းချမ်းရေးနှင့် အလှမ်းမနီးသေးသည်ကို တွေ့ရမည်ဖြစ်သည်။

ခေတ်အဆက်ဆက်တွင် လွဲမှားသည့် အတွေးအခေါ်အယူအဆများနှင့် ပြည်ထောင်စုကြီးအကျိုးနှင့် တိုင်းရင်းသားပြည်သူများအားလုံးအကျိုးထက် ကျဉ်းမြောင်းသည့် ကိုယ်ကျိုးအတ္တများကို ရှေ့တန်းတင်နေခြင်းကြောင့် လက်နက်ကိုင်ပဋိပက္ခများနှင့် ဆူပူအကြမ်းဖက်မှုများသည် ယနေ့ကာလအထိ ရှည်ကြာနေပြီး မိဘပြည်သူ တိုင်းရင်းသားများ ဆင်းရဲဒုက္ခမျိုးစုံကြုံတွေ့နေသည်မှာ စိတ်မကောင်းစရာဖြစ်သည်။ အစိုးရနှင့် တပ်မတော်က နိုင်ငံ၏ပကတိအနှစ်သာရဖြစ်သည့် ပြည်တွင်းငြိမ်းချမ်းရေးနှင့် ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ပါဝင်လက်မှတ်ရေးထိုးထားသည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း ဖြစ်နိုင်သမျှ အလေးထားဆောင်ရွက်လျက်ရှိသည်။

သို့သော် အချို့သောတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် အမှန်ကို အမှန်အတိုင်း ရှုမြင်သုံးသပ်ခြင်းမရှိဘဲ လမ်းမှားပေါ်၌ပင် ဆက်လက်လျှောက်လှမ်းနေသည်ကို တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်နှင့် တပ်မတော်အနေဖြင့် ငြိမ်းချမ်းရေးအတွက် တွေ့ဆုံဆွေးနွေးမှုများကို အစဉ်အမြဲကြိုဆိုလျက်ရှိပြီး ငြိမ်းချမ်းရေးတံခါးကို ထာဝရဖွင့်လှစ်ပေးထားသည်။ ထို့ကြောင့် နိုင်ငံတော်နှင့် ပြည်သူ့အကျိုးကိုရှေးရှုလျက် ငြိမ်းချမ်းရေးလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းကြပါရန် တိုက်တွန်းအပ်ပါသည်။ နိုင်ငံတော်အနေဖြင့် မည်သို့ပင်အခက်အခဲများ၊ အနှောင့်အယှက်များရှိသော်လည်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဆက်လက်ကြိုးပမ်းဆောင်ရွက်နေသည်ကို တွေ့နိုင်သည်။

ယခုအခါ "ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထုပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး" ဦးတည်ချက်နှင့်အညီ ရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေး ဆောင်ရွက်နေပြီဖြစ်သည်။ လွတ်လပ်၍တရားမျှတသည့် ရွေးကောက်ပွဲဖြစ်စေရေး၊ မဲပေးခွင့်ရှိသူတိုင်း မဲပေးနိုင်ရေးနှင့် သိက္ခာရှိသော ရွေးကောက်ပွဲဖြစ်စေရေး အလေးထားဆောင်ရွက်လျက်ရှိသည်။ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးကလည်း ရွေးကောက်ပွဲကြီးအောင်မြင်စေရေး ဝိုင်းဝန်းပါဝင် ကူညီဆောင်ရွက်ပေးကြပါရန် တိုက်တွန်းအပ်ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ နိုင်ငံသူ နိုင်ငံသားများ၏ အခြေခံလူမှုစီးပွားဘဝများတိုးတက်စေရေး၊ လူတိုင်းကျန်းမာရေးကောင်းမွန်စေရေး၊ ပညာရေးကောင်းမွန်ပြီး အလုပ်အကိုင်များရရှိကာ လူတိုင်းဝင်ငွေရရှိစေရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်စေရေးတို့ကို ဦးစားပေးဆောင်ရွက်လျက်ရှိသည်။ တိုင်းရင်းသားပြည်သူတစ်ဦးချင်းစီ၏ လူမှုစီးပွားဘဝများ တိုးတက်မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သည်။

နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် စီးပွားရေးနှင့် ဆက်စပ်လျက်ရှိသည့် ပညာရေး၊ ကျန်းမာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်စေရေးစသည်တို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ကုန်ထုတ်လုပ်ငန်းများဆောင်ရွက်ရာတွင် အခြေခံအကျဆုံးဖြစ်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းများ တိုးတက်အောင်မြင်အောင် တွန်းအားပေးဆောင်ရွက်လျက်ရှိသည်။ အဆိုပါလုပ်ငန်းများကို တိုးတက်အောင်မြင်စေရန် ကြိုးပမ်းဆောင်ရွက်ပြီး နည်းပညာနှင့်ပေါင်းစပ်၍ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်မည်ဆိုပါက ပိုမိုအကျိုးရှိပြီး နိုင်ငံ့စီးပွားရေး တိုးတက်ကောင်းမွန်လာမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်တွင် အဓိကလိုအပ်လျက်ရှိသည့် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ လူမှုစီးပွားဘဝများတိုးတက်စေရေးနှင့် နေထိုင်ရာဒေသများတွင် လက်နက်ကိုင်ပဋိပက္ခများနှင့် အကြမ်းဖက်မှုများ ပပျောက်ရေးအတွက် ပြည်နယ်နှင့်တိုင်းဒေသကြီးများအပါအဝင် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးက စည်းလုံးညီညွတ်မှုဖြင့် ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့်ပြည်ထောင်စုကြီးတည်ဆောက်နိုင်ရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၄)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့သည် အလိုအပ်ဆုံးနှင့် အဖြစ်သင့်ဆုံး အမျိုးသားရေးရည်မှန်းချက်၊ အမျိုးသားရေးတာဝန်ဖြစ်သည့်အတွက် နိုင်ငံသားအားလုံးက ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်နိုင်ရန် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လွတ်လပ်မှုနှင့်တရားမျှတမှုကို ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ရယူအသုံးချပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အပြည့်အဝအကောင်အထည်ဖော်ရေး။

၄။ ဒေသအလိုက် သဘာဝထွက်ကုန်များကိုအခြေခံကာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များကို အားပေးမြှင့်တင်၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း တိုးတက်အောင် ဆောင်ရွက်ရေး။

## စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲ မတ်လတွင် ကျင်းပစစ်ဆေးသွားမည်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပညာရေးဝန်ကြီးဌာန**
**မြန်မာနိုင်ငံစာစစ်ဦးစီးဌာန**

**သတင်းကြေညာချက်**

**၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ( ၂၀ )ရက်**

၁။ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများတွင် စက်မှုအတတ်ပညာ၊ စိုက်ပျိုးရေး အတတ်ပညာ၊ မွေးမြူရေးအတတ်ပညာ ဘာသာတွဲများဖြင့် တတိယနှစ် (Grade 12 အဆင့်) တက်ရောက်ပညာသင်ကြားနေသော ကျောင်းသား၊ ကျောင်းသူများအတွက် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲကို ၂၀၂၆ ခုနှစ်၊ မတ်လတွင် ကျင်းပစစ်ဆေးသွားမည်ဖြစ်ပါသည်။

၂။ အဆိုပါ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုခွင့်လျှောက်လွှာများကို မြန်မာနိုင်ငံစာစစ်ဦးစီးဌာန(ရုံးချုပ်) ရုံးအမှတ် (၅၂) နေပြည်တော်နှင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာန (ရန်ကုန်ရုံးခွဲ) ပါရမီလမ်း၊ (၁၂)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့တို့တွင် **၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ (၂၂) ရက်နေ့မှစ၍** ရောင်းချပေးသွားမည်ဖြစ်ပါသည်။

၃။ ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများသည် စာမေးပွဲဖြေဆိုခွင့်လျှောက်လွှာများကို မိမိတို့ကိုယ်တိုင် ပြည့်စုံမှန်ကန်စွာ ဖြည့်စွက်၍ သက်ဆိုင်ရာ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းကျောင်းအုပ်ကြီးမှတစ်ဆင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနသို့ **၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ (၉) ရက်နေ့** နောက်ဆုံးထားလျှောက်ထားရမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံစာစစ်ဦးစီးဌာန**

## ကိုကိုးကျွန်းဒေသဖွံ့ဖြိုးတိုးတတ်ရေးနည်းပညာဆွေးနွေးပွဲကျင်းပ

**ကိုကိုးကျွန်း ဒီဇင်ဘာ ၁၉**

ကိုကိုးကျွန်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေး ကဏ္ဍနှင့် သက်ဆိုင်သောနည်းပညာ ဆွေးနွေးပွဲကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေး ဦးစီးဌာနနှင့် မွေးမြူရေးနှင့် ကုသရေး ဝန်ကြီးဌာနတို့ပူးပေါင်း၍ ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် ကိုကိုးကျွန်း မြို့နယ်ခန်းမ၌ ဒီဇင်ဘာ ၁၆ ရက်က ဖွင့်လှစ်ပို့ချသည်။

အခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးမျိုးဇော်နှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမင်းသိန်းမော်တို့က အမှာစကားပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာနနှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနတို့မှ သက်ဆိုင်ရာဘာသာရပ်ပညာရှင်များက ဒေသတွင်းဝမ်းစာအား အသင့်အတင့် အထောက်အပံ့ဖြစ်စေသောစပါးကိုစိုက်ပျိုး ထုတ်လုပ်နိုင်ရေး၊ တစ်ပိုင်တစ်နိုင်မိသားစု စိုက်ပျိုးရေးမှသည် မြို့နယ်အတွက် လုံလောက်သောသီးနှံများ ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ စီးပွားဖြစ်ထုတ်လုပ်သော အုန်းနှင့် ကိုကိုးသီးနှံစိုက်ပျိုးနည်းများ၊ အိမ်ခြံဝင်းအတွင်းစိုက်ပျိုးနိုင်သော ဟင်းသီးဟင်းရွက်များအား စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးရေးအလေ့အကျင့်ကောင်းများဖြင့် စိုက်ပျိုးထုတ်လုပ်ရေး၊မြေဆီလွှာပြုပြင်ခြင်းနှင့် ထိန်းသိမ်းရေး၊ သဘာဝမြေဩဇာများ ပိုမိုပြုလုပ်သုံးစွဲရေး၊ သီးနှံများတွင် ကျရောက်သော ဖျက်ပိုးများအား ကာကွယ်နှိမ်နင်းရေး၊ ဇီဝလုံခြုံရေးနည်းစနစ်နှင့်အညီ စနစ်တကျမွေးမြူခြင်း၊ မေထုန်မဲ့သားစပ်ခြင်း၊ တိရစ္ဆာန်အစာပင် စိုက်ပျိုးနည်းများအား အသိပညာပေး ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ထွန်းထွန်းဇော် (ပြန်/ဆက်)**

## ၁၉ - ၁၂ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၉၉၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ကြေးမုံ

**စာတည်းမှူးချုပ်** - ဝင်းနိုင်
**ခေတ္တ စာတည်းမှူး** - အေးဝမ်းစိုး
**စာတည်းများ** - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည်
**ဘာသာပြန်** - အောင်ကျော်ကျော်၊ စိုးသူရ
**အကြီးတန်း သတင်းထောက်များ** - စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
**အငယ်တန်း သတင်းထောက်များ** - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
**သုတေသန** - ဇင်မာဝင့်
**စာပြင်** - ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - နီလာစိုးနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



**တိုင်းသူပြည်သားလူအများဟာ ဥမကွဲ၊ သိုက်မပျက် တညီတညွတ်တည်း စည်းကမ်းတကျရှိဖို့လိုတယ်။ မလိုတဲ့သူတွေက ဘယ်လိုတိုက်တိုက်၊ ရှို့ရှို့၊ စစ၊ မိမိတို့ အဓိကပန်းတိုင်ကို မျက်ခြည်ပြတ်မခံဘဲ၊ လမ်းမလွဲအောင် ကြိုးစားဖို့လိုတယ်။**

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့ ည ၇ နာရီ၊ မိနစ် ၄၀ အချိန်တွင် ရေဒီယိုမှ ထုတ်လွှင့်ခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

# လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း ရန်ကုန်တိုင်းဒေသကြီး သီလဝါဆိပ်ကမ်းတွင် သဘာဝဓာတ်ငွေ့ရည် သိုလှောင်သင်္ဘော (Floating Storage Unit – FSU) ဆိုက်ကပ်ထားမှုနှင့် သန်လျင် ၂၀၀ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံမှ ကနဦးဓာတ်အားပမာဏ ၁၅၀ မဂ္ဂါဝပ် ထုတ်လုပ်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၁၉**

လျှပ်စစ်နှင့်စွမ်းအင် ဖွံ့ဖြိုးရေး ကော်မရှင်ဥက္ကဋ္ဌနှင့် နိုင်ငံတော်သမ္မတရုံး ဝန်ကြီးဌာန(၁) ပြည်ထောင်စု ဝန်ကြီး ဦးတင်အောင်စန်းသည် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းဥက္ကဋ္ဌနှင့် အတူ ယနေ့နံနက်ပိုင်းတွင် ပြည်သူလူထုနှင့် စက်မှုဇုန်များ၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ပိုမိုထုတ်လုပ် ဖြည့်ဆည်းပေးနိုင်ရန် အတွက် စီမံဆောင်ရွက်နေသော သီလဝါဆိပ်ကမ်းတွင် ဆိုက်ကပ်ထားသည့် သဘာဝဓာတ်ငွေ့ရည် သိုလှောင်သင်္ဘော (Floating Storage Unit – FSU)၊ သဘာဝဓာတ်ငွေ့ရည်အား ဓာတ်ငွေ့ ပြန်လည်ပြုလုပ်သော စက်ရုံ (Regasification Unit) နှင့် သန်လျင် ၂၀၀ မဂ္ဂါဝပ် ဓာတ်အား ပေးစက်ရုံမှ ကနဦးဓာတ်အား ပမာဏ ၁၅၀ မဂ္ဂါဝပ် ထုတ်လုပ်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။




ဦးစွာ လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့သည် သီလဝါဆိပ်ကမ်းရှိ သန်လျင် ၂၀၀ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိရာ စက်ရုံအစည်းအဝေးခန်းမတွင် Everest Energy Solution Ltd. နှင့် CNTIC Vpower Group Holdings Ltd. တို့မှ တာဝန်ရှိသူများက သန်လျင် ၂၀၀ မဂ္ဂါဝပ်နှင့် သာကေတ ၃၀၀ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံ စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေ၊ သဘာဝဓာတ်ငွေ့ရည် (Liquefied Natural Gas – LNG) အား FSU တွင် သိုလှောင်ထားရှိမှုအခြေအနေ၊ LNG အား ဓာတ်ငွေ့သို့ ပြောင်းလဲမှုလုပ်ငန်းစဉ်များ၊ ဓာတ်အားပေးစက်များ စမ်းသပ်မောင်းနှင်နေမှု အခြေအနေနှင့် ကနဦးဓာတ်အား ပမာဏ ၁၅၀ မဂ္ဂါဝပ် ထုတ်လုပ်နေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌနှင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများက လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းတင်ပြရာ လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေး ကော်မရှင်ဥက္ကဋ္ဌက လုပ်ငန်းလျာထားရက်များအလိုက် ဓာတ်အားပေးစက်ရုံများမှ ဓာတ်အားပမာဏ ၅၀၀ မဂ္ဂါဝပ်အထိ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊ LNG သည် ဈေးနှုန်းကြီးမြင့်သော စွမ်းအင်အရင်းအမြစ် ဖြစ်သည့်အတွက် လေလွင့်မှုနည်းပါးစေရေး ဓာတ်အားပေးစက်များ စဉ်ဆက်မပြတ် မောင်းနှင်နိုင်ရေးနှင့် စက်စွမ်းရည် ကောင်းမွန်စေရေး အလေးထား ဆောင်ရွက်ကြရန်၊ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အခက်အခဲများ၊ လိုအပ်ချက်များရှိပါက အချိန်မီတင်ပြသွားရန် မှာကြားပြီး သန်လျင် ၂၀၀ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံမှ ကနဦးဓာတ်အားပမာဏ ၁၅၀ မဂ္ဂါဝပ် ထုတ်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေး ကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် သီလဝါဆိပ်ကမ်း MCV ဆိပ်ခံတံတား (Jetty) ပေါ်သို့ သွားရောက်၍ FSU ဆိုက်ကပ်ထားရှိမှုအခြေအနေ၊ FSU တွင် သိုလှောင်ထားသော LNG ဓာတ်ငွေ့ရည်အား ပိုက်လိုင်းများဖြင့် ဓာတ်ငွေ့ပြန်လည် ပြုလုပ်သောစက်ရုံ (Regasification Unit) သို့ ပေးပို့နေမှုအခြေအနေနှင့် LNG အား သဘာဝဓာတ်ငွေ့ ပြန်လည်ပြုလုပ်နေမှု ထိန်းချုပ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

သာကေတနှင့် သန်လျင် LNG သုံး ဓာတ်အားပေးစက်ရုံများ လည်ပတ် မောင်းနှင်နိုင်ရန်အတွက် LNG သိုလှောင်သင်္ဘော FSU သီလဝါဆိပ်ကမ်းသို့ ရောက်ရှိဆိုက်ကပ်ခြင်း၊ ပြည်ပမှ LNG တင်သွင်းလာသည့် ပထမဆုံး LNG သင်္ဘော FSU ဘေးတွင် ရောက်ရှိဆိုက်ကပ်၍ LNG ဖြည့်တင်းပေးခြင်း၊ သဘာဝဓာတ်ငွေ့အရည်အား ဓာတ်ငွေ့ ပြန်လည်ပြုလုပ်သော စက်ရုံ (Regasification Unit) ကို စမ်းသပ် မောင်းနှင်ခြင်းတို့ကို ဆောင်ရွက်ပြီးစီးခဲ့ပြီး ပထမအဆင့်အနေဖြင့် ၄၀ မဂ္ဂါဝပ် စမ်းသပ်ထုတ်လုပ်သည်။ ဒီဇင်ဘာ ၁၇ ရက်မှစတင်၍ ဓာတ်အားပမာဏ ၁၅၀ မဂ္ဂါဝပ်အထိ တိုးမြှင့်ထုတ်လုပ်ပေးလျက်ရှိပြီး အဆိုပါ စီမံကိန်းများမှ စုစုပေါင်းဓာတ်အား ပမာဏ ၅၀၀ မဂ္ဂါဝပ်အထိ တိုးမြှင့်ထုတ်လုပ်သွားမည်ဖြစ်၍ ပြည်သူလူထုနှင့် စက်မှုဇုန်များ၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ပိုမိုထုတ်လုပ် ဖြည့်ဆည်းပေးနိုင်ရေး အလေးထား ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# ကျိုင်းတုံမြို့၌ အခွန်ပညာပေးရှင်းလင်းဆွေးနွေးပွဲ ကျင်းပ

**ကျိုင်းတုံ ဒီဇင်ဘာ ၁၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ ပြည်တွင်းအခွန်ဦးစီးဌာန၌ စားသောက်ဆိုင်လုပ်ငန်းရှင်များအား အခွန်ပညာပေးရှင်းလင်းပွဲကို ဒီဇင်ဘာ ၁၇ ရက်က ကျင်းပသည်။

ရှင်းလင်းဆွေးနွေးပွဲတွင် ကျိုင်းတုံမြို့နယ် အခွန်ဦးစီးဌာနမှူး ဒေါ်ကေသွယ်ကျော်က အခွန်ကောက်ခံရသည့် ရည်ရွယ်ချက်များအကြောင်း၊ စားသောက်ဆိုင်လုပ်ငန်းရှင်များအား ပြေစာများအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာအကြောင်း စသည့်ပြည်တွင်းအခွန်ဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် အခွန်အကြောင်းသိကောင်းစရာများကို အသိပညာပေးရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသည့် စားသောက်ဆိုင်လုပ်ငန်းရှင်ပြည်သူများက သိလိုသည်များ မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

# ရုရှား - မြန်မာ သဘာဝရွက်ဖျန်းမြေဩဇာစက်ရုံ ပန္နက်တင်မင်္ဂလာအခမ်းအနားကျင်းပ

## သဘာဝမြေဩဇာ ရွက်ဖျန်းအားဆေးရည်ကို ပြည်တွင်းတွင် ထုတ်လုပ်နိုင်မှုကြောင့် နိုင်ငံခြားငွေသုံးစွဲမှု လျှော့ချစေနိုင်မည်ဖြစ်



**နေပြည်တော် ဒီဇင်ဘာ ၁၉**

နိုင်ငံတော်၏စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး အထောက်အပံ့အဖြစ် ရုရှားနိုင်ငံ RUMA Organic ကုမ္ပဏီနှင့် အောင်သန်းထိုက် Agriculture Development ကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်သည့် ရုရှား-မြန်မာ သဘာဝရွက်ဖျန်းမြေဩဇာ စက်ရုံ ပန္နက်တင်မင်္ဂလာနှင့် အကျိုးတူပူးပေါင်း ဆောင်ရွက်ခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းက နေပြည်တော် ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် အလျှင်လိုကျေးရွာအုပ်စု အကွက်အမှတ် (၁၆၆၂)၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော် သမ္မတရုံး ဝန်ကြီးဌာန(၃) ပြည်ထောင်စု ဝန်ကြီး ဦးမောင်မောင်တင့်၊ နိုင်ငံတော် သမ္မတရုံး ဝန်ကြီးဌာန(၄) ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာချာလီသန်း၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီး များ၊ FUND RC–Investments မှ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ် Mr. Artemi Alimov၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံရုံးမှ Embassy Counsellor Mr. Andrei Lunak နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ RUMA Organic ကုမ္ပဏီနှင့် အောင်သန်းထိုက် ကုမ္ပဏီတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး (ယာပုံ) မင်္ဂလာအချိန်တွင် သတ်မှတ်နေရာများ၌ ပန္နက်တင်ပေးကြသည်။

ယင်းနောက် ပြည်ထောင်စု ဝန်ကြီး ဦးလှမိုးက မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင်သူလယ်သမားများ ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို ရေရှည်အထောက်အကူ ပြုမည့် အရေးပါသည့်စီမံကိန်း တစ်ခု၏ ကနဦးခြေလှမ်းဖြစ်ပါကြောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့ (Fund RC–Investment)၏ RUMA Organic ကုမ္ပဏီအနေဖြင့် ပျဉ်းမနားခရိုင် နေပြည်တော် ကောင်စီနယ်မြေ တွင် သဘာဝရွက်ဖျန်းမြေဩဇာ များ တင်သွင်းထုတ်လုပ်ဖြန့်ဖြူး ရောင်းချခြင်း လုပ်ငန်းဆောင်ရွက် နိုင်ရန်အတွက် မြန်မာနိုင်ငံရင်းနှီး မြှုပ်နှံမှုကော်မရှင်က ခွင့်ပြုပေးခဲ့ ပါကြောင်း။

ဤစီမံကိန်းအပေါ် မိမိတို့ ယာယီသမ္မတက အထူးအလေး ထားပြီး မြန်မာ-ရုရှား နှစ်နိုင်ငံ ခိုင်မာသည့် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုကိုပြသရန် အခွင့်အရေး တစ်ရပ်ဖြစ်သည့် အတွက် စက်ရုံကို သတ်မှတ် အချိန်ကာလအတွင်း အမြန်ဆုံး ဆောက်လုပ်နိုင်ရေး အထူး အလေးထား ဆောင်ရွက်စေ လိုပါကြောင်း၊ သဘာဝမြေဩဇာ ရွက်ဖျန်း အားဆေးရည်ကို ပြည်တွင်းတွင် ထုတ်လုပ်နိုင်မှု ကြောင့် စိုက်ပျိုးရေးလုပ်ငန်းရှင် များနှင့် တောင်သူလယ်သမားများ ကုန်ကျစရိတ် လျှော့နည်းစေမည် ဖြစ်ပြီး နိုင်ငံခြားငွေသုံးစွဲမှု လျှော့ချစေနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် FUND RC–Investments မှ မြန်မာနိုင်ငံ ဆိုင်ရာ ကိုယ်စားလှယ် Mr. Artemi Alimov က မြန်မာစိုက်ပျိုးရေး ကဏ္ဍအတွက် ရင်းနှီးမြှုပ်နှံမှု ဆိုင်ရာများကို လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံရုံးမှ Embassy Counsellor ဖြစ်သူ Mr. Andrei Lunak က နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်မှု အခြေအနေများကို လည်းကောင်း၊ RUMA Organic ကုမ္ပဏီနှင့် အောင်သန်းထိုက် ကုမ္ပဏီတို့မှ တာဝန်ရှိသူများက စက်ရုံတည်ဆောက်၍ သဘာဝ ရွက်ဖျန်းမြေဩဇာများ ထုတ်လုပ် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ ကိုလည်းကောင်း ရှင်းလင်း ပြောကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စု ဝန်ကြီး ဦးလှမိုးသည် သမဝါယမ နှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီး ဌာန ရုံးအမှတ်(၁၆)တွင် ကျင်းပ သည့် မြန်မာ့သမဝါယမစတင်ခြင်း (၁၂၁)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားသို့ တက်ရောက် သည်။

ဦးစွာ သမဝါယမကောလိပ် (ဖောင်ကြီး)နှင့် သမဝါယမ စာရင်းရေးစာရင်းကိုင် သက်မွေး ပညာ သင်တန်းကျောင်းများမှ အကောင်းဆုံး စံပြဆုရရှိကြသော သင်တန်းဆင်း ကျောင်းသူလေး များ၏ “မင်္ဂလာရှိသော နေ့သစ်ဆီ သို့” တေးသီချင်း၊ သမဝါယမ စာရင်းရေးစာရင်းကိုင် သက်မွေး ပညာ သင်တန်းကျောင်း (မော်လမြိုင်)မှ ကျောင်းသူလေး များ၏ “မင်္ဂလာပါ” တေးသီချင်း တို့ဖြင့် ဖျော်ဖြေတင်ဆက်မှုများ ကိုလည်းကောင်း၊ မြန်မာ့သမဝါယမ စတင်ခြင်း (၁၂၁)နှစ်မြောက် အထိမ်းအမှတ် ဂုဏ်ပြု Video Clip ကိုလည်းကောင်း ကြည့်ရှု အားပေးကြသည်။

ဆက်လက်၍ ပြည်ထောင်စု ဝန်ကြီးက **သမဝါယမစနစ်ဆိုသည်မှာ စိတ်ဆန္ဒ၊ ရည်ရွယ်ချက် တူညီသည့် လုပ်ငန်းရှင်အချင်းချင်း၊ တောင်သူအချင်းချင်း စုဖွဲ့ ဆောင်ရွက်ရသည့် အသင်းအဖွဲ့ စနစ်တစ်ခု ဖြစ်ပါကြောင်း**၊ သမဝါယမဦးစီးဌာနအနေဖြင့် လယ်ယာ ထုတ်ကုန်များကို ဈေးကွက်သို့ ချိတ်ဆက်ပေးနိုင်ရေး၊ ပြည်သူများ ၏ စားဝတ်နေရေး ပိုမိုပြည့်စုံ မြင့်မားလာစေရေးအတွက် သမ ဝါယမအသင်း အဆင့်ဆင့်တို့နှင့် အတူတူ ဟန်ချက်ညီညီ ပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက် ကြရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်သူရ က သမဝါယမကဏ္ဍ ဖွံ့ဖြိုးတိုးတက် ရေးအတွက် ဘဏ္ဍာနှစ်အလိုက် လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး “သမဝါယမ ဦးစီးဌာနနှင့် သမဝါယမအသင်း များ ရေရှည်ဖွံ့ဖြိုးတိုးတက် စေရေး” ခေါင်းစဉ်ဖြင့် ကျင်းပခဲ့ သည့် ကျပန်းစကားပြောပြိုင်ပွဲ တွင် ပထမဆုရရှိသူက သမဝါယမ အကြောင်း သိကောင်းစရာများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စု ဝန်ကြီးက တာဝန်အဆက်ဆက် ထမ်းဆောင်ခဲ့သော ဂုဏ်ပြုခံ အငြိမ်းစားပုဂ္ဂိုလ်များ ကိုယ်စား (အငြိမ်းစား) ဒုတိယဝန်ကြီး ဦးမြင့်စိုးအား အမှတ်တရ လက်ဆောင် ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စု ဝန်ကြီးနှင့် တာဝန်ရှိသူများက ဦးစီးဌာနအတွင်း ဂုဏ်ထူးဆောင် ဆုရရှိကြသူများ၊ စွမ်းဆောင်ရည် ဆုရရှိကြသော ဝန်ထမ်းများနှင့် သမဝါယမအသင်းများ၊ နိုင်ငံ့ ဝန်ထမ်းတက္ကသိုလ်များတွင် ဆုရ ရှိကြသူများ၊ သမဝါယမစာရင်းရေး စာရင်းကိုင် သက်မွေးပညာ သင်တန်းကျောင်းများမှ အကောင်း ဆုံးဆုရရှိကြသူများ၊ ၂၀၂၄–၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် လေးဘာသာဂုဏ်ထူး ရရှိခဲ့ကြသည့် ဝန်ထမ်းသား သမီး များ၊ ကျပန်းစကားပြောပြိုင်ပွဲတွင် ဆုရရှိကြသူများနှင့် အထူးဆု ကံစမ်းမဲပေါက်ကြသော ဝန်ထမ်း များအား ဆုများပေးအပ်ချီးမြှင့်ကြ သည်။ ထို့နောက် သမဝါယမ စာရင်းရေးစာရင်းကိုင် သက်မွေး ပညာ သင်တန်းကျောင်း (မော်လမြိုင်)မှ ကျောင်းသူလေး များက “သာစွဌာနေရာမည့်မြေ” တေးသီချင်းဖြင့် ကပြဖျော်ဖြေခဲ့ ကြောင်း သိရသည်။ **သတင်းစဉ်**




ပြည်ထောင်စုဝန်ကြီး ဦးလှမိုး သမဝါယမစာရင်းရေးစာရင်းကိုင် သက်မွေးပညာ သင်တန်းကျောင်းမှ အကောင်းဆုံးဆု ရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

# ဘားအံတက္ကသိုလ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြော



**ဘားအံ ဒီဇင်ဘာ ၁၉**

ကရင်ပြည်နယ် ဘားအံတက္ကသိုလ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ယမန်နေ့နံနက်ပိုင်းက ဘားအံတက္ကသိုလ် ငုရွှေဝါခန်းမ၌ ကျင်းပသည်။

**အသိပညာပေးဟောပြော**

ဦးစွာ ဘားအံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာစိုးစိုးအေးက အမှာစကားပြောကြားပြီး ပြည်နယ်ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးအောင်ဇေဝင်းက ယာဉ်မှတ်ပုံတင်ခြင်း၊ နှစ်စဉ်သက်တမ်းတိုးခြင်း၊ ယာဉ်ကြံ့ခိုင်မှုရှိအောင် ပြုပြင်ထိန်းသိမ်းခြင်း နှင့် Quick Win အစီအမံ (၅)ချက်ကို ရှင်းလင်းပြောကြားပြီး ပြည်နယ် ဥပဒေရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းလင်းဦးက ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှု ဥပဒေ ပြဋ္ဌာန်းရခြင်းအကြောင်း၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ် စီမံခန့်ခွဲမှုဥပဒေ၊ နည်းဥပဒေ၊ အမိန့် ညွှန်ကြားချက်ပါ စည်းကမ်းချက် များကို အသိပညာပေးဟောပြောခဲ့ပြီး တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များ ပြန်လည်မေးမြန်းခဲ့ရာ တာဝန်ရှိသူများက ဖြေကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ရှမ်းပြည်နယ်(မြောက်ပိုင်း )ကျောက်မဲမြို့မှ ပြည်သူများအား အနုပညာရှင်များ ဖျော်ဖြေတင်ဆက်

**ကျောက်မဲ ဒီဇင်ဘာ ၁၉**

ပြန်ကြားရေးနှင့် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်း ဖော်ဆောင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ရုပ်ရှင်၊ ဂီတအနုပညာရှင်များနှင့်အတူ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ပြည်သူများအား ဖျော်ဖြေတင်ဆက်ရန်အတွက် ယနေ့နံနက်ပိုင်းက နေပြည်တော်မှ ထွက်ခွာရာ ညနေပိုင်းတွင် ကျောက်မဲမြို့သို့ ရောက်ရှိကြသည်။

ပြည်ထောင်စု ဝန်ကြီးနှင့်အဖွဲ့အား ကျောက်မဲမြို့နယ် ပြည်သူများနှင့် ဝန်ထမ်းများက ကျောက်မဲမြို့ အဝင်မုခ်ဦး၌ လှိုက်လှဲနွေးထွေးစွာ ကြိုဆိုကြပြီး အနုပညာရှင်များနှင့်အတူ အမှတ်တရ ဓာတ်ပုံရိုက်ကြသည်။



ထို့နောက် ကျောက်မဲမြို့ ကျက်သရေဆောင် ခန်းမ၌ ပြန်ကြားရေးနှင့် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေး တွေ့ဆုံပွဲကိုကျင်းပရာ "ရှေ့သို့ချီမည် ပန်းတိုင်ဆီ" ဗီဒီယိုကလစ်ကို ဦးစွာဖွင့်လှစ်ပြသသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်း ဖော်ဆောင်ရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ကျောက်မဲမြို့အတွက် ဗုဒ္ဓရုပ်ပွား ဆင်းတုတော်များ၊ MRTV DTH စလောင်းနှင့် ဆက်စပ်စွည်း အစုံ ၃၀ ၊ MRTV DVB – T2 Set Top Box အစုံ ၂၀ တို့ကို ပေးအပ်လှူဒါန်းရာ ကျောက်မဲခရိုင် အုပ်ချုပ်ရေးမှူးက လက်ခံရယူသည်။

ဆက်လက်၍ ဖျော်ဖြေရေး အစီအစဉ်ကို ဆောင်ရွက်ရာ ရုပ်ရှင်သရုပ်ဆောင် ဆုပန်ထွာ၊ ပွင့်၊ ဆောင်းယွန်းစံ၊ စည်သူဝင်း၊ သရုပ်ဆောင်/တေးသံရှင် ဟန်ထူးဈာန်၊ ဈာဈာန်ဟန်သာ၊ သံသာမိုးသိမ့် ၊ တေးသံရှင် စစ်သွေး ၊ ထက်အဥ္ဆလီ၊ ပိုးဖြူဖြူ၊ နွေဦးသခင်နှင့် MRTV မှ တေးသံရှင် တျားရှအောင်၊ စောဒယ်နီရယ်၊ စောရက်စတာ၊ ဝမ်းကေဇင်၊ ဖူးကေရီဆောင်း၊ မြတ်ဆုချယ်၊ အင်ကြင်းနိုင်ဦး၊ မေသူမျိုး၊ လဝန်းမေနှင့် ခတ္တာတို့က သီဆိုဖျော်ဖြေကြပြီး ဒေသခံပြည်သူများကလည်း ပါဝင်သီဆိုကခုန်ကာပျော်ရွှင်စွာအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

○ ရှေ့ဖုံးမှ

ဘက်ထရီလျှပ်စစ်စက်ခေါင်းဖြင့် စတင်ပြေးဆွဲသည့် အမှတ်(၁၃၁) အဆန်ရထားသည် ဖီးပင်ကြီး ဘူတာမှ နံနက် ၆ နာရီတွင် စတင်ထွက်ခွာ၍ ပြင်ဦးလွင်ဘူတာသို့ နံနက် ၇ နာရီခွဲတွင် ဆိုက်ရောက်မည် ဖြစ်သည်။ ထို့နောက် ဂုတ်ထိပ်(၁)RBE ရထားသည် ပြင်ဦးလွင်ဘူတာမှ နံနက် ၈ နာရီတွင် ထွက်ခွာ၍ ဂုတ်ထိပ်ဘူတာသို့ နံနက် ၁၁ နာရီခွဲတွင် ရောက်ရှိရပ်နားပြီး ဂုတ်ထိပ်(၂)RBE ရထားသည် ဂုတ်ထိပ်ဘူတာမှ မွန်းလွဲ ၁၂ နာရီခွဲတွင် ပြန်လည်ထွက်ခွာ၍ ပြင်ဦးလွင်ဘူတာသို့ ညနေ ၄ နာရီတွင် ပြန်လည်ရောက်ရှိမည်ဖြစ်သည်။ ပြင်ဦးလွင်မှ ဖီးပင်ကြီးသို့ ဆက်လက်လိုက်ပါလိုသည့် ခရီးသည်များအနေဖြင့် ပြင်ဦးလွင်ဘူတာမှ ညနေ ၄ နာရီ ၁၅ မိနစ်တွင် စတင်ထွက်ခွာမည့် အမှတ် (၁၃၂)အစုန် BEL ရထားဖြင့် ဆက်လက်လိုက်ပါနိုင်ပြီး ဖီးပင်ကြီးသို့ ညနေ ၆ နာရီတွင် ဆိုက်ရောက်မည် ဖြစ်ကြောင်း သတင်း ထုတ်ပြန်ပေးခဲ့ပြီးဖြစ်သည်။



ဂုတ်ထိပ်တံတားကြီး၌ ရေမြေတောတောင်သဘာဝရှုခင်းများ လေ့လာကြည့်ရှုနေကြသူများကို တွေ့ရစဉ်။

ယနေ့နံနက်ပိုင်းတွင် ဖီးပင်ကြီးဘူတာမှ ထွက်ခွာလာသည့် အမှတ် (၁၃၁) အဆန်ရထားတွင် ခရီးသည်ဦးရေ ၄၇ ဦး လိုက်ပါစီးနင်းခဲ့ပြီး ပြင်ဦးလွင်ဘူတာသို့ ရောက်ရှိချိန်တွင် ပြင်ဦးလွင်ခရိုင်မှ ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့် ရှမ်းအိုးစည်အဖွဲ့များက သောင်းသောင်းဖြဖြ ကြိုဆိုကြသည်။

ဖီးပင်ကြီး – ပြင်ဦးလွင်၊ ပြင်ဦးလွင်–ဖီးပင်ကြီး BEL ရထားခရီးစဉ်တွင် အထက်တန်း လူစီးတွဲတစ်တွဲ၊ ရိုးရိုတန်းလူစီးတွဲနှစ်တွဲနှင့် ဘရိတ်တွဲတစ်တွဲပါရှိပြီး လက်မှတ်ခနှုန်းထားမှာ ခရီးအစအဆုံးအတွက် ရိုးရိုးတန်း ငွေကျပ် ၅၀၀၀၊ အထက်တန်းငွေကျပ် ၁၀၀၀၀ ဖြစ်သည်။

ယနေ့ထွက်ခွာသည့် ပြင်ဦးလွင်– ဂုတ်ထိပ် – ပြင်ဦးလွင် RBE ရထားခရီးစဉ်တွင် ပြင်ဦးလွင်ဘူတာမှ ဂုတ်ထိပ်ဘူတာသို့ ခရီးသည် ၆၂ ဦး လိုက်ပါစီးနင်းခဲ့ရာ လမ်းခရီးတွင် ပွဲကောက်၊ ဝက်ဝံ၊ ဆမ်ဆယ်၊ နောင်ချိုဘူတာများတွင် ရပ်တန့်ပေးခဲ့ပြီး နောင်ချိုဘူတာတွင် ဒေသခံပြည်သူများက စတင်ပြေးဆွဲသည့် အထိမ်းအမှတ်အဖြစ် သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြသည်။

ထို့နောက် နောင်ချိုဘူတာမှ ထွက်ခွာ၍ ဂုတ်ထိပ်ဘူတာသို့ ရောက်ရှိရာ ဂုတ်ထိပ်ဘူတာတွင် ခေတ္တရပ်နားပြီး ဂုတ်ထိပ်တံတားကြီးပေါ်မှ ဖြတ်သန်း၍ ရေမြေတောတောင် သဘာဝရှုခင်းများ လေ့လာကြည့်ရှုခြင်း၊ လိုဏ်ဂူများအားဖြတ်သန်း၍ ရှုမျှော်ခင်းကြည့်နေရာမှ ဂုတ်ထိပ်တံတားကြီးကို နောက်ခံပြု၍ အမှတ်တရဓာတ်ပုံများရိုက်ကြပြီး ဂုတ်ထိပ်ဘူတာမှ ပြင်ဦးလွင်ဘူတာသို့ ပြန်လည်ရောက်ရှိခဲ့ကြသည်။ ယင်းနောက် အမှတ်(၁၃၂)အစုန် ရထားသည် ပြင်ဦးလွင်ဘူတာမှ ဘက်ထရီလျှပ်စစ်စက်ခေါင်းဖြင့် ဖီးပင်ကြီးဘူတာသို့ ဆက်လက်ပြေးဆွဲပေးခဲ့သည်။

နောင်တွင် အပတ်စဉ် စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များတွင် ပြေးဆွဲပေးသွားမည် ဖြစ်ပြီး အဆိုပါ ပြင်ဦးလွင်–ဂုတ်ထိပ်–ပြင်ဦးလွင် အသွား/အပြန် ခရီးစဉ်အတွက် လက်မှတ်ခနှုန်းထားအနေဖြင့် ခရီးသည်တစ်ဦးလျှင် ငွေကျပ် ၁၅၀၀၀ ကျသင့်မည် ဖြစ်ပြီး ခရီးသွားကုမ္ပဏီများ (Tour Company)၊ ခရီးသွားအေဂျင်စီများ၊ Private School စသည့် ဝန်ဆောင်မှုလုပ်ငန်းများမှ RBE ရထား (တစ်စင်းလုံး) ငှားရမ်းလိုပါက ၂၄ ဦး လိုက်ပါစီးနင်းနိုင်ပြီး အသွား/အပြန် ခရီးစဉ်အတွက် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၇၂၀၀၀၀ ကျသင့်မည်ဖြစ်သည်။

နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်အရ စက်ခေါင်းသစ်တပ်ဆင်ထုတ်လုပ်ရေး စက်ရုံ (နေပြည်တော်)မှ တည်ဆောက်ပြီးစီးခဲ့သော ဘက်ထရီလျှပ်စစ်စက်ခေါင်း(BEL) မြင်းကောင်ရေအား ၁၆၀၀ ရှိသည့် အမှတ် 03 စက်ခေါင်းဖြင့် ပြင်ဦးလွင်–ဖီးပင်ကြီး ရထားအား စတင်ပြေးဆွဲပေးခဲ့ပြီးဖြစ်သည်။ ပြင်ဦးလွင်–ဂုတ်ထိပ်–ပြင်ဦးလွင် ခရီးစဉ်ကို သဘာဝအလှ ရှုခင်းကြည့်များ ကြည့်ရှုနိုင်ရန် RBE ရထားဖြင့် စတင် ပြေးဆွဲပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မင်းဘူး(စကု)မြို့နယ်၌ ကျေးလက်လမ်းခုနစ်လမ်းကို အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်

**မင်းဘူး ဒီဇင်ဘာ ၁၉**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်၌ ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနက ပြည်ထောင်စု အထွေထွေပိုလျှံရန်ပုံငွေမှ ခွင့်ပြုငွေ ကျပ်သန်း ၄၀၀ ကျော်ဖြင့် ကျေးလက်နေပြည်သူများ သွားလာရေး လွယ်ကူချောမွေ့ အဆင်ပြေစေရန် Quick Win အစီအစဉ်ဖြင့် ကျေးလက်လမ်း ခုနစ်လမ်းကို အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း



အဆိုပါဦးစီးဌာနမှ သိရသည်။

မင်းဘူး(စကု)မြို့နယ်၌ အဆိုပါ Quick Win အစီအစဉ်ဖြင့် ဆောင်ရွက်သည့် ကျေးလက်လမ်းခုနစ်လမ်းအနက် ရေတွင်းကုန်းကျေးရွာအနီးရှိ ဆားဗွက်ချောင်း တံတား ချဉ်းကပ်လမ်း ပြန်လည်ပြုပြင်ခြင်း၊ ဆင်လမ်းကြီး – ရေတွင်းကုန်းလမ်း မြေနီကျောက်စရစ်ခင်းခြင်းနှင့် ကျောက်စစ်ပုံ–ကံကုလား ကျေးရွာချင်းဆက်လမ်းကို မြေနီခင်း၍ ပြန်လည်ပြုပြင်ခြင်းမှာ ရာနှုန်းပြည့် ဆောင်ရွက်ပြီးဖြစ်ကာ ကျန်ရှိသည့် လုပ်ငန်းများအားလုံး သတ်မှတ်ရက်အတွင်း ရာနှုန်းပြည့် အချိန်မီပြီးစီးရေး စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**



မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးကျော်စိုးလင်းနှင့် တပ်ဖွဲ့ဝင်များက ဒီဇင်ဘာ ၁၇ ရက်တွင် မဲရုံများတွင် သွယ်တန်းအသုံးပြုသည့်လျှပ်စစ်ဝိုင်ယာကြိုးများ စနစ်တကျသုံးစွဲထားခြင်း ရှိ/မရှိ၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုနှင့် မီးသတ်ဆေးဘူးများ ဆောင်ရွက်ထားရှိမှုတို့ကိုစစ်ဆေးစဉ်။ ကိုခန့်

# ဒစ်ဂျစ်တယ်ခေတ်မှာ မြန်မာ့ MSMEs တို့ ကမ္ဘာနဲ့ရင်ပေါင်တန်းစေဖို့

သျှင်မေ

လွန်ခဲ့တဲ့ သုံးလလောက်က ရန်ကုန်မြို့လယ်ကောင် လူစည်ကားတဲ့လက်ဖက်ရည်ဆိုင်မှာ ဆိုင်ပိုင်ရှင်ဖြစ်သူ မိတ်ဆွေနဲ့ စကားပြောဖြစ်တယ်။ **“ဆိုင်ကို လူမှုကွန်ရက်တွေကနေတစ်ဆင့် မှာယူတာများလာတယ်”** လို့ သူက ဝမ်းသာစွာပြောပြတယ်။ ဒါ့အပြင် အစားအသောက်မှာယူနိုင်တဲ့ အွန်လိုင်းအက်ပလီကေးရှင်းတွေကလည်း အမှာစာတွေ မနားတမ်း ရောက်လာတတ်တယ်လို့ သူက ဆက်ပြောပြတယ်။ KBZ Pay လို၊ Wave Pay လို၊ AYA Pay လို မိုဘိုင်းပိုက်ဆံတွေနဲ့ ငွေလွှဲ၊ Messenger ကနေ အမှာစာပို့၊ ဈေးကွက်ကိုလည်း အွန်လိုင်းကနေရှာတယ်။ ဒီဆိုင်လေးရဲ့ အောင်မြင်မှုဟာ မြန်မာနိုင်ငံက MSMEs (Micro, Small and Medium Enterprises) တွေ ဒစ်ဂျစ်တယ်ခေတ်ထဲ ဘယ်လိုဝင်ရောက်နေပြီဆိုတာကိုပြနေတဲ့ ဥပမာတစ်ခုပါပဲ။

**မြန်မာ့စီးပွားရေးရဲ့ ရေသောက်မြစ်**

မြန်မာနိုင်ငံရဲ့ စီးပွားရေးဟာ MSMEs လို့ခေါ်တဲ့ စီးပွားရေးလုပ်ငန်းငယ်တွေအပေါ် မှီတင်းနေရပါတယ်။ ဒေသက လက်မှုပစ္စည်းလုပ်ငန်းလေးတွေ၊ မြို့ပြကအစားအသောက်ဆိုင်တွေ၊ အွန်လိုင်းက စတိုးဆိုင်ငယ်လေးတွေ ဒါတွေအားလုံးဟာ နိုင်ငံ့စီးပွားရေးရဲ့ ၉၀ ရာခိုင်နှုန်းကျော်ကို ကိုယ်စားပြုပြီး လူသန်းပေါင်းများစွာရဲ့ အသက်မွေးဝမ်းကျောင်းကို ထောက်ပံ့ပေးထားပါတယ်။ ဒါပေမဲ့ ဒီလုပ်ငန်းတွေ ရင်ဆိုင်နေရတဲ့ ရင်းနှီးမြှုပ်နှံမှုနည်းပါးတာ၊ ဒစ်ဂျစ်တယ်နည်းပညာကို လက်တွေ့အသုံးချနိုင်မှုအားနည်းတာနဲ့ ဈေးကွက်ဗဟုသုတမပြည့်စုံတာ စတဲ့ စိန်ခေါ်မှုတွေကြောင့် သူတို့ရဲ့အလားအလာနဲ့ စွမ်းအားကို အပြည့်အဝထုတ်သုံးနိုင်ခြင်း မရှိသေးပါဘူး။

**ဒစ်ဂျစ်တယ်ပြောင်းလဲမှု**

ရန်ကုန်မြို့ ဗိုလ်တထောင်ဈေးအနီးက ဒီဇိုင်နာတစ်ဦးရဲ့ ဓာတ်လမ်းက ရိုးရှင်းပါတယ်။ သူဟာ ချုပ်ထားတဲ့အထည်တွေကို လူမှုကွန်ရက်တွေ၊ အွန်လိုင်းတွေပေါ်တင်ပြီး ဓာတ်ပုံကောင်းကောင်းလေးတွေရိုက်၊ ဗီဒီယိုအတိုလေးတွေတင်၊ ဖောက်သည်တွေနဲ့ တိုက်ရိုက်ဆက်သွယ်တယ်။ ရလဒ်ကတော့ နိုင်ငံတစ်ဝန်းက ဖောက်သည်တွေရှိလာခဲ့တာပါပဲ။ ဒစ်ဂျစ်တယ်နည်းပညာက MSMEs အတွက် ဘယ်လိုအခွင့်အလမ်းသစ်တွေ ဖွင့်ပေးနေသလဲဆိုတာကို မြင်ရမှာပါ။ ဒစ်ဂျစ်တယ်ငွေပေးချေမှုစနစ်တွေဖြစ်တဲ့ KBZ Pay, Wave Money တို့ဟာ ငွေသားကိုင်တွယ်မှုနည်းပါးစေပြီး လုံခြုံမှုပေးနိုင်တယ်။ အွန်လိုင်းဈေးကွက်ရှာဖွေရေးနည်းလမ်းတွေက လုပ်ငန်းတွေကို ဒေသခံဈေးကွက်ကနေ နိုင်ငံတကာဈေးကွက်အထိ တိုးချဲ့နိုင်စွမ်းကိုပေးပါတယ်။

**ကမ္ဘာ့စီးပွားရေးပြောင်းလဲမှုနှင့်**
**မြန်မာ့ MSMEs အတွက် အခွင့်အလမ်း**

၂၀၂၅ World Investment Report အရ ယနေ့ကမ္ဘာမှာ စီးပွားရေးမူဝါဒတွေ ရိုးရှင်းတဲ့ချဉ်းကပ်ပုံနဲ့ လုံလောက်မှုမရှိတော့တာကို တွေ့ရပါတယ်။ ငွေကြေးဆိုင်ရာမူဝါဒတွေက ကုန်သွယ်ရေးနဲ့ ရင်းနှီးမြှုပ်နှံမှုမူဝါဒတွေနဲ့ ချိတ်ဆက်လုပ်ကိုင်လာကြတယ်လို့ သိရပါတယ်။ အထူးသဖြင့်တော့ ဒစ်ဂျစ်တယ်စီးပွားရေးခေတ်မှာ ဘဏ္ဍာရေးမူဝါဒတွေပါ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းဖို့ လိုအပ်လာပါတယ်။ အာဆီယံဒေသတွင်းမှာဆိုရင် ဗီယက်နမ်နိုင်ငံရဲ့ အောင်မြင်မှုကို လေ့လာရင် သိနိုင်ပါတယ်။

**ဗီယက်နမ်ဟာ စီးပွားရေးနဲ့ ဘဏ္ဍာရေးမူဝါဒတွေကို အချိုးညီညီပေါင်းစပ်ရာကနေ အောင်မြင်မှုရှိခဲ့တဲ့နိုင်ငံပဲဖြစ်ပါတယ်။ ခန့်မှန်းချက်**

> **ဗီယက်နမ်ဟာ စီးပွားရေးနဲ့ ဘဏ္ဍာရေးမူဝါဒတွေကို အချိုးညီညီပေါင်းစပ်ရာကနေ အောင်မြင်မှုရှိခဲ့တဲ့နိုင်ငံပဲဖြစ်ပါတယ်။ ခန့်မှန်းချက်အရ အာဆီယံဒစ်ဂျစ်တယ်စီးပွားရေးဟာ ၂၀၃၀ ပြည့်နှစ်မှာ အမေရိကန်ဒေါ်လာ တစ်ထရီလီယံအထိ ရောက်ရှိမယ်လို့ သိရှိရပါတယ်။ အဲဒါဟာ ဒေသတွင်းနိုင်ငံတွေအတွက် ကြီးမားတဲ့အခွင့်အလမ်းတစ်ရပ်ဖြစ်ပြီး မြန်မာနိုင်ငံအနေနဲ့ ဒီအပြောင်းအလဲကို လွတ်မသွားဖို့လိုပါတယ်**

**အရ အာဆီယံဒစ်ဂျစ်တယ်စီးပွားရေးဟာ ၂၀၃၀ ပြည့်နှစ်မှာ အမေရိကန်ဒေါ်လာ တစ်ထရီလီယံအထိ ရောက်ရှိမယ်လို့ သိရှိရပါတယ်။ အဲဒါဟာ ဒေသတွင်းနိုင်ငံတွေအတွက် ကြီးမားတဲ့အခွင့်အလမ်းတစ်ရပ်ဖြစ်ပြီး မြန်မာနိုင်ငံအနေနဲ့ ဒီအပြောင်းအလဲကို လွတ်မသွားဖို့ လိုပါတယ်။**

ကုန်သွယ်ရေးဆိုင်ရာ ထောက်ပံ့ရေးကွင်းဆက်တွေ ပြောင်းလဲနေတာ၊ ကုန်ထုတ်နည်းပညာတွေ တိုးတက်လာတာဟာ ရင်းနှီးမြှုပ်နှံမှုကဏ္ဍအပေါ် သက်ရောက်မှုရှိပါတယ်။ သမားရိုးကျထုတ်လုပ်မှုပုံစံတွေကို ဒစ်ဂျစ်တယ်ကုန်ထုတ်စက်ကိရိယာတွေ အသုံးပြုထားတဲ့ MSMEs ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးရေးကို ဖော်ဆောင်နိုင်ဖို့ လိုအပ်ပါတယ်။

**ပေကျင်းမြူနီစီပယ်ရဲ့ One Stop Service စနစ်**

**ပြီးခဲ့တဲ့လက ပေကျင်းမြို့ရဲ့ Beijing Government Service Center ကို လေ့လာခွင့်ရခဲ့ပါတယ်။ အဲဒီနေရာမှာတွေ့ရတဲ့ One Stop Service စနစ်က သိပ်ပြီးပြည့်စုံတာကို မြင်တွေ့ခဲ့ရတယ်။ ပေကျင်းမြို့က မြို့ခံတွေဟာ အိမ်ဆောက်မလား၊ လုပ်ငန်းလုပ်မလား၊ သက်တမ်းတိုးမလား၊ ငွေချေးယူမလား၊ အငြင်းပွားစရာတစ်ခုခု ဖြေရှင်းမလား၊ ဘာကိုပဲလုပ်ချင်လုပ်ချင် အားလုံးကို တစ်နေရာတည်းမှာ အပြီးဆောင်ရွက်ပေးတာ၊ ဝန်ဆောင်မှုပေးတာကို မြင်တွေ့ရတယ်။**

ဒီစနစ်က စီးပွားရေးလုပ်ငန်းရှင်တွေကို အချိန်ကုန်သက်သာစေရုံသာမက ရှုပ်ထွေးလှတဲ့ ရုံးလုပ်ငန်းစနစ်တွေကိုလည်း လျှော့ချပေးနိုင်ပါတယ်။ မြန်မာနိုင်ငံမှာလည်း စီးပွားရေးဆိုင်ရာဒစ်ဂျစ်တယ် One Stop Service Platform တွေရှိပေမယ့် ယခုထက် ပိုမိုပြည့်စုံလက်တွေ့ကြလာမယ်ဆိုရင် ကျေးလက်က လက်မှုပညာရှင်ဖြစ်စေ၊ မြို့ပြက စားသောက်ဆိုင်ပိုင်ရှင်ဖြစ်စေ အင်တာနက်ပေါ်မှာ ဥပဒေနဲ့အညီ လွယ်လင့်တကူ အလုပ်စတင်နိုင်မှာ အသေအချာပါပဲ။

**ကိုယ်ပိုင်လုပ်ငန်းတစ်ခုစတင်ဖို့ လက်တွေ့ကျကျစဉ်းစားစို့**

မြန်မာနိုင်ငံရဲ့ စီးပွားရေးတိုးတက်မှုအတွက် MSMEs ကဏ္ဍက အသက်သွေးကြောပမာ အရေးပါလှသလို အသစ်အသစ်သော လုပ်ငန်းရှင်တွေထွက်ပေါ်ဖို့အတွက်လည်း များစွာပံ့ပိုးပေးဖို့လိုပါတယ်။

ဒီနေရာမှာ လုပ်ငန်းစတင်လိုသူတွေအတွက် လုပ်ငန်းအကြံဉာဏ် (Business Idea)၊ ဈေးကွက်ရှာဖွေစစ်တမ်း (Market Research)၊ ရင်းနှီးမြှုပ်နှံငွေခန့်မှန်းတာ (Capital Estimation)၊ လုပ်ငန်းနေရာ (Location Selection)၊ လုပ်ငန်းမှတ်ပုံတင်တာ (Business Registration)၊ အမှတ်တံဆိပ်နဲ့ ထုပ်ပိုးတာ (Branding & Packaging)၊ လုပ်ငန်းလည်ပတ်မှုစနစ်တည်ဆောက်တာ (Operation Set up)၊ ကြော်ငြာနဲ့ ဈေးကွက်ရှာဖွေတာ (Promotion & Marketing)၊ ရောင်းချမှုလမ်းကြောင်းတွေ တည်ဆောက်တာ (Sales Channels)၊ စာရင်းအင်းစနစ်တကျပြုစုတာနဲ့ ဥပဒေနဲ့အညီဆောင်ရွက်တာ (Accounting & Legal Compliance) စတဲ့ အချက်တွေကို မေ့ထားလို့မရပါဘူး။

**နိုင်ငံတော်ကလည်း MSME လုပ်ငန်းသစ်တွေအတွက် အခွန်ဖြေလျှော့တာ၊ စတင်စရိတ်အတွက်ထောက်ပံ့တာ စတာတွေရှိသလို မှတ်ပုံတင်တဲ့အခါ DICA ၊ မြို့နယ်အုပ်ချုပ်ရေးရုံး၊ FDA စတဲ့ သက်ဆိုင်ရာရုံးတွေမှာ အချက်အလက်တွေ ဖြည့်ဆည်းပြီး တစ်လလောက်အတွင်းမှာ လုပ်ငန်းစတင်လည်ပတ်လို့ရနိုင်ပါတယ်။ MSME အဖြစ် မှတ်ပုံတင်ထားခြင်းအားဖြင့် ကုန်သွယ်ခွန်အချို့ကိုလည်း လျှော့ပေါ့ခွင့်ရနိုင်ပါတယ်။ အရေးကြီးတဲ့ရောင်းချမှုလမ်းကြောင်းအဖြစ် အော့ဖ်လိုင်းရောင်းချမှုတွေအတွက် ကုန်စုံဆိုင်တွေ၊ စူပါမားကက်တွေကို အားကိုးနိုင်ပြီး အွန်လိုင်းအတွက် Facebook ၊ TikTok ၊ Grab ၊ FoodPanda စတဲ့ ပလက်ဖောင်းတွေကို သုံးနိုင်ပါတယ်။ အဲဒီလိုပဲ အွန်လိုင်းကနေ လက်ကားရောင်းချသူတွေနဲ့ ချိတ်ဆက်ပြီး အပ်ပို့ဝန်ဆောင်မှုတွေနဲ့ ရောင်းချလို့ရပါတယ်။**

**MSMEs ပြပွဲ၊ ပြိုင်ပွဲများ**

နိုင်ငံတော်အနေနဲ့ MSMEs ရဲ့ စွမ်းရည်ကိုဖော်ထုတ်ဖို့နဲ့ အားပေးဖို့အတွက် နှစ်စဉ် MSMEs ပြပွဲတွေ၊ ဆန်းသစ်တီထွင်မှုပြိုင်ပွဲတွေနဲ့ စီးပွားရေးအစီအစဉ်ပြိုင်ပွဲတွေကို မကြာခဏကျင်းပပေးလျက်ရှိပါတယ်။ ဒီပြပွဲတွေဟာ MSMEs လုပ်ငန်းရှင်တွေ မိမိတို့ထုတ်ကုန်တွေကို ပြသဖို့၊ ဖောက်သည်အသစ်တွေနဲ့ မိတ်ဆက်နိုင်ဖို့၊ ရင်းနှီးမြှုပ်နှံသူတွေနဲ့ တွေ့ဆုံနိုင်ဖို့အပြင် ဆန်းသစ်တဲ့ စီးပွားရေးအကြံဉာဏ်တွေအတွက် ဆုငွေရရှိဖို့ အခွင့်အလမ်းကောင်းတွေဖြစ်ပါတယ်။ ပြိုင်ပွဲတစ်ခုကနေ အနိုင်ရခဲ့တဲ့ လက်ဖက်ခြောက်လုပ်ငန်းရှင်တစ်ဦးဟာ ဆုငွေကနေ ထုတ်လုပ်ဖို့ စက်ကိရိယာအချို့ကို ဝယ်နိုင်ခဲ့ပြီး သူ့ရဲ့ ထုတ်လုပ်မှုစွမ်းရည်ကို သုံးဆအထိ မြှင့်တင်နိုင်ခဲ့တယ်လို့ သတင်းတွေမှာ ဖတ်ရှုခဲ့ရဖူးပါတယ်။

**ဒစ်ဂျစ်တယ် စီးပွားရေးယဉ်ကျေးမှုကိုဖော်ဆောင်**

**မြန်မာနိုင်ငံရဲ့ MSMEs ဟာ ဒစ်ဂျစ်တယ်နည်းပညာကို ကောင်းစွာအသုံးချနိုင်မယ်ဆိုရင် ကျေးလက်ဒေသက လက်မှုပစ္စည်းလေးတွေဟာ နိုင်ငံတကာဈေးကွက်ကို ရောက်ရှိသွားနိုင်မယ်၊ ကျေးရွာလေးတစ်ရွာက စားသောက်ကုန်တွေဟာ မြို့ကြီးတွေဆီ ရောက်ရှိသွားနိုင်မယ်။ သို့သော် ရေရှည်တည်တံ့တဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက် ဒစ်ဂျစ်တယ်စီးပွားရေးယဉ်ကျေးမှုကို မွေးမြူဖို့လိုအပ်ပါတယ်။**

လုပ်ငန်းရှင်တွေနဲ့ ဝန်ထမ်းတွေအတွက် **ဒစ်ဂျစ်တယ်စီးပွားရေးစီမံခန့်ခွဲမှု၊ အွန်လိုင်းဈေးကွက်ရှာဖွေရေး၊ ဒစ်ဂျစ်တယ်ငွေကြေးဝန်ဆောင်မှု အသုံးပြုနည်းဆိုင်ရာ အခြေခံကျင့်ဝတ်တွေ၊ အသုံးပြုနည်းတွေနဲ့ ဆောင်ရန်၊ ရှောင်ရန်တွေကို ဖြည့်ဆည်းပေးဖို့ လိုအပ်ပါတယ်။** လူငယ်တွေအတွက် ဒစ်ဂျစ်တယ်စီးပွားရေးဆိုင်ရာ ပညာရေးကို စနစ်တကျ မိတ်ဆက်ပေးသင့်သလို အွန်လိုင်းလုံခြုံရေးဆိုင်ရာ အသိပညာပေးခြင်းနဲ့ စံညွှန်းတွေ ချမှတ်ပေးခြင်းအားဖြင့် အွန်လိုင်းလှည့်ဖြားမှုတွေ၊ အချက်အလက်ခိုးယူမှုတွေကနေ ကာကွယ်နိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင် နေရာဒေသမရွေး ဈေးသက်သာပြီးမြန်ဆန်တဲ့ အင်တာနက်ဝန်ဆောင်မှုရရှိရေးကလည်း ဒစ်ဂျစ်တယ်ပြောင်းလဲမှုရဲ့ အခရာကျတာကိုလည်း သတိပြုသင့်ပါတယ်။

ဒစ်ဂျစ်တယ်ပြောင်းလဲမှုဟာ MSMEs အတွက် ရွေးချယ်စရာမဟုတ်တော့ဘဲ ရှင်သန်တိုးတက်ရန်အတွက် မဖြစ်မနေလိုအပ်တဲ့ ကိရိယာတစ်ခုဖြစ်လာပါပြီ။ နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်ချက်နဲ့အညီ နိုင်ငံတော်ကပံ့ပိုးပေးနေတာတွေကို အသုံးချလို့ MSMEs ပိုမိုဖွံ့ဖြိုးတိုးတက်လာစေဖို့ အားလုံးရဲ့တာဝန်ပဲဖြစ်ပါတယ်။ ဒစ်ဂျစ်တယ်ခေတ်ကြီးထဲမှာ မြန်မာ့ MSMEs ပိုမိုဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆန္ဒပြုရင်း။ ။

> **နိုင်ငံတော်ကလည်း MSME လုပ်ငန်းသစ်တွေအတွက် အခွန်ဖြေလျှော့တာ၊ စတင်စရိတ်အတွက်ထောက်ပံ့တာ စတာတွေရှိသလို မှတ်ပုံတင်တဲ့အခါ DICA ၊ မြို့နယ်အုပ်ချုပ်ရေးရုံး၊ FDA စတဲ့ သက်ဆိုင်ရာရုံးတွေမှာ အချက်အလက်တွေဖြည့်ဆည်းပြီး တစ်လလောက်အတွင်းမှာ လုပ်ငန်းစတင်လည်ပတ်လို့ရနိုင်ပါတယ်။ MSME အဖြစ် မှတ်ပုံတင်ထားခြင်းအားဖြင့် ကုန်သွယ်ခွန်အချို့ကိုလည်း လျှော့ပေါ့ခွင့်ရနိုင်ပါတယ်။ အရေးကြီးတဲ့ရောင်းချမှုလမ်းကြောင်းအဖြစ် အော့ဖ်လိုင်းရောင်းချမှုတွေအတွက် ကုန်စုံဆိုင်တွေ၊ စူပါမားကက်တွေကိုအားကိုးနိုင်ပြီး အွန်လိုင်းအတွက် Facebook ၊ TikTok၊ Grab ၊ FoodPanda စတဲ့ ပလက်ဖောင်းတွေကို သုံးနိုင်ပါတယ်။ အဲဒီလိုပဲ အွန်လိုင်းကနေ လက်ကားရောင်းချသူတွေနဲ့ချိတ်ဆက်ပြီး အပ်ပို့ဝန်ဆောင်မှုတွေနဲ့ ရောင်းချလို့ရပါတယ်**

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲ ကျင်းပရန်

၈

ရက်

သာ လိုတော့သည်။

## မန္တလေးတိုင်းဒေသကြီးအတွင်း ကြိုတင်ဆန္ဒမဲပေးခြင်းလုပ်ငန်းစဉ်များ စတင်ဆောင်ရွက်

မန္တလေး ဒီဇင်ဘာ ၁၉

လာမည့် ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် ကြိုတင်ဆန္ဒမဲပေးခြင်းလုပ်ငန်းစဉ်များကို မန္တလေးတိုင်းဒေသကြီးအတွင်း သက်ဆိုင်ရာမြို့နယ်များရှိ ရပ်ကွက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများ၌ ယနေ့မှစတင်၍ ဆောင်ရွက်သည်။

အဆိုပါ ကြိုတင်ဆန္ဒမဲပေးခြင်းကို နံနက်ပိုင်းမှ စတင်၍ အောင်မြေသာစံမြို့နယ်နှင့် ချမ်းအေးသာစံမြို့နယ်အတွင်းရှိ သက်ဆိုင်ရာ ရပ်ကွက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများသို့ ကြိုတင်ဆန္ဒမဲလာရောက်ပေးကြသူများကို တာဝန်ရှိသူများက လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ခြင်း၊ ဆန္ဒမဲပေးခြင်းလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားကာ ကြိုတင်ဆန္ဒမဲပေးခြင်းကို ဆောင်ရွက်ကြသည်။



ကြိုတင်ဆန္ဒမဲပေးခြင်းလုပ်ငန်းစဉ်များ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့်စပ်လျဉ်း၍ ချမ်းအေးသာစံမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးကျော်ကျော်ထိုက်က "ချမ်းအေးသာစံမြို့နယ်မှာ မဲရုံပေါင်း ၇၀ ရှိပါတယ်။ ဒီဇင်ဘာ ၁၈ ရက်ကနေ ၂၇ ရက်အထိ ကြိုတင်မဲပေးခြင်းကို စီစဉ်ဆောင်ရွက်ထားပါတယ်။ ကြိုတင်မဲကို တာဝန်ပေးအပ်ထားတဲ့ ဌာနဆိုင်ရာဝန်ထမ်းတွေ၊ ဆေးရုံတက်ကုသနေရတဲ့ သက်ကြီးရွယ်အိုတွေ၊ လူနာတွေအတွက် ဦးစားပေး ဆောင်ရွက်ထားပါတယ်။ မဲရုံကိုမလာနိုင်တဲ့ သက်ကြီးရွယ်အိုတွေအတွက်ကိုလည်း ကော်မရှင်အဖွဲ့ဝင်တွေ၊ သက်ဆိုင်ရာ တာဝန်ရှိသူတွေက အိမ်တိုင်ရာရောက်သွားပြီး ကြိုတင်မဲပေးနိုင်ဖို့ စီစဉ်ဆောင်ရွက်ထားပါတယ်။ အခုကြိုတင်မဲပေးတာဖြစ်ပြီး ဒီဇင်ဘာ ၂၈ ရက်မှာ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကို ကျင်းပမှာပါ။ အများပြည်သူ တစ်ယောက်ချင်းစီရဲ့ အခွင့်အရေးမဆုံးရှုံးစေဖို့ ဆောင်ရွက်ထားပါတယ်"ဟု ပြောသည်။

ကြိုတင်ဆန္ဒမဲလာရောက်ပေးသူ ဦးဇော်ဝင်းခိုင်ကလည်း "ကျွန်တော်က ချမ်းအေးသာစံမြို့နယ် ပြည်ကြီးမျက်မှန်ရပ်ကွက်ကပါ။ ရွေးကောက်ပွဲနေ့မှာ မဲရုံမှူး တာဝန်ထမ်းဆောင်ရမှာ ဖြစ်တဲ့အတွက် ကြိုတင်မဲလာရောက်ပေးတာဖြစ်ပါတယ်။ မဲရုံကို ရောက်တဲ့အချိန်မှာ အရင်ဆုံးမှတ်ပုံတင်ပြရပြီး လိုအပ်တဲ့စစ်ဆေးမှုတွေ ဆောင်ရွက်ပေးပါတယ်။ မဲပေးရတဲ့အခါမှာလည်း လွတ်လပ်စွာ မဲပေးခဲ့ရပါတယ်။ ဒါကြောင့် ကြိုတင်မဲပေးရမယ့်သူတွေလည်း မဲလာရောက်ပေးကြဖို့ ဖိတ်ခေါ်ပါတယ်"ဟု ပြောသည်။

ကြိုတင်ဆန္ဒမဲ လာရောက်ပေးသူတစ်ဦးကလည်း "ကျွန်မက ရွေးကောက်ပွဲနေ့မှာ မဲစာရင်းစစ်ဆေးသူအနေနဲ့ တာဝန်ထမ်းဆောင်ရမှာဖြစ်လို့ ကြိုတင်မဲလာရောက်ပေးတာပါ။ မဲပေးရတဲ့အခါမှာလည်း လွတ်လွတ်လပ်လပ်နဲ့ စနစ်တကျပေးခွင့်ရခဲ့ပါတယ်။ အခုလာမယ့် ရွေးကောက်ပွဲမှာ မိမိတို့လုပ်ငန်းတာဝန်တွေ ထမ်းဆောင်ကြရမယ့် ပြည်သူတွေအနေနဲ့ ကြိုတင်မဲပေးလို့ရနေပြီ။ လာမယ့် ဒီဇင်ဘာ ၂၈ ရက်မှာလည်း နိုင်ငံသားအခွင့်အရေးမဆုံးရှုံးစေဖို့ မဲလာရောက်ပေးကြဖို့ ဖိတ်ခေါ်ပါတယ်" ဟု ပြောသည်။

အဆိုပါ ကြိုတင် ဆန္ဒမဲပေးခြင်းကို ဒီဇင်ဘာ ၁၈ ရက်မှ ၂၇ ရက်အထိ နေ့စဉ်နံနက် ၈ နာရီမှ ညနေ ၆ နာရီအတွင်း သက်ဆိုင်ရာ မဲရုံများတွင် ဆန္ဒမဲပေးနိုင်ပြီဖြစ်၍ နိုင်ငံသားအခွင့်အရေး မဆုံးရှုံးစေရေးအတွက် ကြိုတင်မဲပေးပိုင်ခွင့်ရှိသူများအားလုံး ဆန္ဒမဲပေးနိုင်ကြောင်း သိရသည်။

**မင်းထက်အောင်**


## ပြည်ပရောက် မြန်မာနိုင်ငံသားများ၏ ကြိုတင်ဆန္ဒမဲလက်မှတ်များကို နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပြန်လည်လွှဲပြောင်းပေးအပ်

နေပြည်တော် ဒီဇင်ဘာ ၁၉

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအတွက် ပြည်ပရောက်မြန်မာနိုင်ငံသားများ ကြိုတင်မဲပေးနိုင်ရန် မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံး ၅၀ တို့တွင် သတ်မှတ်ရက်များအလိုက် မဲရုံများဖွင့်လှစ်၍ ကြိုတင်ဆန္ဒမဲပေးခြင်းအစီအစဉ်များကို ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံး အသီးသီးတို့မှ ပြန်လည်ပေးပို့လာသည့် ပြည်ပရောက် မြန်မာနိုင်ငံသားများ၏ ကြိုတင်မဲလက်မှတ်များကို ယမန်နေ့တွင် နိုင်ငံခြားရေးဝန်ကြီးဌာနက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်သူများလိုလားသည့် ဒီမိုကရေစီနိုင်ငံတော်ကို ရွေးကောက်ပွဲဖြင့်သာ ဖော်ဆောင်နိုင်မည်



## လင်းခေးခရိုင် ဟိုမိန်းမြို့နယ်နှင့် လင်းခေးမြို့နယ်တို့ရှိ မဲရုံလုံခြုံရေး တာဝန်ထမ်းဆောင်မည့် ဌာနဆိုင်ရာများအား တွေ့ဆုံ၊ မဲရုံနေရာများနှင့် MEVM စက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးမှုများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၁၉

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် ဟိုမိန်းမြို့နယ်နှင့် လင်းခေးမြို့နယ်အတွင်း ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မဲရုံလုံခြုံရေး တာဝန်ထမ်းဆောင်ကြမည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ မီးသတ်ဦးစီးဌာနနှင့် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့တို့မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအား ယနေ့နံနက်ပိုင်းတွင် အရှေ့အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စိုးမြတ်ထွဋ်နှင့် တာဝန်ရှိသူများက သွားရောက်တွေ့ဆုံသည်။

### ညှိနှိုင်းဆောင်ရွက်

ဦးစွာ တိုင်းမှူးက ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ မှာကြားပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများက ကဏ္ဍအလိုက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို တင်ပြကြရာ တိုင်းမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများသည် ဟိုမိန်းမြို့နှင့် လင်းခေးမြို့တို့ရှိ မဲရုံများအလိုက် မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM)များဖြင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



တပ်မတော်စစ်ကြောင်းများက စဉ့်ကူးမြို့အား ပြန်လည်သိမ်းပိုက်ထိန်းချုပ်ရရှိမှု။



ဆုတ်ခွာထွက်ပြေးသွားသည့် အကြမ်းဖက်သောင်းကျန်းသူများအား တိုက်ခိုက်ချေမှုန်းခဲ့သည့် မှတ်တမ်းဓာတ်ပုံကို တွေ့ရစဉ်။



ဆုတ်ခွာထွက်ပြေးသွားသည့် အကြမ်းဖက်သောင်းကျန်းသူများအား တိုက်ခိုက်ချေမှုန်းခဲ့သည့် မှတ်တမ်းဓာတ်ပုံကို တွေ့ရစဉ်။





တပ်မတော်စစ်ကြောင်းများက စဉ့်ကူးမြို့အား ပြန်လည်သိမ်းပိုက်ထိန်းချုပ်ရရှိမှုကို တွေ့ရစဉ်။



တပ်မတော်စစ်ကြောင်းများက စဉ့်ကူးမြို့နယ် လက်ပန်လှကျေးရွာအား ပြန်လည်သိမ်းပိုက်ထိန်းချုပ်ရရှိမှုကို တွေ့ရစဉ်။



တပ်မတော်စစ်ကြောင်းများက စဉ့်ကူးမြို့အား ပြန်လည်သိမ်းပိုက်ထိန်းချုပ်ရရှိမှုကို တွေ့ရစဉ်။

* ကျောဖုံးမှ

PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များအနေဖြင့် မိုးကုတ်၊ မိုးမိတ်၊ သပိတ်ကျင်း၊ မတ္တရာ၊ စဉ့်ကူးဒေသတစ်ဝိုက်အား ၂၀၂၄ ခုနှစ်မှစ၍ ဝင်ရောက်တိုက်ခိုက်ကာ မြို့/ရွာများအတွင်း တိုက်ပွဲများဖော်ဆောင်ခြင်း၊ လုံခြုံရေးအင်အားနည်းသော တပ်စခန်းငယ်များအား အင်အားအလုံးအရင်းဖြင့် တိုက်ခိုက်ခြင်း၊ ပြည်သူပိုင်ပစ္စည်းများအား အတင်းအဓမ္မယူဆောင်ခြင်း၊ နိုင်ငံ့အကျိုးပြုစက်ရုံ၊ အလုပ်ရုံများအား ဝင်ရောက်မီးရှို့ဖျက်ဆီးခြင်း၊ နိုင်ငံပိုင်မြေပေါ်၊ မြေအောက် သယံဇာတများ အဓမ္မနည်းဖြင့် ထုတ်ယူကိုယ်ကျိုးသုံးစွဲခြင်း စသည့် အကြမ်းဖက် လုပ်ငန်းများကို နည်းလမ်းပေါင်းစုံဖြင့် လုပ်ဆောင်ခဲ့သဖြင့် အဆိုပါဒေသရှိ ဒေသခံတိုင်းရင်းသားများ အနေဖြင့် ၎င်းတို့ပိုင်ဆိုင်သည့် နေအိမ်အဆောက်အအုံများနှင့် ဥစ္စာပစ္စည်းများကို စွန့်လွှတ်၍ ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

ထို့ကြောင့် တပ်မတော်စစ်ကြောင်းများက အဆိုပါဒေသများ တည်ငြိမ်အေးချမ်းရေး၊ ယာယီနေရပ်စွန့်ခွာပြည်သူများ ၎င်းတို့၏နေရပ်သို့ ပြန်လည်အခြေချနေထိုင်နိုင်ရေး၊ စက်ရုံ၊ အလုပ်ရုံများ ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် နိုင်ငံစီးပွားတိုးတက်ရေး အထောက်အကူပြုသည့် မြေပေါ်/မြေအောက် သယံဇာတများ ပြန်လည်ဆောင်ရွက်နိုင်ရေးတို့အတွက် လိုအပ်သည့် ပြင်ဆင်စုဖွဲ့မှုများ ဆောင်ရွက်ပြီး အကြမ်းဖက် ချေမှုန်းမှုစစ်ဆင်ရေး (Counter–Terrorism Operation) ကို ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးထားသည့် မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နှင့် ၎င်းဒေသတစ်ဝိုက်အား ၂၀၂၅ ခုနှစ် ဇူလိုင် ၂၃ ရက်တွင် လည်းကောင်း၊ မတ္တရာမြို့နယ်ရှိ ဖယောင်းတောင်သတ္တုတွင်းဒေသအား ဩဂုတ် ၂၄ ရက်တွင် လည်းကောင်း၊ အယ်လ်ဖာဘိလပ်မြေစက်ရုံတစ်ဝိုက်အား ဩဂုတ် ၂၈ ရက်တွင် လည်းကောင်း၊ ဆည်တော်ကြီး ကျေးရွာနှင့် ရေလှောင်တမံအားနိုဝင်ဘာ ၇ရက်တွင်လည်းကောင်း အဝေးရောက်ဒေသခံပြည်သူများ၏ စစ်ရေးသတင်းပေး ကူညီမှုများဖြင့် တစ်နေရာပြီး တစ်နေရာ ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့သည်။

ထိုသို့ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ဒေသများအား တစ်ခုပြီးတစ်ခု ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ပြီး ဒေသခံပြည်သူများ၏ အားပေးထောက်ခံမှု ရရှိထားသည့် တပ်မတော်စစ်ကြောင်းများအနေဖြင့် မတ္တရာ၊ ပြင်ဦးလွင် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများ ဌာနချုပ်အဖြစ် ဖွင့်လှစ်၍ ယာယီစိုးမိုးထားသည့် စဉ့်ကူးမြို့နှင့် လက်ပန်လှကျေးရွာဒေသတို့အား ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ရေးအတွက် လိုအပ်သည့် အုပ်ချုပ် ထောက်ပံ့မှုများကို ဖြည့်တင်း ဆောင်ရွက်ပြီး လေကြောင်းပစ်ကူ၊ လက်နက်ကြီးပစ်ကူများ ပူးပေါင်း၍ မြေပြင်/ဝေဟင် ဟန်ချက်ညီပေါင်းစပ်ကာ မြေပြင်သတင်း ဖော်ထုတ်ပြီး တိုက်ပွဲဝင်အရာရှိ၊ စစ်သည်များ၏ တိုက်စွမ်းရည်၊ တိုက်စွမ်းအား တိုးတက်မြင့်မားလာမှု၊ စိတ်ဓာတ်ခွန်အားတက်ကြွမှု၊ တိုက်လိုခိုက်လိုစိတ်ပြင်းပြမှု၊ တုံးတိုက်တိုက်ကျားကိုက်ကိုက် စိတ်ဓာတ်တို့နှင့်အတူ စဉ့်ကူးမြို့နှင့် လက်ပန်လှကျေးရွာဒေသတို့အား ပြန်လည်သိမ်းပိုက်ရရှိရေးအတွက် ပိတ်ဆို့ရေးအနေဖြင့် သပိတ်ကျင်း–ဝါးဖြူတောင်မှတစ်ဆင့် ဇရပ်ကွင်းသို့ စစ်ကြောင်းနှစ်ကြောင်းဖြင့်

စာမျက်နှာ ၉ သို့ *



အကြမ်းဖက်သောင်းကျန်းသူများက ဖောက်ခွဲဖျက်ဆီးခဲ့သည့် ဇရပ်ကွင်းတံတားကို တွေ့ရစဉ်။

* စာမျက်နှာ ၈ မှ
ပိတ်ဆို့ရှင်းလင်းခဲ့ရာ ဒီဇင်ဘာ ၁၈ ရက်တွင် ဇရပ်ကွင်းကို ထိန်းချုပ်နိုင်ခဲ့ပြီး လိပ်ကျ၊ ချောင်းကြီးနှင့် နွယ်ရုံ တစ်ဝိုက်ကိုလည်း ဆက်လက် ပိတ်ဆို့ထိန်းချုပ်ခဲ့သည်။ ဆက်လက်၍ ရတနာသိင်္ဂီ-နားခါ-ပျဉ်းချောင်း-လမင်းသာ လမ်းကြောင်း၊ ပန်းတင်-မြကန်သာ လမ်းကြောင်း၊ မတ္တရာ-စဉ့်ကူး လမ်းမကြီး ဘယ်/ညာမှ-တရော်ပင်-ညောင်ဝန်း-သာယာကုန်း လမ်းကြောင်း၊ ဧရာဝတီမြစ် အရှေ့ဘက်ကမ်း-ကျောက်ငှား-ရေတော်-ရွှေလှေ လမ်းကြောင်းတို့ဖြင့် စစ်ကြောင်းများခွဲ၍ အဆင့်ဆင့်တိုက်ခိုက်ချေမှုန်းခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် လက်ပန်လှ ကျေးရွာတစ်ဝိုက်အား ဒီဇင်ဘာ ၁၈ ရက်တွင် လည်းကောင်း၊ စဉ့်ကူးမြို့တစ်မြို့လုံးအား ယနေ့တွင် လည်းကောင်း ပြန်လည်သိမ်းပိုက်ရရှိခဲ့ပြီး အကြမ်းဖက်သောင်းကျန်းသူများ ဖရိုဖရဲဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

တပ်မတော် စစ်ကြောင်းများ အနေဖြင့် စဉ့်ကူးမြို့နှင့် အဆိုပါ ဒေသတစ်ဝိုက်အား ပြန်လည် သိမ်းပိုက်ရရှိရေး အသက်ကိုပဓာန မထားဘဲ ရှပ်ရှပ်ချုံချုံ တိုက်ခိုက်ချေမှုန်းခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များနှင့် တိုက်ပွဲကြီး/ငယ် အကြိမ် ၅၀ ဖြစ်ပွားခဲ့ပြီး ရန်သူ့ထံမှ အလောင်း ၂၂ လောင်း၊ လက်နက်မျိုးစုံ ၄၇ လက်၊ အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့ပြီး အရာရှိ၊ စစ်သည်အချို့ နိုင်ငံတော်အတွက် မြင့်မြတ်စွာ အသက်ပေးလှူခဲ့ရသည်။

နိုင်ငံတော်ပျက်စီးရာ ပျက်စီးကြောင်းကို နည်းလမ်းမျိုးစုံဖြင့် အစဉ်တစိုက် ကြိုးပမ်းလုပ်ဆောင်နေသော CRPH၊ NUG အမည်ခံ အကြမ်းဖက် အဖွဲ့အစည်းများ၏ လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများသည် အဆိုပါ ဒေသအား ယာယီစိုးမိုးထားစဉ် မြို့/ရွာများအတွင်း ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ စာသင်ကျောင်းများ၊ ဌာနဆိုင်ရာ အဆောက်အအုံများ၊ ဆေးရုံများနှင့် လူနေအိမ်များအတွင်း ဝင်ရောက်နေရာယူ၍ ဘန်ကာများ ပြုလုပ်ခြင်း၊ ပြည်သူများ၏ အိုးအိမ်များကို ခံစစ်တံတိုင်းအဖြစ် အကာအကွယ်ရယူ၍ ပစ်ခတ်တိုက်ခိုက်ခြင်း၊ ပြည်သူများ အဓိက သွားလာအသုံးပြုလျက်ရှိသည့် အဆိုပါဒေသရှိ ဧရာဝတီတံတား (ရတနာသိင်္ဃ)၊ ကျောက်စရစ်တံတား၊ ဇရပ်ကွင်းတံတားအပါအဝင် လမ်း၊ တံတားကြီးများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းများ၊ တိုင်းပြည်


အကြမ်းဖက်သောင်းကျန်းသူများက ဧရာဝတီတံတား (ရတနာသိင်္ဃ)အား မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခဲ့မှုကို တွေ့ရစဉ်။

ဖွံ့ဖြိုးတိုးတက်မှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနေသည့် စက်ရုံ၊ အလုပ်ရုံများနှင့် ဌာနဆိုင်ရာ အဆောက်အအုံများအား မီးရှို့ဖျက်ဆီးခြင်းများ လုပ်ဆောင်ခဲ့သည်။

ထို့ပြင် ဆည်တော်ကြီး ရေလှောင်တမံ၏ ဆည်ရေပိုလွှဲရေတံခါး အဖွင့်/အပိတ် မောင်းခလုတ်၊ ဆည်တမံပေါင်နှင့် ရေထိန်းတံခါးတို့အား မိုင်းထောင်၍ ဖောက်ခွဲဖျက်ဆီးရန် ယုတ်မာရိုင်းစိုင်းစွာဖြင့် လုပ်ဆောင်ခဲ့သည်ကိုတွေ့ရပြီး တပ်မတော်အနေဖြင့် လက်မတင် အချိန်မီတားဆီး ထိန်းချုပ်နိုင်ခဲ့သည်။

ယခု ဆုတ်ခွာထွက်ပြေးစဉ်တွင်လည်း ၎င်းတို့ လုပ်ဆောင်နေကျ နည်းလမ်းများဖြစ်သည့် ပြည်သူများပိုင်ဆိုင်သည့် အဖိုးတန်နှင့် အမြတ်တနိုး သိမ်းဆည်းထားသော ပစ္စည်းများအား အတင်းအဓမ္မ ယူဆောင်ခြင်း၊ အဆိုပါဒေသ အတွင်းရှိ နိုင်ငံတော်၏ သယံဇာတဖြစ်သော တရားဝင်ခွင့်ပြုထားသည့် ရွှေလုပ်ကွက်များအတွင်း အတင်းအဓမ္မ ဝင်ရောက်လုပ်ကိုင်တူးဖော်ခြင်း၊ ပြည်သူများပိုင်ဆိုင်သည့် အဖိုးတန်ပစ္စည်းများကို လက်နက်အားကိုးဖြင့် အနိုင်ကျင့်ယူဆောင်ခြင်းများ ပြုလုပ်ကာ ရွှေ/သတ္တု ရောရာမြေစာများနှင့် အဖိုးတန်ပစ္စည်းများအား ယာယီနေရပ်စွန့်ခွာ ပြည်သူများထားရှိခဲ့သည့် မော်တော်ယာဉ်များဖြင့် တင်ဆောင်ကာ ဧရာဝတီမြစ်အား ဖြတ်ကူး၍ ဆုတ်ခွာထွက်ပြေးရန် လုပ်ဆောင်လျက်ရှိကြောင်း မြေပြင်သတင်း ဖော်ထုတ်ချက်အရ တပ်မတော်စစ်ကြောင်းများက မြေပြင်၊ ဝေဟင် စစ်နည်းဗျူဟာမြောက် ပေါင်းစပ်ချေမှုန်းခဲ့ရာ အကြမ်းဖက် သောင်းကျန်းသူများသည် အထိနာစွာဖြင့် ဧရာဝတီမြစ်အနောက်ဘက်သို့ ဆုတ်ခွာထွက်ပြေးစဉ် အစီအစဉ်ပျက်ပြားကာ ဦးတည်ရာမဲ့ ထွက်ပြေးလျက်ရှိပြီး အဆိုပါအကြမ်းဖက်သောင်းကျန်းသူများကိုလည်း တပ်မတော် စစ်ကြောင်းများက မြေပြင်/ဝေဟင် ပေါင်းစပ်၍ ထက်ကြပ်လိုက်လံ ချေမှုန်းလျက်ရှိကြောင်းနှင့် စဉ့်ကူးမြို့နှင့် လက်ပန်လှ ကျေးရွာအတွင်း ယာယီနေရပ်စွန့်ခွာ ပြည်သူများ အန္တရာယ်ကင်းရှင်းစွာ ပြန်လည်ဝင်ရောက် နေထိုင်နိုင်ရေးနှင့် အစိုးရအုပ်ချုပ်မှုယန္တရား အမြန်ဆုံးပြန်လည် လည်ပတ်နိုင်ရေးအတွက် လိုအပ်သည့်နယ်မြေလုံခြုံရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**


အကြမ်းဖက်သောင်းကျန်းသူများက စာသင်ကျောင်းအတွင်း ဘန်ကာများပြုလုပ်ထားရှိမှုကို တွေ့ရစဉ်။


အကြမ်းဖက်သောင်းကျန်းသူများက ဇရပ်ကွင်းဆေးရုံအတွင်း ဘန်ကာများပြုလုပ်ထားရှိမှုကို တွေ့ရစဉ်။


အကြမ်းဖက်သောင်းကျန်းသူများ၏ အလောင်းများကို တွေ့ရစဉ်။


အကြမ်းဖက်သောင်းကျန်းသူများက ဖောက်ခွဲဖျက်ဆီးခဲ့သည့် ကျောက်စရစ်ကုန်းတံတားအား ပြန်လည်ပြုပြင်ထားရှိမှုကို တွေ့ရစဉ်။


အကြမ်းဖက်သောင်းကျန်းသူများက ဌာနဆိုင်ရာအဆောက်အအုံများအား ဖျက်ဆီးခဲ့မှုကို တွေ့ရစဉ်။


အကြမ်းဖက်သောင်းကျန်းသူများက လူနေအိမ်များအတွင်း ဘန်ကာများပြုလုပ်ထားရှိမှုကို တွေ့ရစဉ်။


အကြမ်းဖက်သောင်းကျန်းသူများက ဇရပ်ကွင်းဆေးရုံအား ဖျက်ဆီးခဲ့မှုကို တွေ့ရစဉ်။


အကြမ်းဖက်သောင်းကျန်းသူများထံမှ လက်နက်၊ ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိမှုကို တွေ့ရစဉ်။

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးလွင်ဦး ကော်မရှင်ရုံးခွဲ(မော်လမြိုင်)ရှိ ဝန်ထမ်းများနှင့်တွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၁၉**

အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌ ဦးလွင်ဦးသည် ယနေ့နံနက်ပိုင်းတွင် ကော်မရှင်ရုံးခွဲ(မော်လမြိုင်)ရှိ အစည်းအဝေးခန်းမ၌ ကော်မရှင်ရုံးခွဲမှ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် တာဝန်ခံညွှန်ကြားရေးမှူးက ရုံးခွဲစတင်ဖွင့်လှစ်ခဲ့မှု၊ ရုံးအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ခဲ့မှု၊ ဝန်ထမ်းဖွဲ့စည်းပုံနှင့် ဝန်ထမ်းခန့်ထားမှု၊ အသိပညာပေးရေး၊ စုံစမ်းစစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ကော်မရှင်ဥက္ကဋ္ဌက မိမိတို့ကော်မရှင်အနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူပြီး အသိပညာပေးခြင်း၊ တားဆီးကာကွယ်ခြင်းနှင့် စုံစမ်းစစ်ဆေး အရေးယူဆောင်ရွက်ခြင်း လုပ်ငန်းစဉ်များဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း။

ဒီဇင်ဘာ ၉ ရက်တွင် ကျင်းပခဲ့သည့် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့ အခမ်းအနားတွင် ပြောကြားခဲ့သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ၏ Video Message တွင်လည်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးကို ရေတို၊ ရေရှည်လုပ်ငန်းစီမံချက်များဖြင့် ချမှတ်ဆောင်ရွက်ရန် လိုကြောင်းပြောကြားခဲ့ပြီး အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးခြင်းနှင့် လူငယ်စကားဝိုင်းဆွေးနွေးပွဲများကို ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်းကို ပြောကြားခဲ့ပါကြောင်း။

ကော်မရှင်ရုံးခွဲများရှိ ဝန်ထမ်းများ အနေဖြင့်လည်း အခြေခံကျောင်းများသို့ အသိပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်းကို သိရှိရပြီး ထိုကဲ့သို့ စိတ်ပါဝင်စားစွာ ဆက်လက်ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ ကော်မရှင်အပေါ် အများပြည်သူတို့၏ ယုံကြည်အားကိုးမှု ပိုမိုရရှိနိုင်ရေးအတွက် ရုံးခွဲများသည်လည်း အရေးကြီးသော အခန်းကဏ္ဍတွင် ပါဝင်ပါကြောင်း၊ ဝန်ထမ်းများ၏ ကျင့်ဝတ်လိုက်နာစောင့်ထိန်းမှု၊ ချမှတ်ထားသည့် ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများ လိုက်နာမှုများသည် ကော်မရှင်အပေါ်တွင်ဖြစ်စေ နိုင်ငံတော်အပေါ်တွင်ဖြစ်စေ တာဝန်ကျေပွန်ခြင်းပင် ဖြစ်ပါကြောင်း။

မကြာမီအချိန်တွင် ကျင်းပမည့် ရွေးကောက်ပွဲတွင် ဝန်ထမ်းများအနေဖြင့် မပျက်မကွက် ဆန္ဒမဲပေးကြရန် လိုအပ်ပါကြောင်း၊ ဆန္ဒမဲပေးရာတွင်လည်း တိုင်းပြည်နှင့်ဒေသအကျိုးကို ဆောင်ရွက်နိုင်သူ၊ ဒို့တာဝန်အရေးသုံးပါးကို လိုက်နာစောင့်ထိန်းနိုင်သူ၊ နိုင်ငံရေးအမြင်၊ အုပ်ချုပ်ရေးအမြင်၊ စီးပွားရေးအမြင်၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအမြင်ရှိသူများကို ရွေးချယ်၍ မဲပေးကြရန်လိုအပ်ကြောင်း၊ ထို့အပြင် လွတ်လပ်ပြီး တရားမျှတမှုရှိသည့် ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မိမိတို့အနေဖြင့် ကျရာအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်းပြောကြားသည်။



ယင်းနောက် ကော်မရှင်ဥက္ကဋ္ဌက ရုံးခွဲရှိ ဝန်ထမ်းများအတွက် ကြက်ဥ၊ စားသုံးဆီနှင့် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်ရာ ရုံးခွဲတာဝန်ခံက လက်ခံရယူခဲ့ပြီး ရုံးခွဲအဆောက်အအုံအတွင်း ဝန်ထမ်းများ၏ လုပ်ငန်းတာဝန်ထမ်းဆောင်နေမှုများနှင့် ကော်မရှင်ရုံးခွဲ ဝန်ထမ်းအိမ်ရာကို ကြည့်ရှုစစ်ဆေး၍ နေထိုင်သည့် ဝန်ထမ်းမိသားစုများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အွန်လိုင်းအသုံးပြုလိမ်လည်မှုတိုက်ဖျက်ရေး ကမ္ဘာလုံးဆိုင်ရာပူးပေါင်းဆောင်ရွက်မှု အပြည်ပြည်ဆိုင်ရာညီလာခံသို့ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၁၉**

အွန်လိုင်းအသုံးပြုလိမ်လည်မှု တိုက်ဖျက်ရေး ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အပြည်ပြည်ဆိုင်ရာညီလာခံကို ဒီဇင်ဘာ ၁၇ ရက်မှ ၁၈ ရက်အထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ InterContinental Bangkok ဟိုတယ်၌ ကျင်းပသည်။

ညီလာခံဖွင့်ပွဲကို ဒီဇင်ဘာ ၁၇ ရက် နံနက် ၉ နာရီတွင် ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တက်ရောက်ပြီး ရဝမ်ဒါ၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ လာအို၊ တောင်ဆူဒန်၊ သီရိလင်္ကာ၊ အိန္ဒိယနှင့် တရုတ်နိုင်ငံတို့မှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံပေါင်း ၅၈ နိုင်ငံနှင့် UNODC အပါအဝင် နိုင်ငံတကာ အဖွဲ့အစည်းများမှ ကိုယ်စားလှယ် စုစုပေါင်း ၃၀၀ ကျော်ခန့် တက်ရောက်ကြသည်။




ညီလာခံကို ထိုင်းနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာနနှင့် UNODC တို့က ပူးတွဲသဘာပတိများအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ကြပြီး ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး Mr. Sihasak Phangketkeow က အမှာစကားပြောကြားခြင်းနှင့် ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ် Mr. Antonio Gutteres နှင့် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး Mr. Volker Turk တို့က Video Message ဖြင့် အမှာစကားပြောကြားခြင်း၊ UNODC ၏ အရှေ့တောင်အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ကိုယ်စားလှယ် Ms. Delphine Schantz က အမှာစကားပြောကြားခြင်း၊ ရဝမ်ဒါ၊ ထိုင်း၊ မြန်မာ၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ အိန္ဒိယ၊ တရုတ်၊ မွန်ဂိုလီးယား၊ အီတလီ၊ ကနေဒါ၊ အီဂျစ်၊ သီရိလင်္ကာ၊ ဘင်္ဂလားဒေ့ရှ်၊ ဥရောပသမဂ္ဂ၊ ဆွီဒင်၊ ဂျာမနီ၊ မော်ရိုကို၊ ဩစတြေးလျ၊ ကိုရီးယား၊ ပိုလန်၊ ဖိလစ်ပိုင်၊ ဗြိတိန်၊ စင်ကာပူ၊ ကင်ညာနှင့် ဂျပန်နိုင်ငံတို့မှ ကိုယ်စားလှယ်များက Online Scam နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

**ဆွေးနွေးပြောကြား**

ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော်က မိမိတို့နိုင်ငံတော်အစိုးရ အနေဖြင့် အွန်လိုင်းအသုံးပြုလိမ်လည်မှုကို နိုင်ငံတော်အကြီးအကဲ၏ မူဝါဒနှင့်အညီ ထိထိရောက်ရောက် အမြစ်ပြတ်နှိမ်နင်းရန် **"အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေး ကြီးကြပ်မှုဗဟိုကော်မတီ"** ကို ဒီဇင်ဘာ ၁၀ ရက်တွင် ဖွဲ့စည်းခဲ့ပါကြောင်း၊ မြန်မာနိုင်ငံသည် အွန်လိုင်း အသုံးပြုလိမ်လည်မှုများ၏ အရင်းအမြစ်နှင့် အကျိုးအမြတ်ရရှိနေခြင်းမရှိပါကြောင်း၊ လိမ်လည်မှုမှ ရရှိသောငွေကြေးအားလုံးသည် မြန်မာနိုင်ငံ၏ ဘဏ်စနစ်အတွင်း ရောက်ရှိလာခြင်း မရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် လူကုန်ကူးခံရသူများအား ရှာဖွေကယ်တင်နိုင်ခဲ့ပြီး ၎င်းတို့အား လုံခြုံစိတ်ချစွာ ဇာတိနိုင်ငံသို့ ပြန်လည် ပို့ဆောင်ရေးအတွက် သက်ဆိုင်ရာသံရုံးများ၊ အဖွဲ့အစည်းများနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ နယ်စပ်ဒေသသို့ ရောက်ရှိလာသူများ၏ သုည ဒသမ ၄ ရာခိုင်နှုန်းသာ တရားဝင် ဝင်ရောက်လာသူများဖြစ်ပြီး ကျန်သူများသည် နယ်စပ်ဖြတ်ကျော်၍ တရားမဝင် ဝင်ရောက်လာသူများဖြစ်ကြောင်း၊ နိုင်ငံတကာအနေဖြင့် စေတနာအမှန်ဖြင့် ပံ့ပိုးကူညီခြင်းဖြင့်သာ အွန်လိုင်းအသုံးပြုလိမ်လည်သည့် ကွန်ရက်များကို ထိထိရောက်ရောက် ဖြိုခွင်းနိုင်မည်ဖြစ်ကြောင်း၊ ဇာတိနိုင်ငံများအနေဖြင့် ၎င်းတို့ နိုင်ငံသားများအတွက် ကြိုတင်တားဆီး ကာကွယ်ရေး အစီအမံများကိုထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်ရန်လိုအပ်ပါကြောင်းနှင့် ဖြတ်သန်းနိုင်ငံများအနေဖြင့်လည်း လူနှင့်ငွေကြေး စီးဆင်းမှုလမ်းကြောင်းများ ဖြတ်တောက်ပိတ်ဆို့နိုင်ရန် နယ်စပ်ဒေသထိန်းချုပ်ရေး အစီအမံများ တိုးမြှင့်ဆောင်ရွက်ရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားသည်။

ညီလာခံ ဒုတိယနေ့ဖြစ်သည့် ဒီဇင်ဘာ ၁၈ ရက်တွင် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Vijavat isarabhakdi နှင့် UNODC ၏ အရှေ့တောင်အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ကိုယ်စားလှယ် Ms. Delphine Schantz တို့က ရှေ့လုပ်ငန်းစဉ်များ (Ways Forward) ကို အကြံပြုဆွေးနွေးခဲ့ကြပြီး ပူးတွဲကြေညာချက်အား ပီရူး၊ ဘင်္ဂလားဒေ့ရှ်၊ အာရပ်စော်ဘွားများ ပြည်ထောင်စု၊ နီပေါနှင့် Tik Tok ကုမ္ပဏီ စသည့် ပူးတွဲအဆိုရှင်များဖြင့် အတည်ပြုခဲ့ကြသည်။

ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လှိုင်လင်မြို့နယ်တွင် ဘိန်းခင်းများဖျက်ဆီး



**လှိုင်လင် ဒီဇင်ဘာ ၁၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) လှိုင်လင်မြို့နယ် ပင်လုံမြို့ အနောက်ဘက်တောင်ကုန်း တောင်စောင်းများတွင် စိုက်ပျိုးထားသည့် ဘိန်းစိုက်ခင်းများကို ပူးပေါင်းအဖွဲ့က သွားရောက်ဖျက်ဆီးလျက်ရှိကြောင်း သိရသည်။

လှိုင်လင်တပ်နယ်မှူး ဗိုလ်မှူးချုပ်သန်းထွန်းအောင် ဦးစီး၍ တပ်မတော်သားများ၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယရဲမှူးကြီး ဇော်လင်းဦး၊ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယရဲမှူးကြီးသောင်းဝင်းနှင့် လှိုင်လင်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မိုးညွန့်ထွန်း ဦးစီးသည့်တပ်ဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ လှိုင်လင်မြို့မှ သက်ဆိုင်ရာ ဌာနဆိုင်ရာဝန်ထမ်းများ ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၁၅ ရက် နံနက်ပိုင်းမှ ဒီဇင်ဘာ ၁၆ ရက် ညနေပိုင်းအထိ ပင်လုံမြို့ အနောက်ဘက်တောင်ကုန်း တောင်စောင်းများ၌ စိုက်ပျိုးထားသော ဘိန်းစိုက်ခင်းဧက ၁၁၀ ကို ဖျက်ဆီးခဲ့ကြသည်။ အလားတူ လှိုင်လင်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးနိုင်ထွန်း ဦးစီးသည့် ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၉ ရက်မှ ဒီဇင်ဘာ ၁၆ ရက် ညနေပိုင်းအထိ လှိုင်လင်မြို့ အနောက်တောင်ဘက်နှင့် အနောက်ဘက်တောင်ကုန်း တောင်စောင်းများရှိ ဘိန်းစိုက်ခင်း ၄၉၅ ဧက ကို ဖျက်ဆီးပြီးကြောင်းနှင့် ဆက်လက်ဖျက်ဆီးလျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



**ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်တွင် ဒီဇင်ဘာ ၁၅ ရက် နံနက်ပိုင်းက မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်နိုင်ဟိန်းနှင့် တပ်ဖွဲ့ဝင်များက လူစည်ကားရာနေရာများတွင် မီးဘေးအန္တရာယ် အသိပညာပေးနှိုးဆော်ခြင်း၊ ရပ်ကွက်များအတွင်းရှိ နေအိမ်များသို့ သွားရောက်၍ မီးဘေးလုံခြုံရေးဆိုင်ရာ အသိပညာဗဟုသုတပေးခြင်းနှင့် အကြံပြုခြင်းတို့ကို ဆောင်ရွက်ကြစဉ်။**

မြို့နယ်(ပြန်/ဆက်)

# ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသည့် ဝန်ထမ်းအိမ်ရာများ ပြုပြင်ခြင်းနှင့် အိမ်ရာအသစ်များ တည်ဆောက်နေမှု ကြည့်ရှု

## ဝန်ထမ်းအိမ်ရာများ အသစ်ပြန်လည်တည်ဆောက်ရာတွင် မဂ္ဂနီကျူ ၈ အထိ ငလျင်ဒဏ်ခံနိုင်စေရေး စနစ်တကျ တွက်ချက်တည်ဆောက်

**နေပြည်တော် ဒီဇင်ဘာ ၁၉**

အဆောက်အဦများ ပြန်လည်ပြုပြင် အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် ကော်မတီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးငလျင်ကြီးကြောင့် ပျက်စီးခဲ့သောနေပြည်တော်ကောင်စီနယ်မြေအတွင်း ဝန်ထမ်းအိမ်ရာများ ပြုပြင်နေမှုနှင့် နိုင်ငံတော်က အိမ်ရာအသစ်များ တည်ဆောက်ပေးနေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် အဖွဲ့ဝင်များနှင့်အတူ လိမ္မော်အရောင်အဆင့် သတ်မှတ်ထားသော အဆောက်အအုံများ ပြုပြင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့ရသော အဆောက်အအုံများ ပြန်လည်ပြုပြင်ရာတွင် ပျက်စီးမှုအဆင့်အလိုက် အပြာရောင်၊ လိမ္မော်ရောင်နှင့် အနီရောင်အဆင့် ခွဲခြားသတ်မှတ်၍ အဆင့်အလိုက် ပြင်ဆင်ဆောင်ရွက်ရန် စီမံဆောင်ရွက်ခဲ့ကြောင်း၊ ပျက်စီးမှုအမျိုးအစားအလိုက် လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစဉ်(Standard Operation Procedure-SOP)များကို မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်နှင့် အင်ဂျင်နီယာ ကဏ္ဍအသီးသီးမှ ကျွမ်းကျင်ပညာရှင်များ ပါဝင်သောအဖွဲ့များနှင့် စုပေါင်းပြုစု၍ ဖြန့်ဝေထားပြီးဖြစ်သဖြင့် ပြုပြင်နေသောကုမ္ပဏီများမှ



ပြင်ဆင်ခြင်းအပိုင်းနှင့် သက်ဆိုင်သောဌာနများက ကြီးကြပ်မှုအပိုင်းတွင် တိတိကျကျ လိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်း။

ဦးစားပေးအနေဖြင့် ပျက်စီးမှုနည်းသော အပြာရောင်အဆင့် သတ်မှတ်ထားသော ဝန်ထမ်းအိမ်ရာ ၆၈၃ လုံးရှိသည့်အနက် ၆၇၅ လုံး ပြင်ဆင်ပြီးဖြစ်၍ သက်ဆိုင်ရာဌာနများကို ပြန်လည်အပ်နှံကာ Modular House များတွင် ယာယီနေထိုင်သည့် ဝန်ထမ်းများအား အဆောက်အအုံများတွင် ပြန်လည်နေရာချထားပြီးဖြစ်ကြောင်း၊ ဆက်လက်၍ လိမ္မော်ရောင်အဆင့် ဝန်ထမ်းအိမ်ရာ ၄၂၆ လုံးရှိသည့်အနက် အလုံး ၆၀ ပြင်ဆင်ပြီးဖြစ်၍ ဝန်ထမ်းများ ပြန်လည်နေရာချထားမှုကို ဆက်လက်ဆောင်ရွက်လျက်ရှိပြီး အမှုထမ်း၊ အရာထမ်း စုစုပေါင်း ၁၁၅၈၅ ဦးအား မူလအိမ်ခန်းများတွင် ပြန်လည်နေရာချထားပြီးဖြစ်ကြောင်း၊ ယခုပြင်ဆင်လျက်ရှိသော လိမ္မော်ရောင်အဆင့် အဆောက်အအုံများသည် Structure ပိုင်း ထိခိုက်မှုနည်းပါးသော်လည်း ပျက်စီးမှု အထိုက်အလျောက်များပြားသော အဆောက်အအုံများဖြစ်၍ ပြုပြင်ခြင်းများကို SOP အတိုင်း မှန်မှန်နှင့်မြန်မြန် ဆောင်ရွက်သွားရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဝန်ထမ်းအိမ်ရာများ အသစ်ပြန်လည် တည်ဆောက်နေသည့် နေပြည်တော်ကောင်စီနယ်မြေ အကွက်အမှတ်(၈-က)ရှိ လုပ်ငန်းခွင်ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ဆောက်လုပ်ရေး ဝန်ကြီးဌာနနှင့် နေပြည်တော် စည်ပင်သာယာရေးကော်မတီတို့မှ တာဝန်ရှိသူများက အိမ်ရာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ကုမ္ပဏီအသင်းအဖွဲ့တို့မှ တာဝန်ရှိသူများက အိမ်ရာစီမံကိန်းလျာထားချက်၊ လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို သက်ဆိုင်ရာ ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းအိမ်ရာများ အသစ်ပြန်လည် တည်ဆောက်ရာတွင် မဂ္ဂနီကျူ ၈ အထိ ငလျင်ဒဏ်ခံနိုင်စေရေး စနစ်တကျ တွက်ချက်တည်ဆောက်ရန် မူဝါဒအရ သတ်မှတ်တွက်ချက် ဆောင်ရွက်ရမည်ကို သိရှိလိုက်နာကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများ၏ အရည်အသွေးစစ်ဆေးခြင်းအပိုင်းကို တိတိကျကျ စစ်ဆေးသွားမည်ဖြစ်၍ ကုမ္ပဏီများအနေဖြင့် စတင်ဆောင်ရွက်စဉ်ကပင် လုပ်ငန်းသုံးပစ္စည်းများကို သတ်မှတ်ထားသော အရည်အသွေးပြည့်မီရေးနှင့် သတ်မှတ်ကာလအတွင်း ပြီးစီးစေရေးတို့ကို ကြိုတင်ပြင်ဆင်၍ အလေးထားဆောင်ရွက်ကြရန်လိုအပ်ကြောင်း ပြောကြားပြီး လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ Modular House များတွင် ယာယီနေထိုင်သည့် ဝန်ထမ်းများအား အဆောက်အအုံများတွင် အမြန်ပြန်လည်နေရာချထားနိုင်ရေး တွန်းအားပေးကြပ်မတ်ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၄၈)ကြိမ်မြောက် တက္ကသိုလ်ဝင်ခွင့် အရည်အချင်းစစ် စာမေးပွဲအောင်မြင်ပြီး စိုက်ပျိုးရေးတက္ကသိုလ်(ရေဆင်း)တွင် တတိယနှစ်သင်တန်း တက်ရောက်ခွင့်ရရှိကြသည့် မောင်မယ်သစ်လွင်များ ကြိုဆို

**နေပြည်တော် ဒီဇင်ဘာ ၁၉**

(၄၈)ကြိမ်မြောက် တက္ကသိုလ်ဝင်ခွင့် အရည်အချင်းစစ်စာမေးပွဲ အောင်မြင်ပြီး စိုက်ပျိုးရေးတက္ကသိုလ်(ရေဆင်း)တွင် တတိယနှစ်သင်တန်း တက်ရောက်ခွင့်ရရှိကြသည့် စိုက်ပျိုးရေးဒီပလိုမာ အောင်မြင်ပြီးသူများ မောင်မယ်သစ်လွင် ကြိုဆိုပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက စိုက်ပျိုးရေးတက္ကသိုလ်(ရေဆင်း) ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်သည် ခေတ်နှင့်လျော်ညီသော အဆင့်မြင့်စိုက်ပျိုးရေး နည်းပညာများ၊ ရာသီဥတုဒဏ် ခံနိုင်သည့်နည်းပညာများ၊ ဇီဝနည်းပညာများ၊ စက်မှုလယ်ယာ အပါအဝင် (Smart Agriculture)နှင့် ဈေးကွက်ဗဟုသုတများကို ပေါင်းစပ်သင်ကြားပေးရာ တက္ကသိုလ်တစ်ခုဖြစ်ပါကြောင်း၊ ယခုကဲ့သို့ စိုက်ပျိုးရေးတက္ကသိုလ်သို့ ပေါင်းကူးတက်ရောက်ခွင့်ရသူများအနေဖြင့် အနာဂတ်တွင် စိုက်ပျိုးရေး ပညာရှင်၊ သုတေသီ၊ နည်းပညာဖြန့်ဝေသူနှင့် စိုက်ပျိုးရေးဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များအဖြစ် နိုင်ငံ၏ စားရေရိက္ခာဖူလုံရေး၊ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကအားထားရမည့် မျိုးဆက်သစ်များအဖြစ်၊ တိုင်းပြည်အတွက် အားထားရမည့်သူများအဖြစ် မွေးထုတ်ပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း။

**၁၉၇၀ ဝန်းကျင်ခန့်က စတင်**

ဤပေါင်းကူး အစီအစဉ်ကို ၁၉၇၀ ဝန်းကျင်ခန့်က စတင်ခဲ့ရာ ခေတ်အဆက်ဆက် တက်ရောက်ခဲ့သူများတွင် လုပ်ငန်းခွင်ထူးချွန်သူ များစွာရှိခဲ့ကြောင်း၊ စိုက်ပျိုးရေးသိပ္ပံကျောင်းများမှ လက်တွေ့ပိုင်းနှင့် လုပ်ငန်းခွင်အတွေ့အကြုံများအား ကောင်းစွာ သင်ယူလေ့ကျင့်ခဲ့ကြပြီးဖြစ်၍ တောင်သူ



များ၏ ပင်ပန်းဆင်ရဲသည့် ခံစားမှုများကို ကိုယ်ချင်းစာနားလည်နိုင်ကာ ပညာဆည်းပူးလေ့လာလိုစိတ်၊ နည်းပညာလေ့လာလိုစိတ်တို့ ပူးပေါင်း၍ စေတနာ၊ ဝါသနာ၊ စိတ်ဓာတ်၊ စည်းကမ်းနှင့်ယှဉ်သော စိုက်ပျိုးရေးပညာရှင်များစွာ ပေါ်ပေါက်လာစေရေး ဆက်လက်ကြိုးပမ်း အားထုတ်သွားကြရန်နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးမှသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးဆီ လှမ်းချီနိုင်ရေးအတွက် ကျရာအခန်းကဏ္ဍများမှ စွမ်းဆောင်သွားကြစေလိုကြောင်း တိုက်တွန်းမှာကြားသည်။

စိုက်ပျိုးရေး တက္ကသိုလ်(ရေဆင်း)၏ တက္ကသိုလ်ဝင်ခွင့် အရည်အချင်းစစ် စာမေးပွဲကို နှစ်စဉ် ကျင်းပပေးလျက်ရှိပြီး စိုက်ပျိုးရေးသိပ္ပံကျောင်းများမှ ထူးချွန်စွာ အောင်မြင်ခဲ့သူများ၊ ဌာနလုပ်ငန်းခွင်များတွင် တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသည့် ထူးချွန်ဝန်ထမ်းများကို အဆင့်မြင့် စိုက်ပျိုးရေး ပညာရပ်များ ဆက်လက်လေ့လာ သင်ယူခွင့်ရရှိရေးအတွက် ဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တတိယနှစ်သင်တန်းတွင် တက်ရောက်ခွင့်ရရှိသူ ၂၂၆ ဦး ရှိသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် စိုက်ပျိုးရေးသုတေသနဦးစီးဌာန နဝရတ်ခန်းမတွင် သီးနှံမျိုးမွေးမြူသူပညာရှင်များနှင့် တွေ့ဆုံ၍ သီးနှံမျိုးကွဲအသစ်များ မျိုးမွေးမြူရွေးချယ်ခြင်းနှင့် စပ်လျဉ်း၍ လိုက်နာသင့်သည်များ၊ ပြောင်းသီးနှံ၊ နေကြာသီးနှံကဲ့သို့ မျိုးလိုင်းများ ရွေးချယ်ရာတွင် အသုံးပြုသင့်သော မျိုးလိုင်းရွေးချယ်ခြင်း နည်းလမ်းများ၊ သဘာဝပတ်ဝန်းကျင်မှ အပင်များ၊ တိရစ္ဆာန်များ၊ မိုင်ခရိုအော့ဂ်ဂ်နစ်ဇမ်များ၊ မှိုများ စသည့် ဇီဝဗေဒဆိုင်ရာ ပစ္စည်းများကို စီးပွားဖြစ် အသုံးချနိုင်ရေး နည်းလမ်းများသာမက ဆေးဝါးများ၊ သဘာဝဆေးဖက်ဝင်ပစ္စည်းများ၊ ကျန်းမာရေး အထောက်အကူပြုသီးနှံများ စသည့် သဘာဝအရင်းအမြစ်မှ စီးပွားရေးအမည်သစ် သီးနှံများအပြင် လူစာ၊ တိရစ္ဆာန်စာ၊ မြေစာများကို သုတေသနပြု၍ တီထွင်ကြံဆဖော်ထုတ်နိုင်ရေး ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# သမဝါယမအသင်းသားတောင်သူ၏ အောင်နိုင်တိုးမိုးစပါး စံကွက်ရိတ်သိမ်းမှု ကွင်းဆင်းကြည့်ရှု

**အမရပူရ ဒီဇင်ဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် တောင်ကိုင်းကျေးရွာ ဒို့ခေတ်လယ်ယာနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်း၏ အသင်းသားတောင်သူ ဦးသန်းဌေး၏ အောင်နိုင်းတိုး မိုးစပါး စံပြကွက် ၁၀ ဧကကို ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းနေမှုကို ဒီဇင်ဘာ ၁၅ ရက် နံနက်ပိုင်းက မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ အသင်းစုအမှုဆောင်များက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ရာ တစ်ဧက စပါးအစိုတင်း ၁၂၀ ထွက်ရှိသည်။

သမဝါယမကဏ္ဍမှ စီမံကိန်းသီးနှံများ စိုက်ပျိုးထုတ်လုပ်မှု၊ ရောင်းဝယ်မှု၊ ကြိတ်ခွဲဖြန့်ဖြူးမှု လုပ်ငန်းစဉ်များအထိ အသင်းမှလိုအပ်သော ငွေကြေးအရင်းအနှီးနှင့် ဈေးကွက်ပိုမိုရရှိရေးတို့ကို ကူညီဆောင်ရွက်ပေးခြင်းအားဖြင့် ကျေးလက်နေပြည်သူတို့၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေးကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်သမဝါယမဦးစီးဌာနမှ သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ကယားပြည်နယ်ဝန်ကြီးချုပ် (၈၈)နှစ်မြောက် ကရင်အမျိုးသားနှစ်သစ်ကူးနေ့အခမ်းအနားသို့ တက်ရောက်

**လှိုင်ကော် ဒီဇင်ဘာ ၁၉**

ကယားပြည်နယ်အစိုးရအဖွဲ့နှင့် ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီတို့က ကြီးမှူးကျင်းပသည့် (၈၈)နှစ်မြောက် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် လှိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ ကရင်တိုင်းရင်းသား တိုင်းရင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ ဒေသကွပ်ကဲရေးမှူး၊ တိုင်းရင်းသားရေးရာဝန်ကြီးနှင့် လှိုင်ကော်နှစ်ခြင်းခရစ်ယာန်အသင်းတော်မှ တာဝန်ရှိသူများက (၈၈)နှစ်မြောက် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အထိမ်းအမှတ်မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကယားပြည်နယ် ကရင်စာပေနှင့်ယဉ်ကျေးမှုကော်မတီ တာဝန်ရှိသူများက ရိုးရာအစဉ်အလာနှင့်အညီ ကရင်အမျိုးသားတူရိယာ မဂ်လာဖားစည်တီးခတ်ခြင်းနှင့် ကျွဲချိုမှုတ်ခြင်းတို့ကို ဆောင်ရွက်ကြသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများကို မပျောက်ပျက်အောင် တန်ဖိုးထားထိန်းသိမ်းစောင့်ရှောက်နိုင်ရန် အဘက်ဘက်က ကူညီပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်အတွင်းရှိ တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများကို စဉ်ဆက်မပြတ် ထိန်းသိမ်းနိုင်ရန် ဖော်ထုတ်ကျင်းပပေးလျက်ရှိကြောင်း၊ပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူအားလုံး တစ်ဦးနှင့်တစ်ဦး အပြန်အလှန်လေးစား ချစ်ကြည်ရင်းနှီးစွာဖြင့် အတူယှဉ်တွဲနေထိုင်ပြီး ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် ကျရာအခန်းကဏ္ဍများမှ ကြိုးပမ်း ပါဝင်ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားပြီး ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အခမ်းအနားအတွက် ချီးမြှင့်ငွေများပေးအပ်ရာ လှိုင်ကော်နှစ်ခြင်းခရစ်ယာန်အသင်းတော်မှ တာဝန်ရှိသူတစ်ဦးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက် တိုင်းရင်းသားရေးရာဝန်ကြီးက အခမ်းအနားဖြစ်မြောက်ရေးအတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးသည့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ရာ အလှူရှင်များကိုယ်စား ကိုယ်စားလှယ်တစ်ဦးက လက်ခံရယူသည်။

ဆက်လက်၍ ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီ ဒုတိယဥက္ကဋ္ဌက ကရင်အမျိုးသား နှစ်သစ်ကူးနေ့ဖြစ်ပေါ်လာပုံ၊ ကရင်မျိုးနွယ်စုများဆင်းသက်လာပုံနှင့် ကရင်အမျိုးသားအလံဖြစ်ပေါ်လာပုံတို့ကို ရှင်းလင်းတင်ပြပြီး လှိုင်ကော်နှစ်ခြင်းခရစ်ယာန်အသင်းတော် သင်းအုပ်ဆရာက အထူးဆက်ကပ်ဆုတောင်းသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် အဖွဲ့ဝင်များနှင့်အတူ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အကအဖွဲ့များ၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကာ ကရင်ဒုံးယိမ်းအကအဖွဲ့၊ ကရင်ဝါးညှပ်အကအဖွဲ့၊ ကယားယဉ်ကျေးမှုအဖွဲ့နှင့် ကယန်းယဉ်ကျေးမှုအကအဖွဲ့တို့အား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ပြီး ပြည်နယ်ခန်းမရှေ့၌ ကရင်တိုင်းရင်းသားများ၏ ဒုံးယိမ်းအကကို ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ပဲခူးမြို့၌ (၈၈)နှစ်မြောက် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ပွဲတော် အခမ်းအနားကျင်းပ

**ပဲခူး ဒီဇင်ဘာ ၁၉**

(၈၈)နှစ်မြောက် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ပွဲတော် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပဲခူးမြို့ ညောင်အင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပသည်။

**ပြောကြား**

ဦးစွာ ပဲခူးမြို့နယ် သရက်ကုန်းကျေးရွာ ဒုံးအဖွဲ့က "တောင်ပေါ်ရိုးရာအိုးစည်" သီချင်းဖြင့် သီဆိုကပြဖျော်ဖြေတင်ဆက်ပြီး ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ကရင်တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံး မိမိတို့၏စာပေ၊ ဘာသာစကား၊ ရိုးရာဓလေ့ထုံးတမ်း၊ ဒြပ်ရှိဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်များကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ကြရန်နှင့် အခြားသောတိုင်းရင်းသား ညီအစ်ကိုမောင်နှမများနှင့်အတူ မိမိတို့ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များမှ အတူတကွ ပူးပေါင်းဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီဝင်တစ်ဦးက ကရင်အမျိုးသား နှစ်သစ်ကူးနေ့ ဖြစ်ပေါ်လာပုံကို ရှင်းလင်းပြောကြားပြီး မင်းလှမြို့နယ် ကရင်တိုင်းရင်းသား တိုင်းရင်းသူများက "ဖဲကြိုးအက" သီချင်းဖြင့်လည်းကောင်း၊ ပဲခူးမြို့နယ် ညောင်အင်းကျေးရွာမှ ကရင်တိုင်းရင်းသား တိုင်းရင်းသူများက "စည်းလုံးခြင်းငှာနိုးကြားပါ" သီချင်းဖြင့်လည်းကောင်း၊ ပျဉ်းမငူကျေးရွာမှ ကရင်တိုင်းရင်းသား တိုင်းရင်းသူများက "နှစ်သစ်ကူး" တေးသီချင်းဖြင့်လည်းကောင်း ကပြဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီးတို့က ကပြဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ဒုံးယိမ်းအဖွဲ့များအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်ရာ ပဲခူးခရိုင် ကရင်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီအဖွဲ့ဝင်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ဧည့်ပရိသတ်များအား ကရင်တိုင်းရင်းသားရိုးရာ အစားအစာများဖြင့် တည်ခင်းဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရသည်။




**တိုင်းဒေသကြီး(ပြန်/ဆက်)**

# သမဝါယမစာရင်းရေး၊ စာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်း(မကွေး)မှ ကျောင်းသား ကျောင်းသူများ ရှားပင်လှစိုက်ပျိုးမွေးမြူရေးဇုန်တွင်ကွင်းဆင်း

**မကွေး ဒီဇင်ဘာ ၁၉**

သမဝါယမစာရင်းရေး၊ စာရင်းကိုင် သက်မွေးပညာ သင်တန်းကျောင်း(မကွေး)မှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ ဦးဆောင်၍သင်တန်းသားသင်တန်းသူများဖြင့် ဒီဇင်ဘာ ၁၇ ရက် နံနက်ပိုင်းတွင် မကွေးခရိုင် ရှားပင်လှကျေးရွာအုပ်စုရွှေတင်တူး စိုက်ပျိုးမွေးမြူရေးဇုန်အတွင်းရှိ ဥစားကြက် မွေးမြူရေး ခြံများသို့ ကွင်းဆင်းလေ့လာသည်။



သမဝါယမ စာရင်းရေး၊ စာရင်းကိုင် သက်မွေးပညာ သင်တန်းကျောင်း ( မကွေး )မှ ပထမနှစ်၊ ဒုတိယနှစ် သင်တန်းသား သင်တန်းသူ ၁၀၂ ဦးတို့က စာရင်းရေး၊ စာရင်းကိုင် သင်ခန်းစာများကို လက်တွေ့ကွင်းဆင်း ဆောင်ရွက်သည့်အနေဖြင့် မကွေးခရိုင် ရှားပင်လှကျေးရွာအုပ်စု ရွှေတင်တူး စိုက်ပျိုးမွေးမြူရေးဇုန်ရှိ သမဝါယမအသင်းများပိုင် ဥစားကြက် မွေးမြူရေးခြံခြောက်ခြံသို့ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာဆရာမများ ဦးဆောင်ပြီး သမဝါယမအသင်း စာရင်းများကို လက်တွေ့စစ်ဆေးကြည့်ရှုခြင်း၊ လေ့လာ မှတ်သားခြင်းများကို ကွင်းဆင်း ဆောင်ရွက်ရာ တာဝန်ရှိသူများက သမဝါယမအသင်းများ၏ စာရင်းဇယားများ၊ ရည်မှန်းချက်များ၊ ဆောင်ရွက်နေသည့် လုပ်ငန်းများကို ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**

# အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်းမရရှိသည့် အကြောင်းရင်း ဆန်းစစ်လေ့လာစစ်တမ်းကောက်ယူ

**ရမည်းသင်း ဒီဇင်ဘာ ၁၉**

ပန်းတိုင်အထွက်နှုန်းသတ်မှတ်ထားသည့် အဓိကသီးနှံ ၁၀ မျိုးနှင့် စပ်လျဉ်း၍ ပန်းတိုင်အထွက်နှုန်း ရည်မှန်းချက်မရရှိသည့် အကြောင်းရင်းများကို ဆန်းစစ်လေ့လာနိုင်ရန်အတွက် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင်အတွင်း စစ်တမ်းကောက်ယူလျက်ရှိရာ ဒီဇင်ဘာ ၁၇ ရက်နံနက်ပိုင်းတွင် စိုက်ပျိုးရေးဦးစီးဌာန ရမည်းသင်းခရိုင်ဦးစီးမှူး၊ မြို့နယ် ဦးစီးမှူးနှင့် ကြီးကြပ်ရေးအဖွဲ့များက ရမည်းသင်းမြို့နယ် ကံဆွယ် ကျေးရွာ၌ ကြည့်ရှုအားပေး ဖြည့်ဆည်းဆောင်ရွက်သည်။

ရမည်းသင်းခရိုင်အတွင်းရှိ စိုက်ပျိုးရေးဦးစီးဌာနမှ ကွင်းဝန်ထမ်း ၃၇ ဦးတို့က ရမည်းသင်းမြို့နယ်နှင့် ပျော်ဘွယ်မြို့နယ်ရှိ အဓိကသီးနှံစိုက်ပျိုးသော တောင်သူ ၃၇၀၀ တို့အား စစ်တမ်းကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



**နိုင်ငံသားအခွင့်အရေး မဆုံးရှုံးဖို့ မဲပေးကြပါစို့**

## ဘားအံမြို့၌ ကရင်သက္ကရာဇ် ၂၇၆၅ ခုနှစ် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အခမ်းအနားကျင်းပ

**ဘားအံ ဒီဇင်ဘာ ၁၉**

ကရင်တိုင်းရင်းသားလူမျိုးများ၏နေ့ထူးနေ့မြတ်တစ်နေ့ဖြစ်ပြီး နှစ်စဉ်ကျင်းပမြဲဖြစ်သော ကရင်သက္ကရာဇ် ၂၇၆၅ ခုနှစ် ပြာသိုလဆန်း ၁ ရက်တွင် ကျရောက်သည့် ကရင်အမျိုးသား နှစ်သစ်ကူးနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဘားအံမြို့ သီရိကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။



ဦးစွာ ကရင်အမျိုးသားများနှင့် တိုင်းရင်းသားပြည်သူများသည် သီရိကွင်းဒုံးစင်မြင့်ရှေ့၌ နေရာယူကြပြီး ကရင်လူငယ်များက ကရင်အမျိုးသားအလံကို သယ်ဆောင်၍ ကရင်ရိုးရာ ကျွဲချိုမှုတ်၊ ဖားစည်တီးကာ ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အလံတင်အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးစောခင်မောင်မြင့်က ကရင်အမျိုးသားအလံကို လွှင့်ထူပေးရာ ကရင်အမျိုးသားသီချင်းကို စုပေါင်းသီဆိုကြပြီး အလေးပြုကြကာ တွဲဖက်အခမ်းအနားမှူးက ကရင်အမျိုးသားအလံ သမိုင်းကြောင်းကို ဖတ်ကြားသည်။

နံနက် ၇ နာရီတွင် ကရင်သက္ကရာဇ် ၂၇၆၅ ခုနှစ် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အခမ်းအနားကို ကျင်းပရာ သဘာပတိ ပြည်နယ်စီးပွားရေးရာဝန်ကြီးနှင့် သဘာပတိအဖွဲ့ဝင်များက စင်မြင့်ထက်တွင် နေရာယူကြပြီး ကရင်ရိုးရာကျွဲချိုမှုတ်၍ ဖားစည်တီးကာ အခမ်းအနားကို ဖွင့်လှစ်သည်။

ယင်းနောက် ကရင်အမျိုးသားများနှင့် တိုင်းရင်းသားပြည်သူများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုကြပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သည့်သဝဏ်လွှာကို သဘာပတိကဖတ်ကြားကာ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်ထံမှ ပေးပို့သည့် သဝဏ်လွှာကို ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီးက ဖတ်ကြား၍ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက နှစ်သစ်ကူးဆုတောင်းစကားပြောကြားသည်။

ဆက်လက်၍ ကရင်အမျိုးသားနေ့ဖြစ်ပေါ်လာပုံသမိုင်းအကျဉ်းကို ကရင်စာပေနှင့် ယဉ်ကျေးမှုအသင်းမှ လူငယ်မောင်မယ်များက မြန်မာဘာသာ၊ ပိုးကရင်ဘာသာ၊ စကောကရင်ဘာသာတို့ဖြင့် ဖတ်ကြားကြပြီး တွဲဖက်အခမ်းအနားမှူးက ကရင်ပြည်နယ်ရှိ ဂုဏ်ပြုခံ အထင်ကရသက်ကြီး ကရင်အဘိုး၊ အဘွားများ၏ ကိုယ်ရေးအကျဉ်းကို ဖတ်ကြားတင်ပြကာ ကရင်ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများက ဂုဏ်ပြုခံ အထင်ကရသက်ကြီး ကရင်အဘိုး၊ အဘွားများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် စည်းလုံးခြင်းသည်အင်အားဟု အဓိပ္ပာယ်ရသော "အောဟုအောဟောင်" ကရင်တေးသီချင်းဖြင့် သီဆိုဖျော်ဖြေကာ ရိုးရာကောက်သစ်စားပွဲတော်ကို ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကောက်သစ်စားပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ငြိမ်းချမ်းရေးချိုးငှက်များ လွှတ်ပေးကြသည်။

**ဆင်ယင်ကျင်းပ**

ယင်းနောက် ကရင်အဘိုး၊ အဘွားများနှင့် ကရင်တိုင်းရင်းသား လူငယ်မောင်မယ်များက ဖီးဗူးယော်(ခေါ်)စပါးစောင့်နတ်သမီးကို ဖိတ်ခေါ်ပင့်ဆောင်၍ အခမ်းအနားမှူးက ကောက်သစ်စားပွဲအကြောင်းရှင်းလင်းတင်ပြပြီး ကရင်တိုင်းရင်းသားလူငယ်မောင်မယ်များက ဖီးဗူးယော်ဆုတောင်းတေးသီချင်းများစုပေါင်းသီဆိုကြကာ ကရင်လူမျိုးတို့၏ ရှေးခေတ်ထုံးတမ်းစဉ်လာများအတိုင်း ကောက်သစ်စားပွဲကို ဆင်ယင်ကျင်းပသည်။

ကောက်သစ်စားပွဲအပြီးတွင် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အထိမ်းအမှတ်ခင်းကျင်းပြသထားသော ကရင်တိုင်းရင်းသားလူမျိုးများ၏ ရိုးရာဓလေ့ယဉ်ကျေးမှုပြခန်း၊ ဗမာ၊ မွန်၊ ရှမ်း၊ ပအိုဝ်းတိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုပြခန်း၊ ဌာနဆိုင်ရာပြခန်းများ၊ ဒေသတွင်း MSMEs အသေးစား၊ အငယ်စား၊ အလတ်စား စက်မှုလက်မှုလုပ်ငန်းရှင်များ၏ ထုတ်ကုန်ပြခန်းများနှင့် ဒေသထုတ်ကုန်ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## အိမ်မဲမြို့၌ ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော် အလံတင်အခမ်းအနားနှင့် ကောက်သစ်စားပွဲကျင်းပ

**အိမ်မဲ ဒီဇင်ဘာ ၁၉**

ကရင်တိုင်းရင်းသား လူမျိုးများ၏ နေ့ထူးနေ့မြတ်ဖြစ်သော ကရင်သက္ကရာဇ် ၂၇၆၅ ခုနှစ် ပြာသိုလဆန်း ၁ ရက်တွင် ကျရောက်သော ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အလံတင်အခမ်းအနားနှင့် ကောက်သစ်စားပွဲကို ယနေ့နံနက် ၅ နာရီခွဲတွင် ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ် ရေသိုးညောင်ပိုင်း ကျေးရွာအုပ်စု လက်ပံကုန်းကျေးရွာ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်ဇနီး၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ အဖွဲ့ဝင်မန်းငြိမ်းမောင်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ဇနီးများ၊ ဌာနဆိုင်ရာများ၊ ကရင်တိုင်းရင်းသား တိုင်းရင်းသူများ တက်ရောက်ကြသည်။



ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဗဟိုအကြံပေးအဖွဲ့ဝင် မန်းငြိမ်းမောင်၊ ဧရာဝတီတိုင်းဒေသကြီး တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးစောလင်းခယ်နှင့် ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော် ကျင်းပရေး ကော်မတီအတွင်းရေးမှူး ဒေါက်တာမောင်မောင်စိုးတို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တက်ရောက်လာကြသော ကရင်အမျိုးသားများနှင့် တိုင်းရင်းသား ပြည်သူများက အလံတင်မည့်နေရာတွင် နေရာယူကြပြီး တာဝန်ရှိသူတစ်ဦးက ကရင်အမျိုးသားအလံကို လွှင့်တင်ပေးကာ ကရင်အမျိုးသားသီချင်းကိုစုပေါင်းသီဆိုအလေးပြုကြသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဗဟိုအကြံပေးအဖွဲ့ဝင် မန်းငြိမ်းမောင်က နှစ်သစ်ကူး ဆုတောင်းစကား ပြောကြားပြီး စုပေါင်းဒုံးအကများဖြင့် ကပြဖျော်ဖြေ တင်ဆက်ခဲ့ကြသူများအား အမှတ်တရလက်ဆောင်များ ပေးအပ်သည်။

အလံတင် အခမ်းအနားအပြီးတွင် ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်ကို ဆက်လက်ကျင်းပရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဗဟိုအကြံပေးအဖွဲ့ဝင် မန်းငြိမ်းမောင်က ဖားစည်တီး၍ အခမ်းအနားကို ဖွင့်လှစ်ပေးပြီး ဗုဒ္ဓဘာသာဘုန်းတော်ကြီးနှင့် ခရစ်ယာန်ဘုန်းတော်ကြီးတို့က မေတ္တာသုတ်ရွတ်ဖတ်ခြင်းနှင့် ဆုတောင်းမေတ္တာပို့သခြင်းများ ဆောင်ရွက်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သော သဝဏ်လွှာကို နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဗဟိုအကြံပေးအဖွဲ့ဝင် မန်းငြိမ်းမောင်က ဖတ်ကြားပြီး နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက နှုတ်ခွန်းဆက်စကားပြောကြား၍ နယ်စပ်ရေးရာ ဝန်ကြီးဌာနနှင့် တိုင်းရင်းသား လူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်ထံမှ ပေးပို့သော သဝဏ်လွှာကို တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးက ဖတ်ကြားပြီး ဧရာဝတီတိုင်းဒေသကြီး ကရင်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ မန်းစန်းဝင်းက ကျေးဇူးတင်စကား ပြောကြားကာ အခမ်းအနားသို့ တက်ရောက်လာသူများက ကရင်အမျိုးသားသီချင်းကိုသီဆို၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ကောက်သစ်စားပွဲကို ဆက်လက်ကျင်းပရာ ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော် ကျင်းပရေး ကော်မတီအတွင်းရေးမှူး ဒေါက်တာမောင်မောင်စိုးက ကရင်ရိုးရာကောက်သစ်စားပွဲတော်ဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး စပါးစောင့်လိပ်ပြာ (ဝိညာဉ်၊ ဖီးဗူးယော်)အားပင့်ဖိတ်၍ တက်ရောက်လာသူများက စည်းလုံးခြင်း သီချင်းဖြင့် ကောက်သစ်စားပွဲတွင် ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။

**အိမ်မဲ(ပြန်/ဆက်)**

## ကော့မှူး၌ မြို့နယ်အဆင့်အတက်ရောဂါဆိုင်ရာ အသိပညာပေးဆွေးနွေး

**ကော့မှူး ဒီဇင်ဘာ ၁၉**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်တွင် မြန်မာနိုင်ငံ အတက်ရောဂါစီမံချက် မြို့နယ်အဆင့်အတက်ရောဂါဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၄ ရက် နံနက်ပိုင်းက မြို့သစ်ရပ်ကွက် ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**အသိပညာပေး**

ဆွေးနွေးပွဲတွင် တွံတေးခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဇာဇာယမင်းဦးက အမှာစကားပြောကြားသည်။ ဆက်လက်၍ မြို့နယ်ကုသရေးဦးစီးဌာနမှ တာဝန်ခံ ဆရာဝန် ဒေါက်တာရဲကျော်မိုးနှင့် ကျန်းမာရေးမှူးအဆင့်(၁) ဦးစိုးဝင်းထွန်းတို့က အတက်ရောဂါသိကောင်းစရာဖြစ်သော တက်ခြင်းနှင့် အတက်ရောဂါ၊ အတက်ရောဂါ၏ ရောဂါလက္ခဏာများ၊ အတက်ရောဂါဖြစ်စေသော အကြောင်းအရင်းများ၊ အတက်ရောဂါကုသခြင်း၊ အတက်ရောဂါအတွက် ဆောင်ရန်၊ ရှောင်ရန်များ၊ အတက်ရောဂါ၏ အကျိုးဆက်များ၊ အတက်ရောဂါနှင့် ပတ်သက်သည့် လွဲမှားသောအယူအဆများ၊ တက်နေသူအား ရှေးဦးသူနာပြုစုခြင်း၊ အတက်ရောဂါအကြောင်း မေးလေ့မေးထရှိသော မေးခွန်းများကို ရှင်းလင်းပြောကြားပြီး အတက်ရောဂါအကြောင်း အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ကျော်သူရ(ကော့မှူး)**



# KK Park နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံ ၄၈၂ လုံး စနစ်တကျဖြိုချဖျက်ဆီးပြီးဖြစ်၊ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် ပစ္စည်းများအား မီးရှို့ဖျက်ဆီး

**နေပြည်တော် ဒီဇင်ဘာ ၁၉**

မြန်မာနိုင်ငံ အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးအခြေချလုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင်အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်းခြင်း၊ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများနှင့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများ အပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြဝတီ-မဲ့ထော်သလေး (KK Park) နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အပိုင်း(၃) နယ်မြေအတွင်းရှိ တရားမဝင်နှစ်ထပ်အဆောက်အအုံနှစ်လုံး၊ လေးထပ်အဆောက်အအုံနှစ်လုံး စုစုပေါင်းလေးလုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံးအနက် ၄၈၂ လုံးကို စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။

ထို့ပြင် မြဝတီမြို့ ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများ၌ ဖမ်းဆီးရမိခဲ့သည့် တရားမဝင်ပြည်ပနိုင်ငံသားများကို လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိရာ မြဝတီ - ရွှေကုက္ကိုလ်နယ်မြေမှ ဖမ်းဆီးထိန်းသိမ်းခဲ့သည့် ထိုင်းနိုင်ငံသားငါးဦးကို ယနေ့တွင် မြန်မာ-ထိုင်း အမှတ်(၁) ချစ်ကြည်ရေး တံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် အညီ ထပ်မံလွှဲပြောင်း ပေးအပ်ခဲ့ကြောင်းနှင့် ကျန်ရှိသည့် တရားမဝင် ပြည်ပနိုင်ငံသားများကိုလည်း သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းထားရှိကြောင်း သိရသည်။

ထို့ပြင် ကရင်ပြည်နယ် မြဝတီမြို့နှင့် ပတ်ဝန်းကျင်ဒေသတစ်ဝိုက်ရှိ အဆောက်အအုံများ၌ တရားမဝင် ပြည်ပနိုင်ငံသားများ ဝင်ရောက် နေထိုင်ခြင်းနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ဆောင်ရွက်ခြင်းမရှိစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဒီဇင်ဘာ ၈ ရက်မှစတင်၍ ရှာဖွေရှင်းလင်းဆောင်ရွက်ခဲ့ရာ ယနေ့တွင်လည်း တရားမဝင် တစ်ထပ်အဆောက်အအုံရှစ်လုံး၊ နှစ်ထပ်အဆောက်အအုံသုံးလုံး စုစုပေါင်း တရားမဝင်အဆောက်အအုံ ၁၁ လုံးကို ထပ်မံစစ်ဆေးနိုင်ခဲ့ကြောင်း သိရသည်။

ယင်းအပြင် မြဝတီမြို့နယ်အတွင်းရှိ KK Park နယ်မြေနှင့် ရွှေကုက္ကိုလ်နယ်မြေတို့၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် ပစ္စည်းများအား ထပ်မံ၍အသုံးပြုနိုင်ခြင်းမရှိစေရန်အတွက် ယနေ့တွင်လည်း စနစ်တကျမီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်းရှိ KK Park နယ်မြေအပိုင်း (၃)မှ အဆောက်အအုံများအား ဖျက်ဆီးထားရှိမှုကို တွေ့ရစဉ်။



မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့်ပစ္စည်းများ မီးရှို့ဖျက်ဆီးနေမှုကို တွေ့ရစဉ်။




KK Park နယ်မြေ အပိုင်း(၃)တွင် တရားမဝင်ဆောက်လုပ်ထားသည့် လေးထပ်လူနေအဆောက်အအုံအား မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီးနောက် တွေ့ရစဉ်။

# PDF အမည်ခံ အကြမ်းဖက်သမားများ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် ကန့်ဘလူမြို့နယ် ကန့်ဘလူ-စံပယ်နံ့သာ ကားလမ်းပေါ်ရှိ သံကူကွန်ကရစ်တံတားအား လုံခြုံရေးတပ်ဖွဲ့များပါဝင်သော ပူးပေါင်းအဖွဲ့က ပြန်လည်ပြုပြင်ပြီးစီး

**နေပြည်တော် ဒီဇင်ဘာ ၁၉**

PDF အမည်ခံ အကြမ်းဖက်သမားများနှင့် ပူးပေါင်းအဖွဲ့များသည် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်၊ ဒေသတွင်း ကုန်စည်စီးဆင်းမှုများ ပျက်ပြားစေရန်နှင့် ဒေသခံပြည်သူများ၏လူမှုစီးပွားဘဝများ ချွတ်ခြုံကျဆင်းစေရန် ရည်ရွယ်၍ အများပြည်သူ သွားလာအသုံးပြုလျက်ရှိသည့်လမ်း၊ တံတားများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းများကို ဆင်ခြင်တုံတရားမဲ့စွာ ကျူးလွန်လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ဒီဇင်ဘာ ၁၇ ရက် မွန်းလွဲ ၃ နာရီခွဲခန့်တွင် စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ကန့်ဘလူ-စံပယ်နံ့သာကားလမ်း မိုင်တိုင်အမှတ် ၇ မိုင် ၄ ဖာလုံနှင့် ၅ ဖာလုံကြားရှိ တံတားအရှည် ပေ ၃၀၊ အကျယ် ၂၇ ပေခန့်ရှိ သံကူကွန်ကရစ်တံတားအား PDF အမည်ခံ အကြမ်းဖက်အဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးသွားခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ ပေါက်ကွဲမှုကြောင့် တံတားကြမ်းခင်း ၂ ပေ ပတ်လည်ခန့် ပျက်စီးဆုံးရှုံးခဲ့ပြီး လူနှင့်ယာဉ်များ ဖြတ်သန်းသွားလာမှုမရရှိစေရန် တံတားအား သစ်ကိုင်းများဖြင့် ပိတ်ဆို့ထားကြောင်း သိရသည်။ ထို့ကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က တံတားပျက်စီးမှုကို ပြုပြင်ကြပြီး ပိတ်ဆို့ထားသည့် သစ်ကိုင်းများကို ဖယ်ရှားရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၈ ရက် ညနေ ၄ နာရီတွင် တံတားပြုပြင်ခြင်းလုပ်ငန်းများ ပြီးစီးခဲ့ပြီး လူနှင့်ယာဉ်များ ပုံမှန်ဖြတ်သန်းသွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

ထိုသို့ အများပြည်သူသွားလာအသုံးပြုလျက်ရှိသည့် တံတားကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့်လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



PDF အမည်ခံ အကြမ်းဖက်အဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် ကန့်ဘလူ-စံပယ်နံ့သာကားလမ်းပေါ်ရှိ သံကူကွန်ကရစ်တံတား၏မှတ်တမ်းဓာတ်ပုံ။

- ❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- ❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# မြန်မာ့လက်ရွေးစင် အမျိုးသားဘော်လီဘောအသင်း စင်ကာပူကို အနိုင်ယူပြီး အဆင့် ၅ နေရာရရှိ

ရန်ကုန်  ဒီဇင်ဘာ  ၁၉

ဆီးဂိမ်း အမျိုးသားဘော်လီဘောပြိုင်ပွဲ နောက်ဆုံးနေ့ကို ဒီဇင်ဘာ ၁၉ ရက်က ဆက်လက်ကျင်းပရာ မြန်မာအသင်းသည် အဆင့် ၅ နေရာလုပွဲတွင် စင်ကာပူအသင်းကို အနိုင်ရရှိသည်။

မြန်မာအသင်းသည် ဆီမီးဖိုင်နယ်နှင့် လွဲချော်သော်လည်း အဆင့်လုပွဲကစားရာတွင် နိုင်ပွဲများရရှိပြီး အဆင့် ၅ နေရာ ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် အဆင့် ၅/၆ နေရာလုပွဲအဖြစ် စင်ကာပူအသင်းနှင့် ယှဉ်ပြိုင်ကစားရာ ၃-၂ ပွဲဖြင့် အနိုင်ရရှိသည်။ မြန်မာအသင်းသည် ပထမပွဲငယ်တွင် အနိုင်ရသော်လည်း ပွဲငယ်နှစ်ပွဲဆက်တိုက် အရေးနိမ့်သဖြင့် နောက်မှ ပြန်လိုက်ရပြီး နှစ်ပွဲဆက်အနိုင်ရသဖြင့် နိုင်ပွဲရယူနိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ပထမပွဲငယ်တွင် ၂၅-၁၉ မှတ်ဖြင့် အနိုင်ရသော်လည်း ဒုတိယပွဲငယ်တွင် ၂၂-၂၅ မှတ်၊ တတိယပွဲငယ်တွင် ၂၅-၁၉ မှတ်ဖြင့် ပြန်လည်အရေးနိမ့်ခဲ့သည်။ သို့သော် မြန်မာအသင်းသည် စတုတ္ထပွဲငယ်တွင် ၂၅-၂၂ မှတ်၊ နောက်ဆုံးပွဲငယ်တွင် ၁၅-၁၁ မှတ်ဖြင့် ပြန်လည်အနိုင်ရရှိခဲ့သည်။ **သတင်း-ချစ်ကိုကို ဓာတ်ပုံ-seagames2025**



မြန်မာအသင်းနှင့် စင်ကာပူအသင်းတို့ ယှဉ်ပြိုင်နေစဉ်။

# ဆီးဂိမ်း နဂါးလှေ(ရိုးရာလှေ) ပြိုင်ပွဲပြီးဆုံးပြီး မြန်မာလှေလှော်အဖွဲ့ ကြေးတံဆိပ်နှစ်ခု ထပ်မံရရှိ

ရန်ကုန်  ဒီဇင်ဘာ  ၁၉

ဆီးဂိမ်း နဂါးလှေ (ရိုးရာလှေ) ပြိုင်ပွဲ နောက်ဆုံးနေ့ကို ဒီဇင်ဘာ ၁၉ ရက်က ဆက်လက်ကျင်းပရာ မြန်မာလှေလှော်အဖွဲ့ ကြေးတံဆိပ်နှစ်ခု ထပ်မံရရှိသည်။

ပြိုင်ပွဲနောက်ဆုံးနေ့တွင် မီတာ ၅၀၀ ပြိုင်ပွဲအမျိုးအစား သုံးမျိုး



ထည့်သွင်းကျင်းပရာ မြန်မာလှေလှော်အဖွဲ့သည် အမျိုးသား ၁၀ တက်လှော်ပြိုင်ပွဲနှင့် အမျိုးသမီး ၁၀ တက်လှော်ပြိုင်ပွဲတွင် ကြေးတံဆိပ်ဆုရရှိပြီး အမျိုးသား+အမျိုးသမီး ၂၀ တက်လှော်ပြိုင်ပွဲတွင် ဆုတံဆိပ်နှင့် လွဲချော်ခဲ့သည်။ မီတာ ၅၀၀ အမျိုးသား ၁၀ တက်လှော်ပြိုင်ပွဲတွင် အင်ဒိုနီးရှားအသင်းက ရွှေတံဆိပ်၊ အိမ်ရှင်ထိုင်းအသင်းက ငွေတံဆိပ်၊ မြန်မာအသင်းက ကြေးတံဆိပ်၊ မီတာ ၅၀၀ အမျိုးသမီး ၁၀ တက်လှော်ပြိုင်ပွဲတွင် ဗီယက်နမ်အသင်းက ရွှေတံဆိပ်၊ အင်ဒိုနီးရှားအသင်းက ငွေတံဆိပ်၊ မြန်မာအသင်းက ကြေးတံဆိပ်၊ မီတာ ၅၀၀ အမျိုးသား+အမျိုးသမီး ၂၀ တက်လှော်ပြိုင်ပွဲတွင် အင်ဒိုနီးရှားအသင်းက ရွှေတံဆိပ်၊ ထိုင်းအသင်းက ငွေတံဆိပ်၊ ဗီယက်နမ်အသင်းက ကြေးတံဆိပ်ဆုရရှိသည်။

မြန်မာလှေလှော်အဖွဲ့သည် နဂါးလှေပြိုင်ပွဲတွင် ထည့်သွင်းကျင်းပသည့် ပြိုင်ပွဲအမျိုးအစား ခြောက်မျိုးစလုံး ဝင်ရောက်ယှဉ်ပြိုင်ရာ လေးမျိုးတွင် ကြေးတံဆိပ်လေးခုရရှိပြီး နှစ်မျိုးတွင် ဆုတံဆိပ်နှင့် လွဲချော်ခဲ့သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-MRF**

# (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ငွေတံဆိပ်တစ်ဆု၊ ကြေးတံဆိပ်သုံးဆုရရှိခဲ့သည့် ပိုက်ကျော်ခြင်းအားကစားအဖွဲ့၊ ရွက်လှေအားကစားအဖွဲ့နှင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော အားကစားအဖွဲ့များ ပြန်လည်ရောက်ရှိ

ရန်ကုန်  ဒီဇင်ဘာ  ၁၉

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၉ ရက်မှ ၂၀ ရက်အထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပသည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက် ယှဉ်ပြိုင်ခဲ့သည့် ပိုက်ကျော်ခြင်းအားကစားနည်းမှ အမျိုးသားလေးယောက်တွဲ ပြိုင်ပွဲတွင် ငွေတံဆိပ်ဆုရရှိသော ဇင်မင်းဦး၊ အောင်မျိုးကျော်၊ သန့်ဇင်ထွန်း၊ ဇော်မင်းခန့်၊ ရှိန်းဝဏ္ဏဇော်၊ ရန်ပိုင်ဦးတို့အတွဲ၊ အမျိုးသမီးလေးယောက်တွဲ ပြိုင်ပွဲတွင် ကြေးတံဆိပ်ဆု ရရှိသော ဖြူဖြူသန်း၊ ဖူးဖူး၊ နေခြည်နွေး၊ ယမုံဇင်၊ ခင်နှင်းဝေ၊ ချယ်ရီလင်းသစ်တို့အတွဲ၊အမျိုးသား၊ အမျိုးသမီး လေးယောက်တွဲပြိုင်ပွဲတွင် ကြေးတံဆိပ်ဆုရရှိသော ရှိန်းဝဏ္ဏဇော်၊ ဇင်မင်းဦး၊ ဇော်မင်းခန့်၊ ဖြူဖြူသန်း၊ ဖူးဖူး၊ နှင်းနှင်းဝေတို့အတွဲ၊ ရွက်လှေအားကစားနည်းမှ အမျိုးသားBoy’s ILCA4 ပြိုင်ပွဲတွင် ကြေးတံဆိပ်ဆုရရှိသော ခွန်ထွန်းဦးတို့နှင့်အတူ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ခဲ့သော အားကစားအဖွဲ့ဝင်များသည် ယနေ့ညနေပိုင်းတွင် အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်းလိုင်း(MAI) ဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာရာ အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ၏ မိဘဆွေမျိုးများက ဂုဏ်ပြုကြိုဆိုကြကြောင်း သိရသည်။ **သတင်းစဉ်**



## (၃၃)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှုအခြေအနေ

(၁၉-၁၂-၂၀၂၅)

| စဉ် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁။ | ထိုင်း | ၂၃၂ | ၁၅၄ | ၁၀၆ | ၄၉၂ |
| ၂။ | အင်ဒိုနီးရှား | ၉၁ | ၁၁၁ | ၁၂၉ | ၃၃၁ |
| ၃။ | ဗီယက်နမ် | ၈၆ | ၇၉ | ၁၁၀ | ၂၇၅ |
| ၄။ | စင်ကာပူ | ၅၆ | ၅၇ | ၁၁၆ | ၂၂၉ |
| ၅။ | မလေးရှား | ၅၂ | ၆၀ | ၈၆ | ၁၉၈ |
| ၆။ | ဖိလစ်ပိုင် | ၅၀ | ၇၃ | ၁၅၃ | ၂၇၆ |
| ၇။ | မြန်မာ | ၃ | ၂၁ | ၄၆ | ၇၀ |
| ၈။ | လာအို | ၂ | ၉ | ၂၇ | ၃၈ |
| ၉။ | ဘရူနိုင်း | ၁ | ၃ | ၅ | ၉ |
| ၁၀။ | တီမောလက်စ်တေ | ၀ | ၁ | ၇ | ၈ |

မှတ်ချက်။ ကမ္ဘောဒီးယားနိုင်ငံသည် ဆီးဂိမ်းပြိုင်ပွဲမှ နုတ်ထွက်သွားခဲ့သည်။




# ဆီးဂိမ်း လက်ဝှေ့နှင့် နပန်းပြိုင်ပွဲများ ပြီးဆုံးခဲ့ပြီး မြန်မာအားကစားသမားများ ကြေးတံဆိပ်ဆုရရှိ

ရန်ကုန်  ဒီဇင်ဘာ  ၁၉

ထိုင်းနိုင်ငံ၌ကျင်းပနေသည့် (၃၃) ကြိမ်မြောက် ဆီးဂိမ်း လက်ဝှေ့ (Boxing) ပြိုင်ပွဲနှင့် နပန်းပြိုင်ပွဲများ ပြီးဆုံးခဲ့ပြီး မြန်မာအားကစားသမားများ ကြေးတံဆိပ်ဆုများ ဆွတ်ခူးရရှိသည်။

မြန်မာအားကစားအဖွဲ့သည် လက်ဝှေ့ပြိုင်ပွဲတွင် ကြေးတံဆိပ်ငါးခု၊ နပန်းပြိုင်ပွဲတွင် ကြေးတံဆိပ် သုံးခုရရှိသည်။ လက်ဝှေ့ပြိုင်ပွဲ အမျိုးသမီး ၅၀ ကီလိုတန်းတွင် မြမိုးသူ၊ ၅၄ ကီလိုတန်းတွင် ထားထားနွယ်၊ ၅၇ ကီလိုတန်းတွင် ဆုမြတ်နိုး၊ ၆၆ ကီလိုတန်းတွင် ကေသွယ်ငြိမ်း၊ အမျိုးသား ၆၀ ကီလိုတန်းတွင် နုတ်မာန်တို့က ကြေးတံဆိပ်ဆုများ ဆွတ်ခူးရရှိသည်။

နပန်းပြိုင်ပွဲ အမျိုးသမီး -၅၀ ကီလိုတန်းတွင် ခိုင်စံပယ်၊ -၅၃ ကီလိုတန်းတွင် ခင်ခင်စု၊ -၅၇ ကီလိုတန်းတွင် သဲသိမ့်သိမ့်သူတို့က ကြေးတံဆိပ်ဆုများ ရရှိသည်။ **သတင်း-မောင်စံကြီး၊ ဓာတ်ပုံ-MSYA**

# ဆီးဂိမ်း အမျိုးသားဖူဆယ်ပြိုင်ပွဲတွင် အင်ဒိုနီးရှားအသင်း ရွှေတံဆိပ်ဆုဆွတ်ခူးပြီး မြန်မာအသင်း အုပ်စုလေးပွဲလုံးရှုံးနိမ့်

ရန်ကုန်  ဒီဇင်ဘာ  ၁၉

ဆီးဂိမ်း အမျိုးသားဖူဆယ်ပြိုင်ပွဲ အုပ်စုနောက်ဆုံးနေ့ကို ဒီဇင်ဘာ ၁၉ ရက်က ကျင်းပရာ အင်ဒိုနီးရှားအသင်းက ရွှေတံဆိပ်ဆု ဆွတ်ခူးပြီး မြန်မာအသင်း အုပ်စုလေးပွဲလုံး ရှုံးနိမ့်ခဲ့သည်။

အုပ်စုနောက်ဆုံးနေ့တွင် ဗီယက်နမ်အသင်းက မြန်မာအသင်းကို လေးဂိုး-နှစ်ဂိုး၊ အင်ဒိုနီးရှားအသင်းက ထိုင်းအသင်းကို ခြောက်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ သုံးပွဲဆက်တိုက် အနိုင်ရထားသည့် အိမ်ရှင် ထိုင်းအသင်းသည် အင်ဒိုနီးရှားအသင်းကို သုံးဂိုးပြတ်အရေးနိမ့်လျှင်ပင် ရွှေတံဆိပ်ရယူနိုင်မည်ဖြစ်သော်လည်း ခြောက်ဂိုး-တစ်ဂိုးဖြင့် အရေးနိမ့်သဖြင့် ရွှေဆုနှင့် လက်တစ်ကမ်းအကွာမှ လက်လွှတ်ခဲ့ရသည်။

အမျိုးသားဖူဆယ်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်ငါးသင်းသာရှိသဖြင့် ပတ်လည်စနစ်ဖြင့် ကျင်းပခဲ့ပြီး ရမှတ်တူအသင်းများတွင် ဂိုးကွာခြားချက်ဖြင့် အင်ဒိုနီးရှားအသင်းက ရွှေတံဆိပ်၊ ထိုင်းအသင်းက ငွေတံဆိပ်၊ မလေးရှားအသင်းက ကြေးတံဆိပ်ရရှိခဲ့သည်။ **ထွဏ်းသွေးအိမ်**

## စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဆရာတော်ကြီးများထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း၊ ပြည်သူ့ဆေးရုံကြီး၌ ဆေးကုသမှုခံယူနေကြသူများအား အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်



မုံရွာ ဒီဇင်ဘာ ၁၉

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့်ဇနီး၊ တိုင်းဒေသကြီးတရားသူကြီးချုပ်နှင့် ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်ဇနီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ မုံရွာခရိုင်/မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် မုံရွာမြို့ မဟာဇောတိကာရာမကျောင်းတိုက်ကြီးသို့ ရောက်ရှိပြီး ဆရာတော်ကြီးများထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ တိုင်းဒေသကြီးဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ယင်းနောက် မုံရွာမြို့ ခုတင် (၅၀၀) ဆံ့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိကာ ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်ကြီးများက ဆေးကုသမှုခံယူနေကြသည့်လူနာများ၏ ကုသရေးလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံရှင်းလင်းပြသရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ကုသရေးလုပ်ငန်းများနှင့်ပတ်သက်၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် ဆေးကုသမှုခံယူနေကြသည့် ဆရာတော်၊ သံဃာတော်များနှင့် ဒေသခံပြည်သူများအား အာဟာရဖြည့်စားသောက်ဖွယ်ရာများ လိုက်လံပေးအပ်ကာ အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



## ကောက်ရိုးထုံးစက်ကိရိယာနှင့် ရိုးပြတ်ရိတ်စက်ကိရိယာ ကွင်းသရုပ်ပြပွဲ ဆောင်ရွက်

တောင်တွင်းကြီး ဒီဇင်ဘာ ၁၉

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် စက်မှုလယ်ယာဦးစီးဌာန အမှတ် (၇၁) စက်မှုလယ်ယာစခန်းက ကြီးမှူးဆောင်ရွက်သည့် ကောက်ရိုးထုံးစက်ကိရိယာနှင့် ရိုးပြတ်ရိတ်စက်ကိရိယာအသုံးပြု၍ တောင်သူပညာပေးကွင်းသရုပ်ပြပွဲကို ယမန်နေ့နံနက်ပိုင်းက မြို့သစ်မြို့နယ် ကိုရံ (တောင်)ကျေးရွာ တောင်သူ ဦးသောင်းတင်၏ လယ်မြေသုံးဧကအတွင်း၌ ပြုလုပ်သည်။

ဦးစွာ ကွင်းသရုပ်ပြပွဲတွင် မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ ဦးစီးအရာရှိ ဦးတိုးမြင့်ပိုင်က နည်းပညာသစ်ကိရိယာများကို အသုံးပြုခြင်းဖြင့် တောင်သူများ လယ်ကွင်းအတွင်းရှိ ကောက်ရိုးများအား ကောက်ရိုးထုံးစက်ကိရိယာကို အသုံးပြု၍ ကောက်ရိုးများ အမြန်သိမ်းဆည်းနိုင်သဖြင့် အလွယ်တကူမြေပြုပြင်နိုင်ခြင်း၊ နွားစာကောက်ရိုးများကို မီးရှို့ရန်မလိုဘဲ အမိုးအကာအောက်တွင် စနစ်တကျထားသိုသိမ်းဆည်းနိုင်ခြင်းတို့ကြောင့် နွားစာအဖြစ် ကောက်ရိုးများပြန်လည်ရောင်းချခြင်းဖြင့် ဈေးကောင်းရရှိ၍ မိသားစုအပိုဝင်ငွေတိုးပွားနိုင်ကြောင်း စသည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

နောင်နောင် (မိဿနိုးမြေ)

## မြောက်ဥက္ကလာပမြို့နယ်၌ မဲရုံအဖြစ်အသုံးပြုမည့်အဆောက်အအုံများ မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၁၉

မြောက်ဥက္ကလာပမြို့နယ်၌ မဲရုံအဖြစ်အသုံးပြုမည့် စာသင်ကျောင်းများနှင့် အဆောက်အအုံများ မီးဘေးလုံခြုံရေးအတွက် မီးဘေး အသိပညာပေးခြင်းနှင့် လိုက်လံကွင်းဆင်းစစ်ဆေးခြင်းများကို ယမန်နေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက စစ်ဆေးဆောင်ရွက်သည်။



မြို့နယ် မီးသတ်ဦးစီးမှူး ဦးစည်သူမျိုး ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက မဲရုံအဖြစ်အသုံးပြုမည့် အဆောက်အအုံများတွင် မီးဘေးအန္တရာယ်ပေါ်ပေါက်လာပါက အရေးပေါ်အသုံးပြုနိုင်ရန် မဲရုံများတွင် လိုက်နာဆောင်ရွက်ရမည့်အချက်များနှင့် မီးဘေးလုံခြုံရေးအတွက် ဆောင်ရွက်ရမည့်အချက်များကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ကွင်းဆင်းစစ်ဆေးရာသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမိုးသူ၊ အဖွဲ့ဝင်များဖြစ်သော ဗိုလ်မှူး ဖြိုးဝေလင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဦးမျိုးအောင်နှင့် သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူးများ၊ ရပ်/ကျေး ကော်မရှင်များ၊ ကျောင်းအုပ်ဆရာမများနှင့်အတူ လိုက်ပါကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သက်လွင်စိုး(ပြန်/ဆက်)

## လက်ပံတန်း၌ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်



လက်ပံတန်း ဒီဇင်ဘာ ၁၉

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးနှင့် ဝန်ထမ်းများက ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အရှိန်မြှင့်ဆောင်ရွက်လျက်ရှိရာ ယမန်နေ့နံနက်ပိုင်းတွင် မြို့မရပ်ကွက်သို့ ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာတင်ဇော်ဝင်းက ဆီးချိုသွေးချိုရောဂါသွင်ပြင်နှင့် လက္ခဏာများအကြောင်းနှင့် အတူနေမိသားစုနေထိုင်မှုပုံစံများအကြောင်း ကျန်းမာရေးအသိပညာပေးဟောပြောပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဝန်ထမ်းများက ဆီးချိုသွေးချိုလူနာ ၅၆ ဦးနှင့် အတူနေမိသားစုများအား ကျန်းမာရေးစစ်ဆေးခြင်း၊ လိုအပ်သောကုသရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



ကံမမြို့နယ်အတွင်း ရွေးကောက်ပွဲကျင်းပရာတွင် အသုံးပြုမည့် မဲရုံများနှင့် မဲပေးစက်များ ထားရှိရာနေရာများ မီးဘေးအန္တရာယ်ကင်းရှင်းစေရေး စစ်ဆေးခြင်း၊ မဲပေးစက်များ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးစစ်ဆေးခြင်းများကို ဒီဇင်ဘာ ၁၉ ရက်တွင် ကံမမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းနိုင်၊ မြို့နယ်လျှပ်စစ်၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အရာရှိများနှင့်အတူ စစ်ဆေးဆောင်ရွက်ကြစဉ်။

ကောင်းစစ်နိုင်

## မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ဥပဒေ၊ နည်းဥပဒေနှင့် မီးသတ်ကျင့်ဝတ် ဆန်းစစ်ဖြေဆို

ပုသိမ် ဒီဇင်ဘာ ၁၉

ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ လမ်းညွှန်ချက်အရ ဧရာဝတီတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံးတွင် ဒီဇင်ဘာ ၁၇ ရက် မွန်းလွဲပိုင်းက မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ဥပဒေ၊ နည်းဥပဒေနှင့် မီးသတ်ကျင့်ဝတ်ဆန်းစစ်စာမေးပွဲကို ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံး၊ ပုသိမ်ခရိုင် မီးသတ်ဦးစီးမှူးရုံး၊ ပုသိမ်မြို့နယ် မီးသတ်ဦးစီးမှူးရုံးတို့မှ အရာထမ်း၊ အမှုထမ်းတပ်ဖွဲ့ဝင်များ ဝင်ရောက်ဖြေဆိုကြပြီး တိုင်းဒေသကြီးမီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးအောင်ဆွေဝင်း၊ ဒုတိယတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကိုကိုဦးတို့က ကြီးကြပ်ဆောင်ရွက်ခဲ့သည်။



အလားတူ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီးတွင်လည်း မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ ဥပဒေ၊ နည်းဥပဒေနှင့် မီးသတ်ကျင့်ဝတ် ဆန်းစစ်စာမေးပွဲများကိုလည်း ကျင်းပလျက်ရှိကြောင်း သိရသည်။

မင်းထွဋ်



တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ ဒီဇင်ဘာ ၁၆ ရက်တွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးပြည်ဟိန်းကျော် ဦးဆောင်၍ ခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင်များနှင့် ဌာနဆိုင်ရာများက "ဒို့အတူတူမဲပေးကြမယ်" အသိပညာပေး လက်ကမ်းစာစောင်များကို လမ်းသွားလမ်းလာသူများအား ဖြန့်ဝေပေးစဉ်။

ခိုင်ထူး(ပြန်/ဆက်)

# မြောင်းမြမြို့၌ အခြေခံစက်ချုပ်သင်တန်းဆင်းပွဲကျင်းပ

မြောင်းမြ ဒီဇင်ဘာ ၁၉

ဧရာဝတီ တိုင်းဒေသကြီး မြောင်းမြမြို့၌ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပြုလုပ်သည့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်သင်တန်း ဖွင့်လှစ်ရာ ဒီဇင်ဘာ ၁၇ ရက် နံနက်ပိုင်းက တဲ့တဲ့ကူးကျေးရွာ၊ သာသနာ့ဇောတိပါလ ဓမ္မာရုံ၌ သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပသည်။



အခမ်းအနားတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးသန်းက အမှာစကား ပြောကြားသည်။ ဆက်လက်၍ သင်တန်းသူများ ကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး သင်တန်းတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။

အဆိုပါ သင်တန်းတွင် သင်တန်းသူ ၂၀ တို့အား သင်တန်းဆရာမတစ်ဦးက နိုဝင်ဘာ ၂ ရက်မှ ဒီဇင်ဘာ ၁၆ ရက်အထိ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

ဇေယျာ (မြောင်းမြ)



# လွိုင်ကော်မြို့၌ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော

လွိုင်ကော် ဒီဇင်ဘာ ၁၉

ကယားပြည်နယ် လွိုင်ကော်မြို့၌ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းနှင့် သရုပ်ပြ မီးငြိမ်းသတ်ခြင်းကို ယနေ့နံနက်ပိုင်းက အားကစားနှင့်ကာယပညာသိပ္ပံ (လွိုင်ကော်)၌ ကျင်းပသည်။

ဦးစွာ လွိုင်ကော်ခရိုင် မီးသတ်ဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှိုင်ဝင်းထွန်းနှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များသည် ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများအား မီးဘေးကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောသည်။

ထို့နောက် မီးသတ်ဆေးဘူးများဖြင့် လက်တွေ့ မီးငြိမ်းသတ်ခြင်းကို သရုပ်ပြ ဆောင်ရွက်ခဲ့ပြီး ကျောင်းသား ကျောင်းသူများ၏ သိလိုသည့် မေးမြန်းမှုများအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

လွိုင်ကော်ခရိုင် မီးသတ်ဦးစီးဌာနအနေဖြင့် မီးဘေးကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောခြင်းနှင့် သရုပ်ပြမီးငြိမ်းသတ်ခြင်းများကို အခြေခံပညာအထက်တန်းကျောင်းများနှင့် သူနာပြုနှင့် သားဖွားသင်တန်းကျောင်းများတွင်လည်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မေစု(ပြန်/ဆက်)

# နည်းပညာတက္ကသိုလ် (တောင်ငူ)၌ မောင်မယ်သစ်လွင်ကြိုဆိုပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကျင်းပ

တောင်ငူ ဒီဇင်ဘာ ၁၉

ပဲခူးတိုင်းဒေသကြီး နည်းပညာတက္ကသိုလ် (တောင်ငူ)၌ (၂၀၂၅-၂၀၂၆) ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၈ ရက် နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ နည်းပညာတက္ကသိုလ် (တောင်ငူ)မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာတင်ဝင်းမွန်က အမှာစကားပြောကြားပြီး နည်းပညာတက္ကသိုလ် (တောင်ငူ) နောက်ဆုံးနှစ်ကျောင်းသား မောင်ကောင်းဇော်ဟိန်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။ ထို့နောက် နည်းပညာတက္ကသိုလ် (တောင်ငူ) ဒုတိယပါမောက္ခချုပ်နှင့် ဌာနမှူးများက (၂၀၂၄-၂၀၂၅)ပညာသင်နှစ်တွင် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ကြပြီး ကျောင်းသား ကျောင်းသူများက အစီအစဉ်အတိုင်း တေးသီချင်း၊ အကအလှများဖြင့် သီဆိုကပြဖျော်ဖြေကြသည်။



နည်းပညာတက္ကသိုလ် (တောင်ငူ)တွင် မောင်မယ်သစ်လွင် ပထမနှစ် ကျောင်းသား ကျောင်းသူ ၃၃၀ နှင့် စုစုပေါင်းကျောင်းသားကျောင်းသူ ၁၀၇၄ ဦးတက်ရောက်ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

ဇော်ကိုကို (တောင်ငူ)



ချမ်းအေးသာစံမြို့နယ် မီးသတ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးညီထွေးဦးက ဦးဆောင်ကာ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် လက်တွေ့သရုပ်ပြခြင်းများကို အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း၌ ဒီဇင်ဘာ ၁၆ ရက်က ဆောင်ရွက်ခဲ့ကြစဉ်။

ချမ်းမြေ့မောင်(ချမ်း/စံ)



ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်၌ ရပ်ကွက်ကျေးရွာများရှိ မဲရုံများအား မြို့နယ်မီးသတ်ဦးစီးမှူး ဦးစကောင်းပြည့်လင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ လျှပ်စစ်အင်ဂျင်နီယာ၊ မြို့နယ်ကော်မရှင်အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ ပါဝင်သောအဖွဲ့က ဒီဇင်ဘာ ၁၈ ရက်တွင် မီးလန့်မှု၊ မီးလောင်မှု မဖြစ်ပွားစေရေးအတွက် မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးဆောင်ရွက်စဉ်။

မိုးဟိန်းထက်

# ပင်းတယမြို့၌ မဲရုံပြုလုပ်မည့်နေရာများတွင် ဆက်သွယ်ရေးနှင့် လုံခြုံရေးကွင်းဆင်းစစ်ဆေး

ပင်းတယ ဒီဇင်ဘာ ၁၉

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်ရှိ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပမည့်နေရာများအား ဆက်သွယ်ရေးနှင့် လုံခြုံရေးအခြေအနေများ ကွင်းဆင်းစစ်ဆေးခြင်းကို ဒီဇင်ဘာ ၁၈ ရက် နံနက်ပိုင်းမှစ၍ ဆောင်ရွက်လျက်ရှိရာ အဆိုပါလုပ်ငန်းများကို ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့အဖွဲ့ဝင်ဒုတိယရဲမှူးကြီး နေလင်းနှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထိန်လင်းအောင်နှင့် တာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ဆရာ ဆရာမ



များနှင့် ပူးပေါင်းစစ်ဆေးဆောင်ရွက်ခဲ့သည်။ ပင်းတယမြို့နယ်တွင် မဲရုံစုစုပေါင်း ၄၉ ရုံရှိကြောင်း သိရသည်။

မိုးမိုးထွေး (ပြန်/ဆက်)

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်အတွင်းရှိ ရွေးကောက်ပွဲကျင်းပမည့်မဲရုံများအား မီးဘေးလုံခြုံရေး ပြင်ဆင်ထားရှိမှုကို ဒီဇင်ဘာ ၁၉ ရက် နံနက်ပိုင်းက မြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်မင်း အနီးကပ်ကြီးကြပ်မှုဖြင့် ဒုတိယမီးသတ်ဦးစီးမှူး ဦးဇေယျမင်းခန့်ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရဲတပ်ဖွဲ့၊ လျှပ်စစ်၊ စည်ပင်၊ စက်မှုကြီးကြပ်၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့များနှင့် ကွင်းဆင်းစစ်ဆေးစဉ်။

အောင်ဝင်းနိုင်(ပြန်/ဆက်)





မိတ္ထီလာမြို့ မြို့မရပ်ကွက်အတွင်းရှိ မဲရုံများနှင့် ပတ်ဝန်းကျင်ရှိ လူနေအိမ်များအား မီးလောင်မှု၊ မီးလန့်မှု မဖြစ်ပွားစေရေးအတွက် ဒီဇင်ဘာ ၁၇ ရက် နံနက်ပိုင်းတွင် ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်ဆန်း ဦးဆောင်သော မီးသတ်တပ်ဖွဲ့ ဝင်များ ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဆောင်ရွက်စဉ်။

ချမ်းသာ(မိတ္ထီလာ)

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ကမ္ဘောဒီးယားနိုင်ငံနှင့် ထိုင်းနိုင်ငံအကြား ငြိမ်းချမ်းရေး ပြန်လည်တည်ဆောက်ရေးအတွက် တရုတ်နိုင်ငံက အပြုသဘောဆောင် ပါဝင်ဆောင်ရွက်မည်



ပေကျင်း ဒီဇင်ဘာ ၁၉

ကမ္ဘောဒီးယားနိုင်ငံနှင့် ထိုင်းနိုင်ငံအကြား ငြိမ်းချမ်းရေးပြန်လည်တည်ဆောက်ရေးအတွက် တရုတ်နိုင်ငံက အပြုသဘောဆောင်သည့် အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိက ဒီဇင်ဘာ ၁၈ ရက်တွင် ပြောသည်။

၎င်းအရေးနှင့် ပတ်သက်၍ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် ပရက်ဆိုခွန်းနှင့် ထိုင်းနိုင်ငံနိုင်ငံခြားရေးဝန်ကြီး ဆီဟာဆက် ဖောင်ကက်ကွေ တို့အား ဖုန်းဖြင့် သီးခြားစီ ဆွေးနွေးခဲ့ပြီး ဝမ်ယိက ယခုကဲ့သို့ ပြောကြားခြင်းဖြစ်သည်။

လက်ရှိ ဖြစ်ပွားနေသည့် ပဋိပက္ခအခြေအနေ အပါအဝင် တင်းမာမှုလျှော့ချရေးနှင့် အပစ်အခတ် ရပ်စဲရေးအတွက် ဆောင်ရွက်ရန် ဆန္ဒရှိကြောင်း နှစ်နိုင်ငံလုံးမှ တာဝန်ရှိသူများက ဝမ်ယိအား ပြောကြားခဲ့သည်။ နှစ်နိုင်ငံစလုံးနှင့် အိမ်နီးချင်းမိတ်ဆွေနိုင်ငံအဖြစ် ရပ်တည်နေသည့် တရုတ်နိုင်ငံသည် လက်နက်ကိုင်ပဋိပက္ခဖြစ်ခြင်းကို မလိုလားပဲ နှစ်နိုင်ငံစလုံးမှ အရပ်သားများ ထိခိုက်သေဆုံးခြင်းများအတွက်လည်း ဝမ်းနည်းရပါကြောင်း ဝမ်ယိက ပြောကြားသည်။ လက်နက်ကိုင်ပဋိပက္ခ ကြာရှည်စွာဆက်လက်ဖြစ်နေမည်ဆိုပါက ရေရှည်တွင် နှစ်ဖက်စလုံးအတွက် ထိခိုက်ဆုံးရှုံးမှုများပြားစေမည်ဖြစ်ကာ အာဆီယံအဖွဲ့၏ ညီညွတ်မှုကိုလည်း ပျက်ပြားစေမည်ဖြစ်သဖြင့် အပစ်အခတ်ရပ်စဲရေးကို အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်ရန်လိုအပ်ကာ နှစ်နိုင်ငံအကြား အပြန်အလှန်ယုံကြည်မှု တည်ဆောက်ရမည်ဖြစ်ကြောင်း ဝမ်ယိက ပြောကြားသည်။

အဆိုပါပဋိပက္ခကို တရုတ်နိုင်ငံအနေဖြင့် ဘက်လိုက်ခြင်းကင်းပြီး တရားမျှတမှုရှိသည့် နည်းလမ်းဖြင့်ဖြေရှင်းဆောင်ရွက်မည်ဖြစ်ကာ ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို အားပေးကူညီမည်ဖြစ်ပြီး အာဆီယံအဖွဲ့၏ ညှိနှိုင်းဆောင်ရွက်ရေးကြိုးပမ်းမှုများကို မြှင့်တင်ပေးမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

လက်ရှိအချိန်တွင် တရုတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၏ အာရှဒေသရေးရာ အထူးကိုယ်စားလှယ်သည် ကမ္ဘောဒီးယားနိုင်ငံနှင့် ထိုင်းနိုင်ငံများသို့ ခရီးစဉ်စတင်နေကြောင်း ၎င်းက ပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံနှင့် ထိုင်းနိုင်ငံတို့တွင် ဆောင်ရွက်နေသည့် စီမံကိန်းများနှင့် ၎င်းစီမံကိန်းများတွင် တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများ၏ လုံခြုံရေးအတွက် သက်ဆိုင်ရာနိုင်ငံများက ကြိုးပမ်းဆောင်ရွက်မည်ဟု တရုတ်နိုင်ငံက ယုံကြည်ပြီး တရုတ်နိုင်ငံနှင့် သက်ဆိုင်ရာနိုင်ငံများအကြား ချစ်ကြည်ရင်းနှီးမှု ပျက်ပြားစေမည့် သတင်းတု၊ သတင်းမှားများကိုသတိထား စောင့်ကြည့်တိုက်ဖျက်ရမည်ဟု ၎င်းက ပြောကြားသည်။ တရုတ်နိုင်ငံ၏ ၎င်းကိစ္စအပေါ် ညှိနှိုင်းဆောင်ရွက်ရေးတွင် သမာသမတ်ကျသည့် ရပ်တည်ချက်ကို ကြိုဆိုပါကြောင်းနှင့် တရုတ်နိုင်ငံအနေဖြင့် အဆိုပါပဋိပက္ခတွင် တင်းမာမှုများ လျှော့ကျရေးနှင့် ငြိမ်းချမ်းရေး ပြန်လည်ရရှိရေးဆောင်ရွက် နိုင်မည်ဟုယုံကြည်ကြောင်း ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးတို့က ပြောကြားသည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - စိုးသူရ

## လာအိုတွင် စဉ်ဆက်မပြတ်သည့် ခရီးသွားလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်

ဗီယင်ကျန်း ဒီဇင်ဘာ ၁၉

လာအိုနိုင်ငံသည် စဉ်ဆက်မပြတ်သည့် ခရီးသွားလုပ်ငန်းနှင့် အစိမ်းရောင်စီးပွားရေးကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေကြောင်း သိရသည်။

တည်တံ့သည့် လာအိုနိုင်ငံအစီအစဉ်အရ နိုင်ငံအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများက ဆောင်ရွက်နေသည့် စိုက်ပျိုးရေးအခြေခံ စားသောက်ကုန် ထုတ်လုပ်ရေးလုပ်ငန်းများကို ချန်ပါဆက်၊ လန်ပရာဗမ်နှင့် ဗီယင်ကျန်းဒေသများတွင် မြှင့်တင်ဆောင်ရွက်နေကြောင်း လာအိုအမျိုးသား ကုန်သည်စက်မှုအသင်းချုပ်က ပြောကြားသည်။ ၎င်းလုပ်ငန်းများအား လုပ်ကိုင်ခွင့် လက်မှတ်ထုတ်ပေးရာတွင် သဘာဝပတ်ဝန်းကျင်နှင့် ကိုက်ညီမှုရှိ၊ မရှိ စစ်ဆေးဆောင်ရွက်ကြောင်း သိရသည်။

ခွင့်ပြုသည့်လုပ်ငန်းများမှာ သယ်ယူပို့ဆောင်ရေး၊ အစားအစာနှင့် အဖျော်ယမကာ၊ လက်မှုလုပ်ငန်း၊ ယဉ်ကျေးမှုအခြေခံခရီးသွားလုပ်ငန်းနှင့် စိုက်ပျိုးရေးအခြေခံစားသောက်ကုန်ထုတ်လုပ်ရေးလုပ်ငန်းတို့ပါဝင်သည်။ ၎င်းအစီအစဉ်အရ နိုင်ငံအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ သတ်မှတ်အရည်အချင်းပြည့်မီရေးအတွက် နည်းပညာ၊ ကျွမ်းကျင်သူအကူအညီနှင့် ချေးငွေများပေးအပ်ကာ ကူညီဆောင်ရွက်နေကြောင်းနှင့် ၎င်းလုပ်ငန်းများတွင် စွန့်ပစ်ပစ္စည်းလျှော့ချရေး၊ ပလတ်စတစ် စွန့်ပစ်မှုစီမံခန့်ခွဲရေး၊ ဈေးကွက်ရှာဖွေရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများ မြှင့်တင်ရေးကို ဆောင်ရွက်နေကြောင်း သိရသည်။ ၎င်းအစီအစဉ်အရ ၂၀၂၈ ခုနှစ်တွင် နိုင်ငံအတွင်း လုပ်ငန်းလုပ်ကိုင်ခွင့် အသိအမှတ်ပြုလက်မှတ်ရ လုပ်ငန်းများ ကွန်ရက်ကို တည်ထောင်မည်ဖြစ်ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - စိုးသူရ



## မိတ္ထီလာမြို့နယ်၌ ပန်းတိုင်အထွက်နှုန်း သတ်မှတ်ထားသည့် သီးနှံ ၁၀ မျိုးနှင့်စပ်လျဉ်း၍ ကွင်းဆင်းစစ်တမ်းများကောက်ယူ

မိတ္ထီလာ ဒီဇင်ဘာ ၁၉

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ ပန်းတိုင်အထွက်နှုန်း သတ်မှတ်ထားသည့် သီးနှံ ၁၀ မျိုးနှင့် စပ်လျဉ်း၍ ပန်းတိုင်ရည်မှန်းချက်၊ အထွက်နှုန်းမကောင်းရခြင်း အကြောင်းအရာများ မြေပြင်ကွင်းဆင်း စစ်တမ်းများကောက်ယူခြင်းကို ယမန်နေ့က ဆောင်ရွက်ခဲ့သည်။

အဆိုပါ ဆောင်ရွက်ခြင်းကို မိတ္ထီလာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်နိုင်အေးက ကြီးကြပ်ပြီး ဒုတိယဦးစီးမှူးများ ဦးဆောင်ကာ စိုက်ပျိုးရေးဝန်ထမ်းများက မြို့နယ်အတွင်း ကျေးရွာများရှိ စိုက်ပျိုးရေးတောင်သူ ၁၆၀၀ အား ပန်းတိုင်အထွက်နှုန်း သတ်မှတ်ထားသည့် သီးနှံ ၁၀ မျိုးတို့ကို အထွက်နှုန်းကောင်းသည့် မျိုးကောင်းမျိုးသန့်များ ပြည့်ပြည့်စုံစုံမရခြင်း/မျိုးမကောင်းခြင်း၊ မြေပြုပြင်မှုအားနည်းခြင်း/မြေပြုပြင်မှု လိုအပ်ခြင်း၊ လိုအပ်သည့်သဘာဝမြေဩဇာ/ဓာတ်မြေဩဇာ ပြည့်ပြည့်ဝဝ မထည့်သွင်းနိုင်ခြင်း/ငွေကြေးမတတ်နိုင်ခြင်း၊ မိုးကောင်းရေသောက် မိုးရေလုံလောက်စွာမရရှိခြင်း/ စိုက်ပျိုးရေလုံလောက်စွာ မရရှိခြင်း၊ အောင်ရေမရရှိခြင်း/မလုံလောက်ခြင်း၊ လုပ်သားအခက်အခဲရှိခြင်း/ ငှားရမ်းခဈေးကြီးခြင်း၊ ကောက်ကွက်ပြည့်မီအောင် မစိုက်နိုင်ခြင်း/ပင်ကြား တန်းကြား အပြည့်မစိုက်နိုင်ခြင်းတို့ကို မြေပြင်ကွင်းဆင်း မေးမြန်းစစ်တမ်းကောက်ယူခဲ့ကြကြောင်း သိရသည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

## ဖြူးမြို့နယ်၌ ကြံစိုက်တောင်သူများအား ပညာပေးဆွေးနွေး

ဖြူး ဒီဇင်ဘာ ၁၉

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်အတွင်း စိုက်ပျိုးရေးဦးစီးဌာန သကြားထွက်သီးနှံဌာနခွဲ ကြံသီးနှံသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ(ညောင်ပင်သာ)တွင် ယမန်နေ့ မွန်းလွဲပိုင်းက ကြံစိုက်တောင်သူများအား သက်နုမိုးစိုက်ကြံပျိုးခင်းဆောင်ရွက်ခြင်း ပညာပေးဆွေးနွေးသည်။

ပညာပေးဆွေးနွေးပွဲတွင် သကြားထွက်သီးနှံဌာနခွဲ(ရုံးချုပ်)မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာစိုးက သက်နုမိုး ကြံပျိုးခင်းဆောင်ရွက်ခြင်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးနှင့် အားသာချက်၊ အားနည်းချက်များကို ပညာပေးဆွေးနွေးပြီး ညောင်ပင်သာ ကြံသုတေသနတာဝန်ခံ ဦးကျော်အောင်က ဒေသအတွင်း ကြံစိုက်ပျိုးမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသော ဖြူးမြို့နယ်အတွင်း ကြံစိုက်တောင်သူများ၊ ကြံသုတေသနခြံဝန်ထမ်းများက သိလိုသည့်အချက်များကို ပြန်လည်မေးမြန်း ဆွေးနွေးကြကြောင်း သိရသည်။



နေမျိုးလွင်(ပြန်/ဆက်)

## လားရှိုးမြို့နှင့် ပန်းတောင်းမြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ



ပြစ်မှုကျူးလွန်သူ ကိုကိုဇော်(ခ)ကိုဇော်နှင့် မြတ်ကျော်တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့် အတူတွေ့ရစဉ်။

နေပြည်တော် ဒီဇင်ဘာ ၁၉

လားရှိုးမြို့နှင့် ပန်းတောင်းမြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၁၇ ရက် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် သတင်းအရ လားရှိုးမြို့ ရပ်ကွက်(၁၂) နယ်မြေ(၁၉) ရှမ်းခိုလောင်လမ်းနှင့် သစ္စာလမ်းထောင့်တွင် လားရှိုးမြို့နယ် မိုင်းယော်ကျေးရွာနေ စိုင်းစံအောင်(၃၇)နှစ် မောင်းနှင်လာသော HONDA CIVIC ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀၀ (ဒေသတန်ဖိုးငွေကျပ် သိန်း ၆၀)အား သိမ်းဆည်းရမိပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ ယင်းနေ့ မွန်းလွဲ ၁ နာရီတွင် လားရှိုးမြို့ ရပ်ကွက်(၁၂) နယ်မြေ(၁၉)နေ အိုက်ဆာထွန်း(၅၆)နှစ်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၀၀ (ဒေသတန်ဖိုး ငွေကျပ် ၁၆ သိန်း)အားလည်း ကောင်း၊ အလားတူ ဒီဇင်ဘာ ၁၈ ရက် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် ပူးပေါင်းအဖွဲ့သည် သတင်းအရ ပန်းတောင်းမြို့နယ် ဥသျှစ်ပင်မြို့ ပုသိမ်-မုံရွာသွားလမ်း၊ ကျီးပင်ကျေးရွာအနီးတွင် ဒဂုံမြို့သစ်အရှေ့ပိုင်း မြို့နယ် (၈)ရပ်ကွက်နေ ကိုကိုဇော်(ခ)ကိုဇော်(၃၂)နှစ် မောင်းနှင်ပြီး တောင်ဒဂုံမြို့နယ် (၂၅)ရပ်ကွက်နေ မြတ်ကျော်(၃၇)နှစ် လိုက်ပါလာ သော HONDA FIT ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ် ဆေးပြား ၁၉၆၀၀၀ (ဒေသတန်ဖိုးငွေကျပ် သိန်း ၂၉၄၀) အား သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

သတင်းစဉ်

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၆၄/စက်မှုဇုန်ရပ်ကွက်၊ စက်မှုဇုန်ပတ်လမ်း၊ အမှတ်– ၄၇၉+၄၈၀ ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်– ၆၄/စက်မှုဇုန်၊ မြေကွက်အမှတ်–၄၇၉+၄၈၀၊ ဧရိယာ–(၀.၁၁၁)ဧက၊ အကျယ်အဝန်း (အလျား ၈၀ပေx အနံ ၆၀ပေ)ရှိ နှစ်(၆၀) ဂရန်မြေအမျိုးအစား မြေနှင့်အိမ်အပါအဝင် ယင်းတို့နှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက် လက်ရှိပိုင်ဆိုင်သူ ဒေါ်မြမြခင် [၁၂/ဗတထ(နိုင်)၀၂၇၄၇၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေများ၏ တစ်စိတ်တစ်ဒေသဖြစ်သည့် စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းအထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးအေးမြင့် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဥ်– ၇၃၅၈)**
**အမှတ်– ၅၁၊ A–1၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉– ၅၀၆၄၆၆၇**

## ကန့်ကွက်နိုင်ပါကြောင်း၊ အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၂)ရပ်ကွက်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ အမှတ် (၃၀၄) ဟုခေါ်တွင်သော (၄)ခန်းတွဲ (၄)ထပ်တိုက်အနက်မှ ပထမထပ်(ညာ)၊ အကျယ်အဝန်း (၁၅x၆၀)ပေရှိ တိုက်ခန်း(၁)ခန်းနှင့် ရေ၊ မီးအစုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်မျိုးမျိုးအေး(ခ) SHAKER KHANUN [၁၂/ကတတ(ပြု)၀၀၀၉၉၈]မှ တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးလှဝင်း [၁၂/ကတတ(ဧည့်)၀၀၀၇၆၇]က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း(မူရင်း)များဖြင့် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်၍ ကန့်ကွက်မည့်သူများမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ခင်စိုးဝင်း** | **ဒေါ်နှင်းသီတာဖြိုး** |
| **တရားလွှတ်တော်ရှေ့နေ (စဥ်–၉၄၅၃)** | **တရားလွှတ်တော်ရှေ့နေ (စဥ်–၁၃၇၂၀)** |

**အမှတ်– ၁၃၃၊ အခန်း(၄၀၅)၊ စက်ရုံလမ်း၊**
**လမင်းသာယာကွန်ဒို၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– 09–5416735**

## ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၃) ရပ်ကွက်၊ ဦးလှော်ခြံလမ်း၊ အမှတ်– ၁၊ (၂)ခန်းတွဲ (၆)ထပ်တိုက် (Pitch roof) (Lift – ၁ စင်းပါ) အဆောက်အဦ၏ (ဝဲ) ဘက်ခြမ်း၊ ဒုတိယထပ်၊ အခန်းအမှတ် – ၂(အေ) တိုက်ခန်းအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

အထက်ဖော်ပြပါလိပ်စာရှိ (အလျား– ၂၂ ပေx အနံ– ၆၂ ပေ) အကျယ်ရှိ တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်လက်ရှိပိုင်ဆိုင်သူ ဒေါ်ထားအိဝေ [၃/ဘအန(နိုင်) ၁၆၉၁၄၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသဖြစ်သည့် စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းအထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဆွေဆွေမာ**
**တရားလွှတ်တော်ရှေ့နေ (စဥ်– ၁၆၉၂၅)**
**အမှတ်– ၅၉၊ အောက်မင်္ဂလာဒုံ (၂) လမ်း၊ အောင်ဆန်းရပ်ကွက်၊**
**အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။**

## ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၄၅၊ လူနေရပ်ကွက်အမှတ်–၂၀၊ ပေါ်တော်မူလမ်းနှင့် စစ်တောင်းလမ်းထောင့်၊ မြေကွက်အမှတ်–၈၄၁(က)၊ မြေပြင်ရှိ မျက်မြင်အကျယ် ပေ(၄၀/၁၂x၆၀)ရှိ ဒေါ်ဇီဝါဝင်း အမည်ပေါက်မြေချပါမစ်ထွက်ရှိထားသော အိမ်မြေနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

အထက်ဖော်ပြပါ အိမ်မြေအား ပါမစ်အမည်ပေါက်ပိုင်ရှင်ထံမှ အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူ၍ လက်ဝယ်ထားရှိပိုင်ဆိုင်သူ ပိုင်ရှင် ဒေါ်ကေဇင်လတ် [၁၂/ရပသ(နိုင်) ၀၆၄၃၅၀]ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်တင်စန္ဒာမှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်သောကြောင့် အထက်ဖော်ပြပါ အိမ်မြေပိုင်ဆိုင်မှုနှင့် ပတ်သက်ပြီး ကန့်ကွက်လိုသူ မည်သူမဆို ယနေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော မြေကွက်ပိုင်ဆိုင်မှုစာရွက်စာတမ်း မူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်တင်စန္ဒာ** | **ဒေါ်ခင်မာလွင်(LL.B.,D.B.L)** |
| **[၁၁/ကဖန(နိုင်)၁၁၉၀၈၅]** | **တရားလွှတ်တော်ရှေ့နေ(စဥ်–၇၆၅၂)** |
| **အမှတ်–၃၈၃(က)၊** | **အမှတ်–၁၁၂၊ ဗိုလ်ချုပ်လမ်း၊ (၅)ရပ်ကွက်၊** |
| **သစ်ခွလမ်း၊(၅/၈)ရပ်ကွက်၊** | **ရွှေပြည်သာမြို့နယ်။** |
| **ရွှေပြည်သာမြို့နယ်။** | **ဖုန်း–၀၉–၅၁၈၉၆၈၉** |

## ကွန်ဒိုတိုက်ခန်းဝယ်ယူပိုင်ဆိုင်ပြီးကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/တောင်ရပ်ကွက်၊ အထက်ပန်းဆိုးတန်းလမ်း၊ မြန်မာ့ဂုဏ်ရည်အိမ်ရာ၊ A3–1၊ အခန်းအမှတ်(၁၁၀၄)၊ (၁၁–လွှာ)၊ အကျယ်အဝန်း(၁၈၂၅)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းကို **ဦးကြည်မင်း [၁၂/သလန (နိုင်)၀၀၂၂၈၃]နှင့် ဒေါ်ဇာနည်ကိုကို [၁၂/ပဘတ(နိုင်)၀၂၉၇၀၉]** ကိုင်ဆောင်သူများထံမှ (၁၈–၁၂–၂၀၂၅) ရက်စွဲပါ **“ကွန်ဒိုတိုက်ခန်း အပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်”** ချုပ်ဆို၍ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ **ဒေါ်ငွေ့ခေါ်လ်ကျန် [၄/တတန(နိုင်)၀၅၃၄၁၈]**မှ တန်ဖိုးငွေ အပြေအကျေပေးချေ အပြီးအပိုင်ဝယ်ယူ လက်ရောက်ပိုင်ဆိုင်ထားပြီးသည့် ကွန်ဒိုတိုက်ခန်းဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | | |
|---|---|---|
| **ဒေါ်မာမာသိန်း** | **ဒေါ်ဝင့်ထက်ထက်စံ** | **ဒေါ်နီနီဝင်း** |
| **(LL.B)** | **(LL.B)** | **(LL.B)** |
| **(စဥ်–၈၇၉၂)** | **(စဥ်–၁၈၅၅၃)** | **(စဥ်–၁၉၉၄၉)** |

**တရားလွှတ်တော်ရှေ့နေများ**
**ဦးထွန်းသူအောင် (LL.B)**
**အထက်တန်းရှေ့နေ (စဥ်–၅၅၇၆၄)**
**အမှတ်(၅၈)၊ မြေညီထပ်၊ ဓမ္မာရုံလမ်း၊**
**ကန်/တောင်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း – ၀၉–၅၀၈၈၆၀၅၊ ၀၉–၅၀၆၄၉၅၉**

## အကြင်လင်မယားအဖြစ်မှ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏ မိတ်ဆွေ ဦးသန်းအောင် [၁၂/စခန(နိုင်)၀၅၈၂၀၁]၏ လွှဲအပ်ညွှန်ကြားချက်အရ (ဘ) ဦးဘသန်း၏သား ဦးသန်းအောင် [၁၂/စခန(နိုင်)၀၅၈၂၀၁]နှင့် (ဘ) ဦးချော၏သမီး ဒေါ်ကေသီချော [၇/တငန(နိုင်)၀၀၉၈၈၀] တို့သည် (၁၂–၁၁–၂၀၂၅)ရက်နေ့တွင် လွတ်လပ်သောသဘောဆန္ဒအရ အသိသက်သေများရှေ့တွင် “နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးစီးကြောင်း”နှင့် နှစ်ဦးသဘောတူကွာရှင်းပြီးသည့်ရက်မှစ၍ အိမ်ထောင်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ကိုယ်ရေးကိုယ်တာ ကိစ္စအဝဝတို့ကို တစ်ဦးနှင့်တစ်ဦး ဝင်ရောက်စွက်ဖက်ခြင်း၊ နှောင့်ယှက်ခြင်း၊ ပတ်သက်စပ်ဆိုင်ခြင်းမရှိတော့သလို တစ်ဦးကိစ္စကို တစ်ဦးက တာဝန်ယူဖြေရှင်းမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်–

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးကောင်းညဏ်လင်း** | **ဦးထူးဝဏ္ဏကိုကို** |
| **(LL.B)** | **(LL.B) (D.IP.L)** |
| **အထက်တန်းရှေ့နေ (စဥ်–၅၃၀၄၉)** | **အထက်တန်းရှေ့နေ (စဥ်–၄၈၄၁၂)** |

**အခန်း(၁၁/၁၁၀)၊ ၈ မိုင်၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၆၉၈၂၈၆၅၀၂၊ ၀၉–၇၉၃၁၁၂၀၇၇၊ ၀၉–၅၁၆၇၇၄၃**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၀)၊ မြေကွက်အမှတ်(၈၁၅)၊ မြေကွက်တည်နေရာအမှတ် (၈၁၅)၊ သခင်မြလမ်း၊ (၄၀)ရပ်ကွက်၊ ဒဂုံမြောက်၊ ဒေါ်ရီရီလွင် (AV–၀၁၆၃၈၅) နှစ်(၆၀)မြေငှားစာချုပ်ဂရန်မြေအား ဂရန်အမည်ပေါက် ဒေါ်ရီရီလွင်နှင့်ဦးစိန်ဝင်းတို့ထံမှ အရောင်းအဝယ်စာချုပ်အမှတ်–၃၇၂၄/၂၀၀၆၊ (၁၉–၁၀–၂၀၀၆)ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဦးဝင်းမြင့်စိန်အား တရားပြိုင်ထားကာ ဦးထင်လင်းအုံးမှ တရားလိုပြုလုပ်၍ ဒဂုံမြောက်မြို့နယ်တရားမရုံး၌ တရားမကြီးမှုအမှတ်–၁၅၂/၂၀၂၄ ဖြင့် ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ခြင်းအပေါ် အနိုင်ဒီကရီချမှတ်သည့် (၄–၁၁–၂၀၂၄)ရက်စွဲပါ စီရင်ချက်၊ ဒီကရီနှင့်တရားမဇာရီမှုအမှတ်– ၁၁၉/၂၀၂၄ တို့အရ တရားရုံးကိုယ်စား ဘီလစ် ဒေါ်လဲ့လဲ့ခိုင်[၁၃/တကန(နိုင်)၀၀၃၄၁၉]မှ တရားရုံးအမိန့်များ၊ ဘီလစ်ခန့်စာ၊ ဂရန်၊ နိုင်ကတ်တို့တင်ပြ၍ အရောင်းမြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၂/မြောက်၊ မြေကွက်အမှတ် (၆၅၅/က)၊ ဧရိယာ (၂၀'x၆၀')၊ မြေကွက်တည်နေရာအမှတ် (၆၅၅/က)၊ သဒ္ဒါရုံ(၃)လမ်း၊ ၂/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ဒေါ်လှစိန် [၁၂/သကတ(နိုင်) ၀၀၆၉၂၈]၊ အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား အမည်ပေါက် ဒေါ်လှစိန်(မိခင်)နှင့် ဦးတင်ထွန်း(ဖခင်)တို့ ကွယ်လွန်၊ ၎င်းတို့၏ သားသမီး(၃)ဦးအနက် သားတစ်ဦးဖြစ်သူ ဦးငွေစိုးထွန်း(ခင်ပွန်း)ကွယ်လွန်သဖြင့် ၎င်း၏အစုအား ဇနီးဖြစ်သူ ဒေါ်ဝင်းမင်းသန်း [၁၂/တမန(နိုင်) ၀၉၈၈၂၇]နှင့် အမည်ပေါက်၏ ကျန်သားသမီးများဖြစ်သော ဦးရဲမိုးထွန်း [၁၂/သကတ(နိုင်) ၀၀၆၉၅၅]၊ ဦးရဲမြင့်ထွန်း [၁၂/သကတ(နိုင်) ၀၀၇၃၇၅]တို့မှ မိမိတို့(၃)ဦးတည်းကသာလျှင် တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြပါကြောင်း ကျိန်ဆိုထားသည့် တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ဦးတင်ထွန်း၊ ဦးငွေစိုးထွန်းတို့၏ သေဆုံးမှုလက်မှတ်၊ ဒေါ်လှစိန်၏ သေဆုံးမှုလက်မှတ် ပထမမိတ္တူအမှန်၊ အိမ်ထောင်စုလူဦးရေစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်

ဦးစည်သူကျော် [၁၂/ဗဟန(နိုင်)၀၇၉၉၇၈] (ဘ–ဦးမြတ်စိုး ) အမည်ပေါက် လက်ဝယ်ထားပိုင်ဆိုင်လျက်ရှိသော–

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ရွှေတောင်ကြား(၁)လမ်း၊ အမှတ် (၈၈/၂)ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ် (၃၆–ဂျေ)၊ မြေကွက်အမှတ် (၁၁၂အေ/၄–၁၈ဘီ၁)၊ ဧရိယာ (၀.၀၄၄)ဧကရှိ နှစ်(၆၀) မြေငှားဂရန်မြေအမျိုးအစားမြေကွက်နှင့် (၃)ထပ်အဆောက်အဦအပါအဝင် ဆက်နွှယ်တွယ်ကပ်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြမြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းမှတ်တမ်းတွင် မိမိတစ်ဦးတည်း အမည်ပေါက်ပိုင်ဆိုင်၍ ရောင်းချခွင့်ရှိကြောင်း၊ ဖွင့်ဟဝန်ခံကတိပြုပြောဆိုပြီး ကျွန်ုပ်၏မိတ်ဆွေသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူသည့်အတွက် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ရောင်းချသူထံ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကို အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက သက်ဆိုင်သည့်စာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါရှိသည့်နေ့ရက်မှစတင်၍ (၁၄)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင် ဆက်လက်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဝေဝေအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဥ်– ၁၂၄၆၈)**
**အမှတ်– ၁၂၉၇/အေ၊ ဇာတိဂုဏ်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း– ၀၉–၄၂၀၀၅၇၄၉၈**

## တစ်ဦးတည်း ဖြစ်ပါကြောင်း

သဲဖြူချောင်း၊ ဘုရားကုန်းကျေးရွာ၊ သန်လျင်မြို့နေ မဝါဝါနိုင်၏ ဖခင်အမည်မှာ ဦးမောင်မောင်အောင် (ခ) ဦးအောင်အောင်သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ငမိုးရိပ်)၊ မြေကွက်အမှတ် (၈၁၃)၊ မြေကွက်တည်နေရာအမှတ်(၈၁၃)၊ (၂)လမ်း၊ (ငမိုးရိပ်)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ဦးမင်းနိုင် [၁၂ / သဃက (နိုင်) ၀၄၉၅၉၁]၊ ဦးတင်ထွန်း [၇/ဒဥန(နိုင်) ၀၀၉၃၃၄] အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးမင်းနိုင်သည် (၃၀–၈–၂၀၂၀) ရက်နေ့တွင် ကွယ်လွန်သဖြင့် ၎င်း၏ အစုအတွက် ဇနီးဖြစ်သူ ဒေါ်ကျင်အေး [၁၂/သဃက (နိုင်) ၀၉၂၇၂၃] မှ ၎င်းသာလျှင် မြန်မာ့ထုံးတမ်းဥပဒေနှင့်အညီ အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိပြီး ၎င်းမှလွဲ၍ အခြားအမွေဆက်ခံမည့်သူ တစ်ဦးတစ်ယောက်မျှ မရှိကြောင်း ကျမ်းကျိန်လွှာအမှတ် (၁၆၆၉/၁၄–၈–၂၀၂၅)၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်းတို့နှင့် ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဦးတင်ထွန်း (၇/ဒဥန (နိုင်) ၀၀၉၃၃၄)နှင့် အတူပူးတွဲ၍ ဂရန်မူရင်း၊ နိုင်/ကတ်တို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးကျော်မျိုးလွင်နှင့် ဒေါ်နွယ်နွယ်ဦး (ရွှေကမ္ဘာရွှေဆိုင်နှင့် ရွှေကမ္ဘာမိသားစုမူရင်းပိုင်ရှင်ဖြစ်သူ)တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်သည်မှာ–

ကျွန်ုပ်၏မိတ်ဆွေများသည် ရွှေကမ္ဘာစိန်ရွှေရတနာဆိုင်နှင့် ရွှေကမ္ဘာမိသားစု၏လုပ်ငန်းများဖြင့် ဂုဏ်သိက္ခာရှိစွာဖြင့် ရပ်တည်၍ စီးပွားရေးလုပ်ငန်းလုပ်ကိုင်နေကြသည့် စီးပွားရေးလုပ်ငန်းရှင်များဖြစ်ကြပါသည်။ ရွှေကမ္ဘာစိန်ရွှေရတနာဆိုင်နှင့် ရွှေကမ္ဘာမိသားစုလုပ်ငန်းများကို နာမည်ပျက်မရှိ ကောင်းသတင်းဖြင့် ရပ်တည်လုပ်ကိုင်ခဲ့သည်မှာလည်း (၅)နှစ်တိုင်တိုင်ရှိပြီဖြစ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော (ရွှေကမ္ဘာမိသားစုမူရင်းပိုင်ရှင်) ရွှေကမ္ဘာမိသားစုလုပ်ငန်းများတည်ထောင်သူတို့၏ ဂုဏ်သိက္ခာကျစေမည့် မဟုတ်မမှန်စကားရပ်များ၊ အပြုအမူများပြောဆိုခြင်း၊ တိုက်ခိုက်ခြင်း၊ ပြုမူကျူးလွန်ခြင်းများကို ပုဂ္ဂိုလ်ရေးအရဖြစ်စေ၊ နှုတ်ထွက်စကားအရဖြစ်စေ ပြုမူကျူးလွန်လုပ်ဆောင်ခြင်းများကို ကြုံတွေ့ရခြင်း၊ ကြားသိရခြင်းများရှိခဲ့ပါက ဤကြော်ငြာပါသည့်နေ့မှစ၍ ကျူးလွန်သူများကို တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးကျော်မျိုးလွင်နှင့် ဒေါ်နွယ်နွယ်ဦးတို့၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်မေသကြိန် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဥ်– ၁၅၅၄၄)**
**ဖုန်း– ၀၉–၄၂၇၄၁၁၁၄၁**

## ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ သကမ(၂)၊ လူနေရပ်ကွက်အမှတ်(၁၀)ရပ်ကွက်၊ နတ်မောက်လမ်း၊ အမှတ် ၅၅၈/ခ၊ ဧရိယာ(၂၀ပေx၆၀ပေ) ဦးသိန်းဟံ အမည်ပေါက် ပါပစ်မြေအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါလိပ်စာရှိ အိမ်နှင့်မြေကို ဦးသိန်းဟံ၏ဇနီး ဒေါ်ညွန့်ညွန့်ရီ (ALE–002890)ထံမှ ဒေါ်ဖြူပြာနှင်းမှလည်းကောင်း၊ ဒေါ်ဖြူပြာနှင်းထံမှ ဦးရဲကျော်သူမှလည်းကောင်း၊ ဦးရဲကျော်သူထံမှ ဒေါ်သန်းသန်းမော်မှလည်းကောင်း၊ ဒေါ်သန်းသန်းမော်သည် (၁၈–၂–၂၀၁၅)ရက်နေ့တွင် ကွယ်လွန်ခဲ့ပြီး ၎င်း၏ခင်ပွန်းမှာ ဒေါ်သန်းသန်းမော် အလျင်ကွယ်လွန်ခဲ့သဖြင့် ၎င်းတို့(၂)ဦး၏ သားသမီးများဖြစ်သော ဦးထင်လင်းကျော်၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်ခင်သန္တာဆင့်၊ ဒေါ်သန္တာစိုးမင်းတို့ထံမှ ယခုရောင်းသူ ဦးဇော်ဇော်အောင်က ပိုင်ဆိုင်ဝယ်ယူလက်ရောက်ရရှိခဲ့သော အိမ်နှင့်မြေအား ဦးဇော်ဇော်အောင်မှ တရားဥပဒေနှင့်အညီ လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟု ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးခန့်သူလင်းမှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါသောကြောင့် ဤအိမ်မြေအရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ခိုင်လုံသည့်စာရွက်စာတမ်းအထောက်အထားမူရင်းများတင်ပြ၍ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးခန့်သူလင်း၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ယဉ်နွယ်ဝင်း (LL.B, D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဥ်– ၁၄၄၁၃)**
**အမှတ်(၅၇၈)၊ဥမ္မာလမ်း၊ (၁)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။**
**၀၉–၄၀၂၅၁၂၉၀၁**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ သုပ်ဝိုင်းကြီးရပ်ကွက်၊ မေတ္တာ(၂)လမ်း၊ မြေကွက်အမှတ် (၁၈၇/ခ)၊ အကျယ်အဝန်း(အလျား ၂၀ ပေ x အနံ ၆၀ ပေ)ရှိ ဦးဉာဏ်ရှိန် အမည်ပေါက် မြေချပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဝယ်ယူလက်ရှိထား ပိုင်ဆိုင်၊ စီမံခန့်ခွဲလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုပြောဆိုသူများဖြစ်သော ဦးအုန်းခင် [၁၂/သဃက(နိုင်)၀၂၇၄၅၅]နှင့် ဒေါ်သီတာဝင်း [၁၂/သဃက(နိုင်)၀၂၈၀၇၃]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသန်းလှိုင် [၁၂/တကန(နိုင်)၁၇၆၄၈၈]က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုပါက ဤသတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်နေ့ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးသင်းမြတ်ဆန်း(LL.B) တရားလွှတ်တော်ရှေ့နေ(စဥ်–၁၁၈၈၄)**
**အမှတ်(၁၆၄/ခ)၊မြင်သာ(၄)လမ်း၊(၁၅)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်၊ရန်ကုန်မြို့။ ဖုန်း–၀၉–၄၅၀၀၂၇၁၁၇**

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန်အသိပေးကြေညာခြင်း”

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၈)၊ လူနေရပ်ကွက်အမှတ်(၁၉)၊ ငုဝါ(၂)လမ်း၊ မြေကွက်အမှတ်(၁၁၁၈)၊ ဦးထွန်းရွှေ အမည်ပေါက် မြေချပါမစ်ထွက်ရှိထားသော အကျယ်ပေ(၄၀x၆၀)ရှိ မြေကွက်ကြီးအနက်မှ တရားဝင်မခွဲစိတ်ရသေးသော ခေါင်းရင်းခြမ်း၊ အကျယ်ပေ(၂၀x၆၀) (၀.၀၂၇)ဧက၊ (၁၂၀၀)စတုရန်းပေရှိနှင့် ယင်းမြေကွက်ပေါ်ရှိ ရေမီးစုံပါ လူနေအိမ်၏ လက်ရောက်ပိုင်ဆိုင်ခွင့်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အား အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူ၍ ၎င်းမှသာ လက်ဝယ်ထားရှိ ပိုင်ဆိုင်သည်ဟု ဝန်ခံကတိပြုလွှဲပြောင်းရောင်းချသူ ဦးကျော်စိုးလွင် [၁၁/မအန(နိုင်) ၀၃၄၅၂၂] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သင်းနန္ဒီစိုး [၁၂/ရပသ(နိုင်) ၀၈၂၄၀၅]မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးတန်ဖိုးငွေအနက်မှ စရန်ငွေတစ်စိတ် တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ယင်းအိမ်ခြံမြေအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသည့် မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ယဉ်နှင်းဝေ(LL.B,D.B.L) တရားလွှတ်တော်ရှေ့နေ(စဥ်–၁၉၂၇၄)**
**အမှတ်–(၉၃/ခ)၊နဝရတ်လမ်း၊ (၇)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၉၆၃၆၄၄၅၁၇**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၅၁)၊

(၁) မြေကွက်အမှတ် (၁၃၉၇)၊ အကျယ်အဝန်း (၄၀ပေx ၆၀ပေ)ရှိ **ဦးမောင်ကြီး** (J/ RGN- ၀၂၁၂၅၅) အမည်ပေါက် ပါမစ်မြေကွက်၊

(၂) မြေကွက်အမှတ်(၁၃၉၈)၊ အကျယ်အဝန်း (၄၀ပေx ၆၀ပေ)ရှိ **ဦးတင်စော** (ISN- ၁၄၂၃၃၄) အမည်ပေါက် ပါမစ်မြေကွက်၊

အထက်ဖော်ပြပါပါမစ်မြေကွက်(၂)ကွက်နှင့် ယင်းမြေကွက်(၂)ကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ **ဦးဇော်ထူးအောင်** [၁၂/ဒဂဆ(နိုင်)၁၉၉၈၁၉]မှ ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်း၍ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ပြောကြားလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်ကြသည့် **ဒေါ်စုစုမင်း** [၁၂/လမန(နိုင်) ၁၁၇၅၄၈]မှ အပိုဒ်(၁)ပါ မြေကွက်အားလည်းကောင်း၊ **ဒေါ်ယုယုသင်း**[၁၂/လမန(နိုင်)၁၂၂၃၅၂]မှ အပိုဒ်(၂)ပါ မြေကွက်အားလည်းကောင်း အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသ)ကို အသီးသီး ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စုစုမင်းနှင့်ဒေါ်ယုယုသင်းတို့၏လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်မွန်မွန်ချို(LL.B)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၆၈)**

**ဒေါ်စန္ဒာဝင်း(LL.B)** — **အထက်တန်းရှေ့နေ(စဉ်-၂၆၄၀၉)**

**အမှတ်(၈၂၈/ခ)၊ ကျွန်းရွှေမြိုင်လမ်း၊ (၁၈/စီ)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း-၀၉-၂၅၀၆၈၅၇၁၇၊ ၀၉-၇၉၇၆၄၀၆၁၆၊ ၀၉-၅၀၇၉၉၇၈၊ ၀၉-၄၅၀၀၂၅၄၁၅**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်ာန်းကျွန်းမြို့နယ်၊ လူနေရပ်ကွက်အမှတ်-သုဝဏ္ဏ(ဘုရားအနီး)၊ မြေတိုင်းရပ်ကွက်အမှတ်- ၃၀၊ မြေကွက်အမှတ်-၁၅၈ (အလျား ၁၀၅ပေx အနံ ၈၅ပေ)၊ ဧရိယာ (၀.၁၈၄)ဧက အကျယ်အဝန်းရှိ ဒေါ်ယမင်းကိုကို အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေကွက် အပါအဝင် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၁၅၈)၊ နှင်းဆီဖြူလမ်း၊ ၃၀/သုဝဏ္ဏ၊ ဗိုလ်ချုပ်ရွာ၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော နေအိမ်အဆောက်အဦတို့နှင့် အတူ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မိမိကိုယ်တိုင် တရားဝင်ပိုင်ဆိုင်ပြီး စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိပါသည်ဟု ဝန်ခံကတိပြုသူ ဦးမောင်တင် [၁၃/မဆတ(နိုင်) ၀၃၃၄၈၉] ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါမြေကွက်နှင့် နေအိမ်အဆောက်အဦတို့၏ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့်စာရွက်စာတမ်း အထောက်အထားများ၊ ပိုင်ရေးဆိုင်ခွင့်အထောက်အထားများယူဆောင်၍ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အထက်ပါ မြေကွက်နှင့်နေအိမ် အဆောက်အဦတို့၏ အရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးမောင်မောင်သူရ (မြောင်းမြ)** **LL.B, A.G.T.I(EP), D.B.L, D.M.L** **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၁၀၈)**

**ဦးဖေယျာထွန်း(LL.B)** **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၅၃၂)**

**ဦးစိုးလွင်ဦး(LL.B)** **အထက်တန်းရှေ့နေ(စဉ်-၃၇၉၈၁)**

**ဒေါ်ချယ်ရီလှိုင်(LL.B)** **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၆၁)**

**အမှတ်(၁၃၂)ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း - ၀၉-၅၁၈၄၀၄၂၊ ၀၉-၇၆၅၁၁၅၁၀၅၊ ၀၉-၄၂၁၁၀၈၅၅၁၊ ၀၉- ၄၂၅၂၈၇၁၃၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၈)၊ မြေကွက်အမှတ်(၇၂၄)၊ ကျွန်းရွှေမြိုင် (၁၀)လမ်း၊ မြေအမည်ပေါက် -ဦးဟန်သိန်း၏ ဇနီး ဒေါ်မြမြ [၁၂/ဗတထ(နိုင်)၀၁၂၈၈၃]၊ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)၏ ခြေရင်းဘက်ခြမ်း (၂၀'x၆၀') မြေနှင့် မြေကွက်အတွင်းရှိ အဆောက်အဦနှင့်ဆက်စပ်တွဲကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်တင်တင်လှ [၁၂/ဗတထ(နိုင်)၀၁၄၀၄၇]နှင့် ဒေါ်ရတနာထွန်း [၁၂/ဒဂတ(နိုင်) ၀၆၇၂၈၆]တို့ထံမှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာချုပ်စာတမ်းများနှင့်အတူ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးချစ်ဝမ်း**

**[၉/ညဥန (နိုင်) ၁၁၅၃၁၈]**

**၀၉-၂၅၀၁၈၀၄၂၆၊ ၀၉-၄၄၈၀၄၉၂၄၁**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၇/အရှေ့၊ မြေကွက်အမှတ်-၃၈၂၊ ဧရိယာ (၄၀'x၆၀')၊ မြေကွက်တည်နေရာအမှတ်(၃၈၂)၊ အောင်သပြေ (၄)လမ်း၊ ၇/အရှေ့ရပ်ကွက်၊ သာကေတမြို့နယ်၊ ဒေါ်ကြင်စိန် (DDE- ၀၂၂၄၈၉) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဒေါ်ကြင်စိန်(မိခင်)နှင့် ဦးသိန်းငွေ(ဖခင်)တို့ကွယ်လွန်၊ ၎င်းတို့၏သားသမီး(၃)ဦးအနက် သားတစ်ဦးဖြစ်သူ ဦးဌေးဝင်းသည် လူပျိုကြီးဘဝဖြင့် အမွေစားအမွေခံ ကိတ္တိမသားသမီးမွေးစားထားခြင်းမရှိဘဲ ကွယ်လွန်သဖြင့် ကျန်သားသမီးများဖြစ်သော ဒေါ်မြင့်မြင့်အေး [၁၂/ဒပန(နိုင်) ၀၂၀၄၆၂]၊ ဒေါ်မြင့်မြင့်ကြည် [၁၂/သကတ (နိုင်) ၀၀၃၂၆၆] တို့မှ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြပါကြောင်း ကျိန်ဆိုထားသည့် တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ဒေါ်ကျင်စိန်၏ သေဆုံးမှုလက်မှတ်၊ ဦးဌေးဝင်း၏ သေဆုံးမှုလက်မှတ်ပထမမိတ္တူမှန်၊ ဦးသိန်းငွေ၏ သေစာရင်းတောင်းခံခြင်းနှင့်ပတ်သက်၍ ရှာဖွေမတွေ့ရှိသဖြင့် ထုတ်ပေးခြင်းမပြုနိုင်ကြောင်း တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနမှ (၃-၁၀-၂၀၂၄)ရက်စွဲပါ အကြောင်းပြန်ကြားစာ၊ ဦးသိန်းငွေ သေဆုံးသည်မှာ မှန်ကန်ကြောင်း ရပ်ကွက်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ထောက်ခံချက်၊ အိမ်ထောင်စုလူဦးရေစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**

**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ၁၄၅-ရပ်ကွက်၊ အမှတ် (၁၁၁၀) အကျယ်အဝန်း ဧရိယာ (၄၀ပေx၆၀ပေ)ရှိ ဦးမောင်စိုး [၆/ထဝန(နိုင်)၀၀၄၅၃၀] အမည်ပေါက် ပါမစ်မြေကွက်မှ တရားဝင်မခွဲစိတ်ရသေးသော (၂၀ပေx ၆၀ပေ)ရှိ ပါမစ်မြေကွက် (မြေကွက်အမှတ်- ၁၁၁၉ နှင့် ကပ်လျက်အခြမ်း- ပါမစ်မူရင်း ၄ ရွက်မှ အမှတ်(၂)နှင့် (၄) (၂ ရွက်ပါ မြေကွက်)နှင့် မြေကွက်၏အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါသည်ဟု ဝန်ခံသူဖြစ်သော ဒေါ်နီနီဦး[၅/ကဘလ(နိုင်)၁၀၈၅၃၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သီတာဝင်း [၁၂/တမန(နိုင်)၁၁၂၉၃၈]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီး ဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ -**

**ဦးသူရဝင်း(B.A,B.Sc(Hons),DBL(Credit), PGDL, LLB, LLM (Commercial Law), (WIPO) (Switzerland)** **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၅၆၄)**

**ဒေါ်မေသန္တာ (B.A, LLB, LLM(Commercial Law), (WIPO) (Switzerland)** **အထက်တန်းရှေ့နေ (စဉ်-၅၂၉၆၁)**

**အမှတ်(၂၇)၊ အောင်သပြေအရှေ့(၁)လမ်း၊ ၇(အရှေ့)ရပ်ကွက်၊ သာကေတမြို့နယ်။**

**ဖုန်း-၀၉-၅၀-၃၇၃၇၀၊ ၀၉-၄၂၀၁၈၄၆၅၊ ၀၉-၇၇၇၇၇၉၄၀၉**

## ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၉၄)ရပ်ကွက်၊ ယုဇနဥယျာဉ်မြို့တော်၊ အေ- ၇ လမ်း၊ တိုက်အမှတ်(၅) အခန်းအမှတ် (၄၀၂) စတုတ္ထထပ်ရှိ ရေ၊ မီးစုံတိုက်ခန်းတစ်ခန်းနှင့် တိုက်ခန်းတွင် အခိုင်အမာတပ်ဆင်ပြီးသော ပစ္စည်းများနှင့် ပိုင်ဆိုင်ခွင့်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါသည်ဟု ဝန်ခံသူဖြစ်သော ဒေါ်ဇင်မာဖြိုး [၁၂/သလန(နိုင်) ၁၆၅၅၈၇]နှင့် ဒေါ်မေပြည့်စုံ [၉/တသန(နိုင်)၂၅၂၄၈၈] တို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ကြည်ကြည်ခိုင် [၁၂/သကတ(နိုင်)၀၅၃၂၂၇]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ် ကိုပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ -**

**ဦးသူရဝင်း(B.A,B.Sc(Hons),DBL(Credit), PGDL, LLB, LLM (Commercial Law), (WIPO) (Switzerland)** **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၅၆၄)**

**ဒေါ်မေသန္တာ (B.A, LLB, LLM(Commercial Law), (WIPO) (Switzerland)** **အထက်တန်းရှေ့နေ (စဉ်-၅၂၉၆၁)**

**အမှတ်(၂၇)၊ အောင်သပြေအရှေ့(၁)လမ်း၊ ၇(အရှေ့)ရပ်ကွက်၊ သာကေတမြို့နယ်။**

**ဖုန်း-၀၉-၅၀-၃၇၃၇၀၊ ၀၉-၄၂၀၁၈၄၆၅၊ ၀၉-၇၇၇၇၇၉၄၀၉**

## "လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာခြင်း"

**ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၂)ရပ်ကွက်၊ အောင်ရွှေဇင်လမ်း၊ အမှတ်-၁၃၆၈တွင် နေထိုင်၍ မှတ်ပုံတင်အမှတ်- [၇/ပမန(နိုင်)၁၁၈၁၀၁] ကိုင်ဆောင်သူ (ဘ) ဦးကြင်ဟု၏ သမီးဖြစ်သူ ဒေါ်ယုယုထွန်းနှင့် မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ သစ်ရာကောက်ကျေးရွာတွင်နေထိုင်သူ မှတ်ပုံတင်အမှတ် [၈/မကန(နိုင်) ၁၁၅၇၃၀] ကိုင်ဆောင်သူ (ဘ) ဦးညွန့်တင်၏သားဖြစ်သူ ဦးကျော်ဇင်လတ်တို့သည်** (၂၁-၁၁-၂၀၂၅)ရက်နေ့တွင် နှစ်ဖက်သက်သေလူကြီးများရှေ့မှောက်၌ **"နှစ်ဦးသဘောတူ လင်မယားကွာရှင်းပြတ်စဲခြင်းကတိစာချုပ်"**ဖြင့် နှစ်ဦးသဘောတူ လက်မှတ်ရေးထိုး ကွာရှင်းပြတ်စဲခဲ့ပြီးဖြစ်ပါ၍ ဦးကျော်ဇင်လတ်၏ မည်သည့်ကိစ္စကြီးငယ်မျှ ကျွန်ုပ်၏မိတ်ဆွေနှင့် ပတ်သက်ဆက်နွှယ်မှုမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ထို့အပြင် ကွာရှင်းပြတ်စဲပြီးဖြစ်သည့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ယုယုထွန်း၏ လူမှုရေး၊ စီးပွားရေးကိစ္စအဝဝတို့နှင့် ဆက်လက်လျှောက်လှမ်းမည့် ဘဝလမ်းကြောင်းအပေါ် မည်သူမျှ နှောင့်ယှက်ခြင်း၊ ထိပါးစော်ကားခြင်းနှင့် Social media များတွင် အများသူငါ ထင်ယောင်ထင်မှားဖြစ်စေ ရည်ရွယ်၍ ရေးသားဖြန့်ဝေစော်ကားခြင်းများ မပြုလုပ်ရန်နှင့် ပြုလုပ်ပါက ပြုလုပ်သူ မည်သူကိုမဆို တည်ဆဲဥပဒေများအရ အရေးယူသွားမည်ဖြစ်ကြောင်း တစ်ပါတည်းအသိပေးအကြောင်းကြားအပ်ပါသည်။

**လွှဲအပ်ချက်အရ**

**ဒေါ်ဖြိုးပပ (LL.B)**

**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၂၀၅၇)**

**အမှတ်- ၈၁၉(အေ)၊ မုဒိတာအိမ်ရာ(၁)၊ အလည်ဗဟိုလမ်း၊သမိုင်း(၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၇၉၄၁၇၉၄၈၂**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ကက-၄)၊ ဦးပိုင်အမှတ်(၉)၊ ၁၀၁(A)လမ်း၊ ၅၆x၅၇ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ကြွယ်ကြွယ် [၁၂/ကတတ (နိုင်) ၀၀၅၀၈၄]၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၄၆၇၄/၂၀၂၁)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးသိန်းထွေး [၁၃/နမတ(ပြု)၀၀၀၈၅၅]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်- ၁ ရပ်ကွက်၊ အကွက်အမှတ်(C)၊ ဦးပိုင်အမှတ်(၁၁၃)၊ ၆၆x၆၇ လမ်းကြား၊ ၁၀၃x၁၀၄ လမ်းကြားရှိ ဦးမြင့်ကြိုင် အမည်ပေါက် ဂရန်မြေကွက်အား တရားလို ဒေါ်တင်တင်အေးက တရားပြိုင် ဦးမြင့်ကြိုင်အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ချမ်းမြသာစည်မြို့နယ်တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၁၉၄/၂၀၂၅)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏အနိုင်ဒီကရီ ရရှိသူ ဒေါ်တင်တင်အေး [၉/မရမ(နိုင်)၀၆၃၂၂၉]က ဂရန်စာချုပ်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ် (စစ-၁၂)၊ ဦးပိုင်အမှတ်(၉)၊ ၄၇x၄၈ လမ်းကြား၊ ၁၀၅x၁၀၆ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်စန်းစန်းမြင့် [၉/အမရ(နိုင်)၀၃၅၈၇၈]၊ ဦးစောထွန်းမြင့် [၉/အမရ(နိုင်) ၀၉၇၂၅၂]တို့၏ အထွေထွေ ကိုယ်စားလှယ်လွှဲစာအမှတ် (၂၅၀/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်မေလန် [၁၃/လရန(နိုင်) ၀၉၈၉၃၇]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် (ဆဆ-၁)၊ ဦးပိုင်အမှတ်(၄)၊ ၅၉ လမ်း၊ ၁၀၆x၁၀၇ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်လီလီညွန့် [၉/မရတ(နိုင်) ၀၉၁၂၆၄]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

သဃ်ာန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၂၄+၂၆ (သုမင်္ဂလာအိမ်ရာ)၊ မြေကွက်အမှတ် (၁၃၈)၊ မြေကွက်တည်နေရာအမှတ်(၁၃၈)၊ သုနန္ဒာ (၈)လမ်း၊ ၂၄+၂၆ (သုမင်္ဂလာ) ရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်၊ ဒေါ်ခိုင်သဇင်ဦး [၁၂/ဥကတ(နိုင်) ၁၆၁၃၃၅]၊ မောင်ဘုန်းမြတ်သူ၊ မဖူးပြည့်မျက်ချယ် (ဒေါ်ခိုင်သဇင်ဦးမှ ၎င်းကိုယ်တိုင်နှင့် အသက်မပြည့်သေးသူ မောင်ဘုန်းမြတ်သူနှင့် မဖူးပြည့်မျက်ချယ်တို့ ကိုယ်စား သဘာဝအုပ်ထိန်းသူ မိခင်အဖြစ် လက်မှတ်ရေးထိုးသည်။) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်ခိုင်သဇင်ဦးမှ အသက်မပြည့်သေးသူ မောင်ဘုန်းမြတ်သူနှင့် မဖူးပြည့်မျက်ချယ်တို့အတွက် သဃ်ာန်းကျွန်းခရိုင်တရားရုံး တရားမအထွေထွေမှုအမှတ် (၄၉/၂၀၂၄)အရ အုပ်ထိန်းခွင့်လက်မှတ်ရရှိပြီး တရားမအထွေထွေမှုအမှတ် (၈၇/၂၀၂၅)အရ မြေကွက်အား စီမံခန့်ခွဲပိုင်ခွင့် ရောင်းချခွင့်ပြုကြောင်း (၈-၁၀-၂၀၂၅)ရက်စွဲပါ အမိန့်၊ ဂရန်မူရင်း၊ နိုင်/ကတ်၊ တရားရုံးအမိန့်အထောက်အထားများတင်ပြ၍ ဒေါ်ခိုင်သဇင်ဦးမှ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မွန်ပြည်နယ်၊သထုံခရိုင်၊ သထုံမြို့နယ်၊ အမက-ပုထိန်ရိုး၊ ဖော်ဖကျောင်းတွင် အထက်တန်းကျောင်းအုပ်အဖြစ် တာဝန်ထမ်းဆောင်နေသော ဒေါ်မမနှင်းဦး၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်ဝင်း(ခ)ဦးခင်မောင်ချို (CF-၁၀၂၆၄၁)သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးခင်မောင်ဝင်း(ခ)ဦးခင်မောင်ချို**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မေမြို့လမ်း၊ (၁၅) ရပ်ကွက်၊ မြေတိုင်းအမှတ်(သကမ-၁၄)၊ မြေကွက်အမှတ်(၁၂၅၀)၊ (၂၀x၆၀)ပေ အကျယ်အဝန်းရှိမြေကွက်နှင့် ယင်းမြေပေါ်တွင်ရှိသော သီးပင်စားပင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ကေသီမွန်+ဒေါ်သီတာမွန် [၁၄/ငပတ(နိုင်)၀၀၀၉၇၂]ထံမှ ကျွန်မ ဒေါ်သန်းသန်းစိုး [၈/တတက(နိုင်)၁၃၅၅၈၁]က အပြီးအပိုင်ဝယ်ယူရန် အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၁၀)ရက် အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်မထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်အား ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်သန်းသန်းစိုး**

**ဖုန်း-၀၉-၈၉၉၈၃၉၃၄၁**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁)၊ မြေကွက်အမှတ် (၅၇၈/က)၊ မြေကွက်တည်နေရာအမှတ်(၅၇၈/က)၊ သီဟသူလမ်း၊ (၁၁)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် (ဦးဟာရှင်) CG- ၀၁၁၁၃၀ အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဦးဟာရှင်(ဖခင်)နှင့် ဒေါ်အရှာဘီ(မိခင်)တို့ အသီးသီး ကွယ်လွန်ပြီး မွေးဖွားသား၊ သမီး (၇)ဦးအနက် သားတစ်ဦးဖြစ်သူ ဦးဆန်းဦး(ခ) ဦးကျော်ဆန်းလင်းသည် (လူပျိုကြီးဘဝ)ဖြင့် ကွယ်လွန်သဖြင့် အမည်ပေါက်၏ ကျန်ရစ်သူ သား၊ သမီးများဖြစ်ကြသော ဒေါ်တူးတူးမာ [၁၂/ဥကတ(နိုင်) ၀၀၇၉၉၀]၊ ဦးလှဦး [၁၂/ဥကတ(နိုင်)၀၂၅၂၀၀]၊ ဒေါ်ခင်မာချို [၁၂/ဥကတ(နိုင်)၀၀၇၉၉၁]၊ ဦးသန်းဦး [၁၂/ဥကတ(နိုင်)၀၀၇၈၂၉]၊ ဦးမောင်မောင်ဦး [၁၂/ဥကတ(နိုင်)၀၀၇၈၂၈]၊ ဒေါ်ခင်မာထွေး [၁၂/ဥကတ(နိုင်)၀၁၄၃၅၇]တို့မှ သားသမီးများတော်စပ်ကြောင်း ကတိသစ္စာပြုလွှာအမှတ်- ၃/၁၄၇၁/၂၀၂၅ (၂၄-၃-၂၀၂၅)၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ ဂရန်၊ နိုင်/ကတ်များ၊ သေစာရင်းများ၊ အိမ်ထောင်စုစာရင်းများ၊ ဝန်ဆောင်ခတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားရာ တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက် အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်း အတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## "နှစ်ဦးသဘောတူ လင်မယားကွာရှင်းပြတ်စဲပြီး ဖြစ်ပါကြောင်း အများသိစေရန် ကြေညာခြင်း"

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မြတ်သန္တာစိုး [၁၄/ပသန(နိုင်)၂၀၁၉၆၂] ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မြတ်သန္တာစိုး [၁၄/ပသန(နိုင်)၂၀၁၉၆၂]နှင့် ဦးမြင့်ထွန်းဇော် [၁၄/မမန(နိုင်)၂၄၃၅၅၀]တို့သည် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း မတိုက်ဆိုင်တော့ပါသဖြင့် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၌ (၁၇-၁၂-၂၀၂၅)ရက်စွဲပါ မှတ်ပုံတင်အမှတ်-၄၀၀/၂၀၂၅ ဖြင့် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်အေးစုကြည် (LL.B)**

**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၈၆)**

**ဖုန်း-၀၉-၄၃၁၇၁၆၅၉**

## အများသိစေရန် အသိပေးကြေညာခြင်း

အမှတ် (၅၇၇)၊ ဝေပုလ္လ (၇)လမ်း၊ (ဃ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင်တည်ရှိသော Wai Yan Min Company Limited သည် မည်သူတစ်ဦးတစ်ယောက်မျှ ပါဝင်ပတ်သက်ခြင်းမရှိဘဲ တစ်ဦးတည်းပိုင် တရားဝင်တည်ထောင်ထားသောကုမ္ပဏီဖြစ်ပါသည်။ Wai Yan Min Company Limited သည် Sika Myanmar Company Limited မှ Sika အမှတ်တံဆိပ် ကြွေပြားကပ်ကော်ပစ္စည်းများကို တရားဝင်ကိုယ်စားလှယ်အဖြစ် ရောင်းချခွင့်ရထားသူဖြစ်သည်။ Wai Yan Min Company Limited နှင့်ပတ်သက်၍ အကျိုးစီးပွားထိခိုက်စေရန် ရည်ရွယ်ချက်ဖြင့်လည်းကောင်း၊ ဂုဏ်သိက္ခာညှိုးနွမ်းစေရန် ရည်ရွယ်ချက်ဖြင့်လည်းကောင်း ပြုမူပြောဆိုခြင်းများပြုလုပ်ပါက ဥပဒေအရအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်အေးမြင့်ခိုင် (LL.B, D.B.L)**

**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၆၆၂၂)**

**အမှတ် (၃၆၅)၊သမာဓိ(၂)လမ်း၊ (၃၉/ဘီ)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

**PH: 09-422464007, 09-795598060**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်ာန်းကျွန်းမြို့နယ်၊ သုမင်္ဂလာအိမ်ရာ၊ တိုက်အမှတ်(T-5)၊ အခန်းအမှတ်(၁၀၂)ကို ဌာနနှင့် အကျိုးတူဆောင်ရွက်သော ဦးအောင်မင်း၊ ဒါရိုက်တာ TOSTA GROUP CO.,LTD ထံမှ ဦးကျော်စွာ [၁၂/သဃက(နိုင်)၀၄၄၇၇၁] ဝယ်ယူထားပြီး အဆိုပါအခန်းကို တစ်ဆင့်ပြန်လည်ဝယ်ယူထားသူ ဒေါ်နန်းဆိုင်အွန် [၁၃/လရန(နိုင်)၀၀၂၇၈၉]က ၎င်းအမည်ဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့် မှတ်ပုံတင်စာအုပ်ပြုလုပ်ပေးပါရန် လျှောက်ထားလာခြင်းကို ထုတ်ပေးရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**

**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ရဟန်းဒါယကာကြီး ဦးဝင်းဟန်

**အဖွဲ့ခွဲမှူး(ငြိမ်း)၊ ဝန်ကြီးရုံး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန**

**အသက်(၈၆)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၅)ရပ်ကွက်၊ ကန်သာယာ(၁)လမ်း၊ အမှတ်(၁၁၁၉)နေ (ဦးစိန်မောင်-ဒေါ်ထွေး)တို့သား၊ (ဒေါ်လှမြင့်)၏ ခင်ပွန်း၊ ဒေါ်သီသီဟန်၊ ဒေါ်ချိုချိုဟန်၊ ဦးကျော်မင်းခိုင်-ဒေါ်ညိုညိုဟန်တို့၏ ဖခင်ကြီး၊ ကိုရန်နိုင်အေး-မမေသူဇာသန်း၊ မမေလပြည့်ထွန်း၊ မောင်ကောင်းဆက်လင်း၊ မလင်းဆက်ကျော်တို့၏အဘိုး ဦးဝင်းဟန် (အဖွဲ့ခွဲမှူး-ငြိမ်း၊ ဝန်ကြီးရုံး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန)သည် ၁၈-၁၂-၂၀၂၅ (ကြာသပတေးနေ့) ညနေ ၅:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁၂-၂၀၂၅ (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၁၂-၂၀၂၅ (ဗုဒ္ဓဟူးနေ့) နံနက်ပိုင်းတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**အလွှာပ်ရှင်မြတ်အမိန့်တော်ခံယူခြင်း**

## ဟာဂျီမ ဒေါ်ခင်ခင်ညို(ခ)ဖာတေမာဘီဘီ

**ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)၊ အလက(၈)မရမ်းကုန်း**

**အသက်(၈၅)နှစ်**

(ဒေါက်တာအီဗရာဟင်-ဒေါ်မေ)တို့၏သမီးလတ်၊ (ဦးဂျမီးလ်အာမက်ခါးန်-ဒေါ်အေးလှ)တို့၏ သမီးချွေးမ၊ (ဟာဂျီဦးမောင်မောင်- ဒေါ်အမာ)၊ (ဆရာကြီးဦးထွန်းဖေ-ဆရာမကြီးဒေါ်ကြူ)၊ ဟာဂျီ ပရော်ဖက်ဆာ ဦးကိုဝင်း-(ဟာဂျီမဒေါ်မြင့်မြင့်အေး)တို့၏ ညီမ၊ (ဟာဂျီဒေါက်တာဦးကိုထွေး)-ဟာဂျီမ ဒေါက်တာစုစုမွန်တို့၏အစ်မ၊ [ဟာဂျီဦးဘညွန့် (ပြည်တွင်းအခွန်ဦးစီးမှူး)]၏ ဇနီး၊ ဒေါက်တာဇော်ဝင်းထွတ်-ဟာဂျီမ မသီတာဝင်းတို့၏ မိခင်ကြီး၊ မယွန်းဖြူစင်ထက်၊ ရဲရင့်ဘုန်းထက်တို့၏ အဘွားသည် ၁၈-၁၂-၂၀၂၅ (ကြာသပတေးနေ့) နံနက် ၄:၃၀ နာရီတွင် အလ္လာဟ်အရှင်အမိန့်ခံယူသွားပါသဖြင့် ယင်းနေ့ မွန်းလွဲဇဟိုဟ်နမာဇ်အပြီးတွင် ရေဝေးကဗ္ဗစတန်ဥယျာဉ်တော်၌ ကောင်းမွန်စွာ ဒါဖနာပြီးစီးပါကြောင်း ညှိုးငယ်စွာ အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ခင်ထွန်း

**လူထုပညာရေးမှူးအပါတ်စဉ်(၄)**

**အသက် (၁၀၁)နှစ်**

ပေါင်တည်မြို့၊ အမှတ်(၃၃)၊ အရှေ့လမ်းနေ (ဦးဘိုးစိန်-ဒေါ်ရွှေပု)တို့၏ သမီးထွေး၊ (ဦးအုန်းမောင်)၏ ဇနီး၊ (ဒေါက်တာဘုန်းမြင့်ထွန်း)၊ ဒေါ်လွင်လွင်အေး၊ ဦးရဲအောင်ထွန်း-ဒေါ်သိန်းသိန်းရွှေ၊ ဦးဖေသန်းဝင်း-ဒေါ်စန်းယု၊ (ဦးတင်မောင်ဝင်း)-ဒေါ်ကြည်မာစမ်း၊ ဦးမျိုးမင်းထွန်း၊ ဦးညီညီထွန်း-ဒေါ်ခိုင်စပယ်မြင့်၊ ဒေါ်မြတ်မြတ်ထွေးတို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မြေး ကိုးယောက်တို့၏ ချစ်လှစွာသောဘွားဘွားကြီးသည် ၁၉-၁၂-၂၀၂၅ (သောကြာနေ့) နံနက် ၅:၁၅ နာရီတွင် ဝိတိုရိယဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၂၁-၁၂-၂၀၂၅ (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးညီညီလှိုင်(ခ) ဦးညောင်ညောင်

**(လူရွှင်တော်၊ ဟာသသရုပ်ဆောင်)**

**အသက်(၆၂)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဦးညီညီလှိုင်(ခ)ဦးညောင်ညောင် (လူရွှင်တော်၊ ဟာသသရုပ်ဆောင်)၊ အသက်(၆၂)နှစ်သည် ၁၇-၁၂-၂၀၂၅ ရက် ည ၇ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပါရာဒီဆို အဖွဲ့သူ၊ အဖွဲ့သားများ**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာ**

## ဒေါက်တာမြင့်မောင်သိန်း (ခ) မြင့်သိန်း

**အသက် (၇၄)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ်(၁)၊ မဟာဗောဓိလမ်း၊ (၁၄)ရပ်ကွက်နေ (ဦးစံရွှေ-ဒေါ်လေးတင်)တို့၏ သား၊ (ဗိုလ်မှူးလှ-ဒေါ်အေးငွေ)တို့၏ သားသမက်၊ ဒေါ်ဝင်းချိုလှ၏ ချစ်လှစွာသောခင်ပွန်း၊ ဦးစိုးမောင်ထက်၊ (ဦးဝင့်မောင်ထက်)၊ ဒေါ်ပိုပိုချစ်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ [ဦးသန်းဦး (မန်နေဂျာ-ငြိမ်း၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)]-ဒေါ်မြင့်မြင့်သန်း (ညွှန်မှူး-ငြိမ်း၊ စာရင်းစစ်ချုပ်ရုံး)၊ ဦးခင်မောင်စိုး (လုပ်ငန်းအုပ်-ငြိမ်း၊ ရေလမ်းထိန်းသိမ်းရေးဦးစီးဌာန)-ဒေါ်မြင့်မြင့်နွယ်၊ ကပ္ပတိန် ဦးကျော်ငွေး[Gewin Japan၊ ယခင်ရုပဗေဒသရုပ်ပြဆရာ၊ ဝ/သ(ရန်ကုန်)]၊ ဦးငွေးဝင်း (C/E)-ဒေါ်ခင်ချိုမြင့်၊ ဒေါ်နော်ငွေးလာ(တင်တင်ကြီး)၊ ဒေါ်ဝင်းရီလှတို့၏ မောင်/ညီ/အစ်ကို ဒေါက်တာမြင့်မောင်သိန်း (ခ) မြင့်သိန်း သည် ၁၉-၁၂-၂၀၂၅ (သောကြာနေ့) နံနက် ၄:၀၅နာရီတွင် (၉၆)ပါးသောရောဂါဖြင့် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၁၂-၂၀၂၅ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်ခန်းမသစ်သို့ ပို့ဆောင်ပြီး ညနေ ၃:၃၀ နာရီတွင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၂၅-၁၂-၂၀၂၅(ကြာသပတေးနေ့) နံနက် ၁၀ နာရီမှ ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊ ရတနာလမ်း၊ မြေကွက်အမှတ်(၄၄၈/ခ)၊ အကျယ်အဝန်း (အလျား ၂၀ပေx အနံ ၆၀ပေ)၊ ဧရိယာ (၁၂၀၀)စတုရန်းပေရှိ ဒေါ်မာမာတင် [၁၂/အစန(နိုင်)၁၂၂၂၁၆] အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်တင်တင်မေ [၁၂/ဥကတ(နိုင်)၀၁၅၈၈၃]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ယဉ်မင်းစိုး [၇/ဒဥန(နိုင်)၀၀၁၅၇၀]က အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်နေ့အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ယဉ်မင်းစိုး ၏လွှဲအပ်ချက်အရ -**

| | |
|---|---|
| **ဒေါ်အေးမြသီတာ LL.B** | **ဒေါ်အေးသန္တာမင်းအောင် LL.B, D.B.L** |
| **(စဉ်- ၁၁၉၀၁)** | **(စဉ်-၁၁၉၀၄)** |

**တရားလွှတ်တော်ရှေ့နေများ**

**အမှတ်(၁၆၈)၊ စံပြ(၄)လမ်း၊ စံပြရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်။ ၀၉-၄၂၁၁၄၀၃၂၉၊ ၀၉-၄၂၁၀၇၂၄၉၄**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုရပ်ကွက်၊ စမ်းချောင်းလမ်း၊ အမှတ်(၁၂၈)ဟုခေါ်တွင်သော (၃)ခန်းတွဲ (၈)ထပ်တိုက်၏ (၆)လွှာ ခြေရင်းခန်း၊ အကျယ်အဝန်း (၁၄x၅၀)ပေရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဦးမောင်မောင်ဖုန်း [၁၂/သလန(နိုင်) ၀၂၉၇၉၈]နှင့် ဒေါ်ငွေငွေဦး [၁၂/ရကန(နိုင်)၀၄၇၃၇၀]တို့မှ ရောင်းချရန် ကမ်းလှမ်းသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်အေးသန္တာ [၁၄/မမက(နိုင်) ၁၇၇၆၉၁]က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးဖြိုးသက်ဦး** | **ဒေါ်နှင်းယုဝေအေး** | **ဒေါ်ခိုင်ခိုင်ဇော်** |
| **(LL.B)** | **(LL.B, LL.M, D.I.L)** | **(LL.B, D.B.L)** |
| **(စဉ်- ၁၈၅၀၃)** | **(စဉ်- ၁၈၂၃၇)** | **(စဉ်- ၅၀၈၉၀)** |

**တရားလွှတ်တော်ရှေ့နေများ** **အထက်တန်းရှေ့နေ**

**အမှတ်(၈၀)၊ မေတ္တာလမ်း၊ ကြီးပွားရေးရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၀၀၀၀၆၁၉၉၊ ၀၉-၇၉၉၀၈၂၁၁၅**

---

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ည)ရပ်ကွက်၊ အကွက်အမှတ်(လလ-၃)၊ ဦးပိုင်အမှတ်(၁၆)၊ ၆၅x၆၆ကြား၊ ၁၃၉x၁၄၀ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သော ဆွိတီးဟုမ်းကုမ္ပဏီ၏ ကိုယ်စားအစည်းအဝေးမှတ်တမ်းအရ ဦးကျော်သင်း [၉/မမန(နိုင်)၀၂၀၁၂၀]က အမှုတွဲအမှတ် (၄၄၈၁/၂၀၂၅-၂၀၂၆) ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(ဝ-၉)၊ ဦးပိုင်အမှတ်(၁၃၄-ခ)၊ ၆၄x၆၅ကြား၊ ၁၁၄x၁၁၅ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခင်နှင်းဇော်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၅၆၅/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဦးရဲဝင်းနိုင် [၁၂/ရပသ(နိုင်) ၀၅၂၂၉၁]က အမှုတွဲအမှတ် (၄၄၇၅/၂၀၂၅-၂၀၂၆)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ**

---

## ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၇၊ လူနေရပ်ကွက်အမှတ်-၈၊ ဗိုလ်တေဇလမ်း၊ မြေကွက်အမှတ်-၆၄၀(ခ)၊ အကျယ်ပေ(၂၀x၆၀)ရှိ ဦးခင်မောင် အမည်ပေါက်မြေချပါမစ်ထွက်ရှိထားသော မြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်အား ပါမစ်အမည်ပေါက်ပိုင်ရှင်ဦးခင်မောင်မှာ (၁၉၉၀)ခုနှစ်ခန့်တွင် ကွယ်လွန်သွားခဲ့၍ ဇနီးဖြစ်သူဒေါ်ခင်စိန် [၁၂/လမန(နိုင်)၀၇၆၃၄၃] မှ အမွေဆက်ခံပိုင်ဆိုင်ခွင့်အရ လက်ဝယ်ထားရှိပိုင်ဆိုင်သူပိုင်ရှင်ဖြစ်ကြောင်း ဝန်ခံကတိပြုရောင်းချမှုအပေါ် ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်လှလှဝင်းမှ စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်သောကြောင့် အထက်ဖော်ပြပါ မြေကွက်ပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူ မည်သူမဆို ယနေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောမြေကွက် ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်လှလှဝင်း** | **ဒေါ်ခင်မာလွင်(LL.B,D.B.L)** |
| **[၈/ပခက(နိုင်)၀၀၅၀၅၀]** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၅၂)** |
| **အမှတ်-၁၆၂၊ ဗိုလ်ချုပ်လမ်း၊** | **အမှတ်-၁၁၂၊ ဗိုလ်ချုပ်လမ်း၊ (၅)ရပ်ကွက်၊** |
| **(၅/၄)ရပ်ကွက်၊** | **ရွှေပြည်သာမြို့နယ်။** |
| **ရွှေပြည်သာမြို့နယ်။** | **ဖုန်း-၀၉-၅၁၈၉၆၈၉** |

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂) ရပ်ကွက်၊ သီတာလမ်း၊ အမှတ် (၁၂၅၆) ဟုခေါ်တွင်သော အကျယ်အဝန်း (၆၀'x၄၀')ရှိ ရေ၊ မီးစုံ အိမ်နှင့်မြေအား အမွေဆက်ခံပိုင်ဆိုင်ထားသော ဒေါ်ကြည်ကြည်မြင့် [၁၂/ဥကမ(နိုင်)၀၇၅၃၇၈]မှ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံပြောဆို၍ ရောင်းချလိုကြောင်း ကမ်းလှမ်းခဲ့ရာ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဒေါ်ခင်ချိုချို [၁၂/ဥကမ(နိုင်)၀၃၆၃၇၈]နှင့် ကိုကျော်သူစိုး [၁၂/ဥကမ(နိုင်)၁၉၈၅၄၁]တို့မှ အပြီးအပိုင်ဝယ်ယူရန် သဘောတူညီသည့်အတွက် စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါလျှင် စာရွက်စာတမ်းမူရင်းများနှင့်တကွ ကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်ချိုချိုမာ (LL.B, D.B.L)**

**တရားလွှတ်တော်ရှေ့နေ (စဉ်- ၇၆၄၀)**

**အမှတ် (၇၈၇)၊ သုဇာတာ (၁၀) လမ်း၊ (၂) ရပ်ကွက်၊**

**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

**ဖုန်း- ၀၉-၄၃၀၆၃၅၈၁**

---

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂၄)၊ မြခွာညိုလမ်း၊ မြေကွက်အမှတ် (၃၇၈)၏ မြေအကျယ်အဝန်း (၄၀x၆၀)ပေရှိ ဒေါ်စိန်စိန် [၁၂/ဗဟန(နိုင်)၀၀၆၃၆၁] အမည်ပေါက် မြေချပါမစ် မြေအမျိုးအစားမြေကွက်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးကျော်ကျော် [၁၂/သဃက(နိုင်)၁၄၃၄၆၄] ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရန်ငွေအချို့အား ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများဖြင့် ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်အရေးဆိုနိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးဇော်မျိုးအောင်(စဉ်-၁၁၄၆၂)** | **ဒေါ်ခင်အေးသန်း(စဉ်-၉၁၁၉)** |
| **(LL.B,D.I.L)** | **(LL.B,D.B.L,D.I.L,WIPO Switzerland)** |

**(တရားလွှတ်တော်ရှေ့နေများ)**

**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း- ၀၉-၂၅၃၁၁၈၀၁၄၊ ၀၉-၄၂၀၂၆၆၀၆၁၊ ၀၉-၄၅၇၇၇၅၁၂၄၁**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၂/ကံဘဲ့)၊ မြေကွက်အမှတ်(၈/က-၄)၊ ဧရိယာ(၀.၀၃၂)ဧက၊ မြေကွက်တည်နေရာအမှတ်(၈/A၄)၊ အောင်ဇေယျလမ်း၊ (၁၃)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ဒေါ်တင်တင်ဦး [၁၁/မအန(နိုင်)၀၀၀၆၃၄] အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဒေါ်တင်တင်ဦး ကိုယ်တိုင်မှ ဂရန်၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ ဘဏ်ချေးမြေပုံကူးလျှောက်ထားလာရာ ၂၀၂၃ ခုနှစ်တွင် ဒေါ်တင်တင်ဦးမှ ဘဏ်ချေးမြေပုံကူးလျှောက်ထားခဲ့ခြင်းနှင့် ပတ်သက်၍ (၂-၁၀-၂၀၂၃)ရက်နေ့က လျှောက်ထားထုတ်ယူခဲ့သော ဘဏ်ငွေချေးရန် မြေပုံ၊ မြေရာဇဝင်မူရင်းမှာ မည်သည့်ဘဏ်တွင်မျှ ဘဏ်ငွေမချေးဖြစ်ခဲ့သဖြင့် အသုံးပြုခဲ့ရခြင်း လုံးဝမရှိဘဲ မိမိလက်ဝယ်သိမ်းဆည်းထားရာမှ အထားအသိုမှားယွင်းကာ ပျောက်ဆုံးသွားခဲ့သည်မှာမှန်ကန်ပါကြောင်း၊ အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်းရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းစွန့်ကြဲထားခြင်း၊ စွန့်လွှတ်ထားခြင်း၊ လှူဒါန်းထားခြင်းမရှိပါကြောင်း၊ မည်သည့်ဘဏ်တွင်မျှ အာမခံအဖြစ် တင်သွင်းထားခြင်းတို့ လုံးဝမရှိပါကြောင်း၊ အရှုပ်အရှင်းပြဿနာတစ်စုံတစ်ရာပေါ်ပေါက်ခဲ့ပါကလည်း မိမိအပေါ်တွင်သာ တာဝန်ရှိပါကြောင်းနှင့် မိမိသာတာဝန်ယူဖြေရှင်းပေးမည်ဖြစ်ပါကြောင်း (၂၇-၁၁-၂၀၂၅)ရက်စွဲပါ ကျမ်းကျိန်လွှာပူးတွဲ၍ ဒေါ်တင်တင်ဦးမှ (၁-၁၂-၂၀၂၅)ရက်စွဲပါ စာဖြင့် ဝန်ခံကတိပြုတင်ပြလာပါသဖြင့် ဒေါ်တင်တင်ဦး [၁၁/မအန(နိုင်)၀၀၀၆၃၄]၏ ဘဏ်ချေးမြေပုံကူး လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**

**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## “ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၄၀)ရပ်ကွက်၊ အမှတ်(၆၀၈/က)၊ (၂၀ပေx ၆၀ပေ) ဧရိယာအကျယ်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနနှင့် မြေချပါမစ်တို့တွင် ဦးနေဝင်း PZDU-၀၀၃၇၃၀ အမည်ဖြင့် မှတ်သားတည်ရှိပြီး အဆိုပါမြေကွက်ကို ပါမစ်အမည်ပေါက်ထံမှ အရောင်းအဝယ်အရပ်ကတိ ဆက်စပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ခင်လေးကြည် [၁၄/ပတ(နိုင်)၂၀၄၉၄၆]မှ အဆိုပါမြေကွက်အား မိမိမှ တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်းနှင့် အရှုပ်အရှင်းတစ်စုံတစ်ရာမရှိကြောင်း ဝန်ခံကတိပြုလျက် ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးလင်းလင်းကျော် [၁၁/ကဖန(နိုင်)၀၇၀၂၁၈]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ ရောင်းချမှုကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးကျော်အောင် (LL.B)**

**အထက်တန်းရှေ့နေ (စဉ်- ၂၂၅၅၅)**

**အမှတ်(၁၆၄၃)၊ သိပ္ပံမောင်ဝလမ်း၊ ၄၂-ရပ်ကွက်၊**

**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၂၅၀၅၀၆၀၄၃**

---

## သင့်သွေးဖြင့် အသက်ကယ်ပါ

---

## လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ

အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။





❖ အမျိုးသားယဉ်ကျေးမှုဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏အသက်ပင်ဖြစ်...
❖ ယခုကဲ့သို့အချိန်အခါမျိုးတွင် မျိုးဆက်သစ်လူငယ်များအပါအဝင် ပြည်သူတစ်ရပ်လုံးအတွက် အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းကာကွယ်စောင့်ရှောက်မှု၊ ကိုယ်ခံစွမ်းအားများ မြင့်မားရှင်သန်နေစေရအောင် အနုပညာစွမ်းအားဖြင့် စေ့ဆော်မြှင့်တင်ပေးရန် တိုက်တွန်းမှာကြားလို...

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်နေ့တွင် ပြုလုပ်သော (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။
❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။



တပ်မတော်စစ်ကြောင်းများက စဥ့်ကူးမြို့ CB ဘဏ်အား ပြန်လည်သိမ်းပိုက်ထိန်းချုပ်ရရှိမှုကို တွေ့ရစဉ်။

## တပ်မတော်စစ်ကြောင်းများက PDF အမည်ခံ ပူးပေါင်းအကြမ်းဖက်သောင်းကျန်းသူများ ခေတ္တစိုးမိုးထားသည့် စဥ့်ကူးမြို့နှင့် လက်ပန်လှကျေးရွာဒေသတို့အား ပြန်လည်သိမ်းပိုက်ထိန်းချုပ်ရရှိ

နေပြည်တော် ဒီဇင်ဘာ ၁၉

PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးထားသည့် စဥ့်ကူးမြို့နှင့် လက်ပန်လှကျေးရွာ ဒေသတစ်ဝိုက်အား တပ်မတော်စစ်ကြောင်းများက ယနေ့တွင် ပြန်လည်သိမ်းပိုက်ရရှိခဲ့ကြောင်း သိရသည်။ စာမျက်နှာ ၈ ကော်လံ ၁ သို့ ✳

## ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အချိန်စာရင်း ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

ကြေညာချက်

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ (၁၉)ရက်

၂၀၂၆ ခုနှစ် မတ်လတွင် ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲကို အောက်ပါအချိန်စာရင်းအရ ကျင်းပမည်ဖြစ်ပါသည်-

၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအချိန်စာရင်း

| နေ့ရက် | အချိန် | ဘာသာရပ် |
|---|---|---|
| ၁ | ၂ | ၃ |
| ၁၁-၃-၂၀၂၆ ဗုဒ္ဓဟူးနေ့ | နံနက် (၉) နာရီ မှ (၁၂) နာရီ အထိ | မြန်မာစာ |
| ၁၂-၃-၂၀၂၆ ကြာသပတေးနေ့ | နံနက် (၉) နာရီ မှ (၁၂) နာရီ အထိ | အင်္ဂလိပ်စာ |
| ၁၃-၃-၂၀၂၆ သောကြာနေ့ | နံနက် (၉) နာရီ မှ (၁၂) နာရီ အထိ | သင်္ချာ |
| ၁၄-၃-၂၀၂၆ စနေနေ့ | နံနက် (၉) နာရီ မှ (၁၂) နာရီ အထိ | ဓာတုဗေဒ/ ပထဝီဝင် |
| ၁၆-၃-၂၀၂၆ တနင်္လာနေ့ | နံနက် (၉) နာရီ မှ (၁၂) နာရီ အထိ | ရူပဗေဒ/သမိုင်း |
| ၁၇-၃-၂၀၂၆ အင်္ဂါနေ့ | နံနက် (၉) နာရီ မှ (၁၂) နာရီ အထိ | ဇီဝဗေဒ/ ဘောဂဗေဒ |

## ဆီးဂိမ်း အပြည်ပြည်ဆိုင်ရာလှေပြိုင်ပွဲတွင် မြန်မာလှေလှော်အဖွဲ့ ငွေတံဆိပ်တစ်ခု ထပ်မံရရှိ

ရန်ကုန် ဒီဇင်ဘာ ၁၉



ဆီးဂိမ်းအပြည်ပြည်ဆိုင်ရာလှေပြိုင်ပွဲ နောက်ဆုံးနေ့ကို ဒီဇင်ဘာ ၁၉ ရက်က ဆက်လက်ကျင်းပရာ မြန်မာလှေလှော်အဖွဲ့ ငွေတံဆိပ်တစ်ခုထပ်မံရရှိသည်။

မြန်မာလှေလှော်အဖွဲ့အတွက် ငွေတံဆိပ်ဆုကို အမျိုးသားတစ်ဦးချင်း Solo (CM1X)ပြိုင်ပွဲတွင် ဝေယံမိုးက ရယူပေးခဲ့ပြီး ယင်းပြိုင်ပွဲတွင် ထိုင်းကစားသမားက ရွှေတံဆိပ်၊ အင်ဒိုနီးရှားကစားသမားက ကြေးတံဆိပ်ရရှိသည်။ အမျိုးသမီးတစ်ဦးချင်း Solo (CW1X) ပြိုင်ပွဲတွင် မြန်မာလှေလှော်အားကစားသမား နီလာဝင်း ဝင်ရောက်ယှဉ်ပြိုင်သော်လည်း အဆင့်(၄)နေရာဖြင့် ကျေနပ်ခဲ့ရသည်။ အပြည်ပြည်ဆိုင်ရာလှေပြိုင်ပွဲ ပြီးဆုံးသွားပြီဖြစ်ပြီး မြန်မာလှေလှော်အဖွဲ့က ငွေတံဆိပ်တစ်ခု၊ ကြေးတံဆိပ်တစ်ခု ဆွတ်ခူးရရှိသည်။

သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MRF

## (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ပိတ်ပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဒီဇင်ဘာ ၁၉

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၀ ရက် ညနေပိုင်းတွင် ဗန်ကောက်မြို့ရှိ ရာဇမင်္ဂလာ အားကစားကွင်း၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါပိတ်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၀ ရက် မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲမှစတင်၍ MRTV HD Channel တွင် ည ၈ နာရီသတင်းမတိုင်မီအချိန်အထိ ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး MRTV Entertainment Channel၊ MRTV Sports Channel နှင့် MRTV NRC Channel တို့တွင် ဖွင့်ပွဲအခမ်းအနားပြီးသည်အထိ တစ်ဆက်တည်း ဆက်လက်ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။

သတင်းစဉ်

ယနေ့ ဖတ်စရာ

PDF အမည်ခံ အကြမ်းဖက်သမားများ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် ကန့်ဘလူမြို့နယ် ကန့်ဘလူ-စံပယ်နုံ့သာ ကားလမ်းပေါ်ရှိ သံကူကွန်ကရစ်တံတားအား လုံခြုံရေးတပ်ဖွဲ့များပါဝင်သော ပူးပေါင်းအဖွဲ့က ပြန်လည်ပြုပြင်ပြီးစီး

စာမျက်နှာ » ၁၄